www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်
တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး
ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး


လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ်
ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

အောင်မြင့် စာပေ

# လူမိ



အရေးယူမယ်ဆိုရင်
သွေးမပူခင် အရေးယူပါ
နှောင်ဆိုရင်
ငိုရှိုက်ချစ်က ပြေးထွက်ရာပါလိမ့်မယ်...။

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် ၅၀၀၆၉၁၀၆၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၂၂၀၉၁၁၊
**ထုတ်ဝေသူ**
ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့။
**ဖြန့်ချိရေး**
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊ ၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃
ဝိဇ္ဇာ
လူပို / ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ





# အခန်း(၁)

ပျို့မေ နာရီကို ကြည့်ပြီး နောက်ကျမှာ စိုးရိမ်နေသည်။ အိမ်ကထွက်ကတည်းက အရေးဆို လမ်းမှာ ပျက်ပြီ။ ဒီနေ့မှ သင်တန်းတက်ရမှာဆိုတော့ နောက်ကျမှာ စိတ်တထင့်ထင့်။ တွေ့ရာလိုင်းကား(ကားလေး)ကို တားစီးမိပြီးမှ တက္ကစီ မငှားမိတာ နောင်တရနေပါသည်။

ကားက ဘေးတန်းလူပြည့်နေပေမယ့် အလယ်မှာ ခွေးခြေနဲ့ ထိုင်နေတဲ့ တစ်နေရာစာက လွတ်နေလို့ စပယ်ယာက နောက်လူကို စောင့်ခေါ်နေတာကြောင့် ပျို့မေ စိတ်လည်း တိုမိကာ. . .

"မောင်းတော့လေရှင်. . . တကတည်း နောက်ကျပါတယ်ဆိုမှ"

စပယ်ယာကလည်း ပြုတ်သည်။ ပြုတ်တာမှ ဘလိတ်ဓါးထက် ထောင် ပြုတ်သေးသည်။ ရုပ်ကိုကတ ဂျပန်ကင်ပေတိုင်ရုပ်နဲ့။

"မောင်းချင်တာမှ ဖော်မြူလာဝမ်းထဲကလို မောင်းချင်တာ



www.burmeseclassic.com

www.burmeseclassic.com



အတွယ်လည်း မတင်ဘူး. . . စိတ်ချ၊ ဒီမှာ လူတစ်ယောက်စာအတွက် ခင်ဗျားပေးမလား"

"နှစ်ယောက်စာ ပေးမယ်. . . စိတ်ချ"

"ကြိုက်တယ်ဗျာ"

"ဘာပြောတယ်"

ကားပေါ်က လူတွေက ပြုံးစေ့စေ့။ သူမရဲ့ဒေါသသံကြောင့် စပယ်ယာက သူ့မျက်လုံးထဲမှာ (၅၁)လမ်းရုံးကို ပြေးမြင်ပုံရပါသည်။

"ဟို. . . ဟို. . . ပိုက်ဆံကို ပြောတာပါ၊ ကဲ. . . ကိုလေးရေ လူပို မတင်ဘူး မောင်းတော့"

ဒရိုင်ဘာက စပီကာတစ်ဆင့် ကြားပုံရပါသည်။

"စိတ်ချ တင်ကို၊ အလျင်လိုရင် ရင်ဖိုတဲ့အထိ မောင်းပြီဟေ့"

ဒရိုင်ဘာက ဇာတ်သမား သေလို့ ဝင်စားသလား အောင်းမေ့ရပါသည်။ ကားက ဝေါခနဲ ဗွီးခနဲ မှတ်တိုင်တစ်တိုင်ရောက်လို့ လူထပ်တင်မှာစိုးတာကြောင့် ပျိုမေ စပယ်ယာကို သတိပေးရပါသည်။

"လူပိုမတင်ဘူးနော်"

"စိတ်ချ အစ်မလေး၊ ကဲ. . . အစ်ကိုလေးရေ ဆွဲသာဆွဲ. . . ကဲသာကဲ. . . အဲလိုနေ"

စပယ်ယာက ဟစ်ဟော့လေးနဲ့ စကားလေးတွေ ပြစ်ဆော့လိုက်ပါသေးသည်။

"လူပိုမတင်ဘူးနော်"

စပယ်ယာကို သတိရတိုင်း ပြောရင်း နာရီက ကြည့်ရပါသေးသည်။

"လူပိုမတင်ဘူးနော်"

ရယ်သံတွေ ခပ်တိုးတိုးကြားရပေမယ့် ပျိုမေက ဂရုမစိုက်၊ မှတ်တိုင်တစ်ခု ရပ်တိုင်း. . .

"လူပိုမတင်ဘူးနော်"





"တောက်"

ပျိုမေက သူ့အာရုံနဲ့သူ။

"လူပိုမတင်ဘူး"

"ခင်ဗျားဘာဖြစ်နေတာလဲ"

"ဟေ့ကောင်"

ရုတ်တရက်မို့ ပျိုမေ ကြောင်သွားပါသည်။ ဘယ်သူ့ကို ပြောမှန်းသိတာကြောင့် ကြည့်မိတော့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ သူမအရွယ်လောက် လူတစ်ယောက်။ သူ့အဖော်နှစ်ယောက်က အဲဒီလူကို သတိပေးပေမယ့် အဲဒီလူက ဒေါသထွက်နေပါသည်။

"ရှင့်ကို ဘာပြောလို့လဲ၊ ဟဲ့. . . စပယ်ယာ လူပိုမတင်နဲ့နော်"

*သူမက စပယ်ယာကို ထပ်သတိပေးတော့ သူ့မျက်နှာချင်းဆိုင်* က မျက်နှာကြီး နီကာ. . .

"ခင်ဗျား. . . လုပ်ပြန်ပြီနော်"

အသားလွတ်ကြီး စိတ်တိုနေတဲ့ အဲဒီလူကြောင့် ပျိုမေလည်း ဒေါသထွက်လာကာ. . .

"ရှင့်ကို ဘာပြောလို့လဲ"

"ဟေ့ကောင်. . . သူ့အကြောင်းနဲ့သူပါကွာ"

ဘေးက အဖော်က တားပေမယ့်. . .

"သူ့အကြောင်းက ဘယ်မှာရှိရှိကွာ"

သူမ မျက်နှာ ရဲခနဲဖြစ်သွားကာ. . .

"ရှင် မမိုက်ရိုင်းနဲ့နော်"

"မင်းကရော ဘာလို့ စော်ကားလဲ"

"ဟာ. . . နေကြပါဦး၊ ဘာတွေဖြစ်နေတာလဲ"

စပယ်ယာနဲ့ ဘေးကလူတွေက တားသည်။ ပျိုမေလည်း တတ်တတ်လန် ရန်တွေ့နေတဲ့ အဲဒီလူကို မျက်စောင်းထိုးပြီး. . .

"အသားလွတ်ကြီး ဇာတ်လမ်းဆင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်လမ်းဆင်ကြတာတွေ လာမပြောနဲ့၊ ကျုပ်က ရုပ်ပြလည်း မရေးဘူး၊ ခင်ဗျားပါးစပ်ကို ပိတ်ထားပြီး ကားစီး"

"ဟဲ့. . . ငါ့ဘာသာ လူပိုမတင်နဲ့လို့ ပြောတာ နင့်ကို ထိခိုက်လို့ လားဟဲ့"

အဲဒီလူဘေးနားက အဖော်နှစ်ယောက်က ပြုံးစေ့စေ့။

"ထိခိုက်လို့ ပြောတာပေါ့. . . ဒီမှာကြည့်"

အဲဒီလူက သူ့အိတ်ကပ်ထဲက မှတ်ပုံတင်ကို ပေးတော့ သူ့မ နာခေါင်းရှုံ့ကာ. . .

"မှတ်ပုံတင် လာမပြနဲ့၊ ကျွန်မက မှတ်ပုံတင်ရုံးကလည်း မဟုတ် ဘူး၊ စည်ပင်စာရင်း လာစစ်နေတာလည် မဟုတ်ဘူး"

ပျိုမေစကားကြောင့် အဲဒီလူက. . .

"မင်းကို ငါ့ပုံကြည့်ပြီး စိတ်ကူးယဉ်ခိုင်းနေတာ မဟုတ်ဘူး၊ ငါ့နာမည်ကြည့်ခိုင်းတာ"

အဲဒီတော့မှ ပျိုမေ မှတ်ပုံတင်ကို ကြည့်ပြီး အသံထွက် ဖတ်မိပါ သည်။

"မောင်လူပို. . . ဟင်"

၅ ၅ ၅ ၅

ပျိုမေ ကားပေါ်မှ ဆင်းတော့ သူတို့ကလည်း လိုက်ဆင်းပါသည်။ ပျိုမေက စောင်းငန်းစောင်းငန်း ကြည့်ပြီး လမ်းခွဲတော့မှ အောင်သူနဲ့ ထွန်းမြင့်က အခုမှ လွတ်လွတ်လပ်လပ် ရယ်ပါတော့သည်။





"မင်းကတော့ ဖြစ်ကိုဖြစ်ရမယ် လူပို"

"အေးကွာ. . . ဒီနာမည်ကို ပေးတဲ့ အဖေနဲ့အမေပဲ အပြစ်တင်ရ တော့မယ်၊ ကဲ. . . သင်တန်းလည်း မမီတော့ဘူး၊ ဘာလုပ်မလဲ"

ထွန်းမြင့်က အရယ်မသတ်နိုင်သေးဘဲ. . .

"မထူးပါဘူးကွာ. . . လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်ပြီး ပြန်ရုံပေါ့"

ဒီကြားထဲ လက်ဖက်ရည်ဆိုင် သွားရာလမ်းမှာ လိုင်းကားတစ်စီး ပေါ်က စပယ်ယာက. . .

"မောင်း. . . ဆရာရေ၊ အတွယ်ပြည့် လူပိုမတင်တော့ဘူး"

အဲဒီအသံကြောင့် လူပို ပါးစပ်က မေတ္တာတွေ အတုံးလိုက် ပုံအောလိုက်သည်။ စပယ်ယာကတော့ မေတ္တာတွေ ဒဲ့မထိတောင် တွတ် လောက်တော့ ထိမှာ သေချာသည်။

"မင်းအဖေက မင်းကို ဘာဖြစ်လို့ လူပိုလို့ ပေးတာလဲ"

ထွန်းမြင့်အမေးကြောင့်. . .

"ဒီလိုပေါ့ ကျွမ်းပစ်ရာ"

ကျွန်တော်တို့ ထွန်းမြင့်ကို ကျွမ်းပစ်လို့ ခေါ်ပြီး အောင်သူကို ဘောင်ဒူ ဒါမှမဟုတ်ရင် ငဒူလို့ ခေါ်ကြသည်။ အချင်းချင်းတွေမို့ စိတ်ဆိုး လို့လည်းမရ။ ဒါပေမယ့် ကောင်မလေးတွေရှေ့ ရောက်ရင် မခေါ်ကြေးလို့ သွေးသစ္စာပြုထားကြသည်။

"ငါ့အဖေက လူကန့်လန့်ကွ"

"မင်းအဘွားတော့ တော်တော်ဒုက္ခရောက်မှာပဲ"

"ဟော့ကောင်. . . မနောက်နဲ့၊ ငါ့အဖေက တကယ့် လူ့ကန့်လန့် ကွ"

"ကဏန်းတွေလို ဘေးတိုက်ပေါ့၊ မင်းအမေ ညှပ်မိလား"

ငဒူက လှမ်းဖောက်တော့ ကျွန်တော်ကလည်း. . .

"မင်းကြီးဒေါ် မေးကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ငဒူ မျက်နှာရှုံ့မဲ့သွားသည်။

"ငါ့အဖေနာမည်က ဦးလူလေး၊ အမေနာမည်က ဒေါ်ပိုပိုဝင်း ဆိုတော့ လူပိုလို့ ပေးတာ၊ လောကမှာ ကြာဆံကုန် အင်္ဂတေလေးတဲ့ လူပိုတစ်ယောက် မဖြစ်အောင်တဲ့"

ဒီနှစ်ကောင်က ကျွန်တော်ပြောတဲ့ အဓိပ္ပါယ်ကြောင့် ရယ်သည်။

"ပထမ ပေးထားတဲ့ နာမည်က လူဝင်းတဲ့၊ ခေါ်ရင်းခေါ်ရင်း လူဝံလူဝံ ဖြစ်နေတော့ လူပိုလို့ ပေးလိုက်တာ"

ကျွန်တော့်စကားကြောင့် ထွန်းမြင့်က. . .

"တော်သေးတာပေါ့ကွာ. . . လူနောက်တို့ လူပြောင်တို့ မပေးတာ"

ငဒူကလည်း ထပ်မံဖြည့်ဆည်းပေးပါသည်။

"ပေးလို့ရပါတယ်"

"ဘယ်လိုနာမည်လဲ"

ငဒူက ခပ်တည်တည်နဲ့. . .

"လူသေတို့၊ လူပြက်တို့၊ လူတေမတို့. . တို့. . ."

ကျွန်တော် ငဒူကို ဆောင့်ကန်ရင်း. . .

"အဲ့ဒါ မင်းညီမနဲ့ငါနဲ့ ရလာတဲ့ကလေးကျမှ ပေးမယ်"

ငဒူ အပြုံးမပျက်ဘဲ အခုလို ပြောပါသည်။

"ငါ့ညီမနဲ့ ရတဲ့ကလေးကျရင် ပေးမယ့်နာမည်ရှိတယ်"

ကျွမ်းပစ်က ရယ်ကျဲကျဲနဲ့ အဆင်းဘီးတပ်သည်။

"ဘယ်လိုနာမည်လဲ"

"လူကန့်လန့်"

သုံးယောက်သား ရယ်မိကြပါသည်။

၍ ၍ ၍ ၍





"ဟော့. . . လူကြီးမပါဘူးလား၊ ကားတွေက ရှုပ်ကရှုပ်နဲ့ ကားလမ်းဘေးက ကပ်သွား"

ကျွန်တော်တို့ အိမ်ရှေ့အုတ်ခုံမှာ ထိုင်ရင်း အေးမိစံ လာတာမြင်တော့ ကျွန်တော်လှမ်းနောက်လိုက်သည်။

"မသာကောင်"

အေးမိစံရဲ့မေတ္တာစကားကြောင့် ရယ်ကြပါသည်။ အေးမိစံက ဗုဗုလုံးလုံးနဲ့မို့လို့ အခုလို စ,နောက်ခြင်းပါ။

"သြော်. . . ဘေးကြည့်ကန်ရယ်. . . အား. . . အေးမိစံရယ် ပြောတာ"

အေးမိစံက ဆွဲဆိတ်တော့ ကျွန်တော်ထပ်မစရဲတော့။ အေးမိစံက ငဒူရဲ့ချစ်သူ၊ ငဒူက သူ့ကောင်မလေးကို အခုလို ပြောပါသည်။

"ငါ့ရဲ့ချစ်သူ လိပ်နင်ဂျာလေးရယ် ကိုကိုဒူ"

အေးမိစံ ရှက်ရမ်း,ရမ်းပြီး သူ့လူ ငဒူကို လက်ထဲက စာအုပ်နဲ့ ရိုက်ရင်း အိမ်ဘက် ချောင်းကြည့်ရသေးသည်။

"အေး. . . နင့်ကို အခုလို လုပ်ချင်တာ ကြာပြီ. . ကဲဟယ်"

"ဟဲ့. . ."

ကျွန်တော်က မျက်လုံးပြူးပြူးတော့ အေးမိစံက မျက်နှာကြီး နီရဲသွား

"ဟဲ့. . . မသာတွေနော်. . . မယုတ်ပတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကတော့ အေးမိစံကို ကြည့်ပြီး တဟားဟား။ အေးမိစံက ကျွန်တော်တို့ကို မျက်စောင်းထိုးရင်း. . .

"နင်တို့ မနေ့က ငါ့သူငယ်ချင်းနဲ့ စကားများကြတယ်ဆို"

အေးမိစံ စကားကြောင့် သုံးယောက်သား အူကြောင်ကြောင်နဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း. . .

"နင့်သူငယ်ချင်းက ဘယ်သူလဲ"

အေးမိစံက မျက်စောင်းလေး အဆစ်ပေးရင်း. . .

"ပျိုပျိုမေ"

အေးမိစံ စကားကြောင့် သုံးယောက်သား သီချင်းဆိုမိကြသည်။

"ပျိုပျိုမေ ××× သိပ်ရှက်တယ်တဲ့ ×× သူက"

"ဟဲ့. . . အရူးတွေ"

"ဘာလဲ. . . အရူးရည်းစား"

အေးမိစံရဲ့လက်ဝါးက ဒေ့ဒူကျောပေါ် အုန်းခနဲ။

ဟိုကောင့်မျက်နှာ ရှုံ့မဲ့သွားသည်။

"လူပို. . . နင် စ,ဖြစ်တာဆို"

"ဘယ်သူလဲဟ. . . ငါ့အသိထဲမှာ ပျိုပျိုမေဆိုတာ မကြားဖူးဘူး။ ပျိုပျိုမေဆိုတာ အဆိုတော်ပေဒင်ရဲ့"

"ဗေဒင်ပါဟာ"

"အေးပါ. . . တွတ်ဖြစ်သွားလို့ပါ"

"ဘယ်လိုတွတ်တာလဲ. . . ဒွဲဝင်ရမှာ"

"နင်တို့နော်"

အေးမိစံက ရှေ့ဆက်မယ့်စကားတွေကို အနီကတ် ပြပါသည်။

"တကယ်ပြောတာ. . . နင်ပြောတဲ့ နင့်သူငယ်ချင်း ပျိုပျိုမေလည်း မသိဘူး၊ အပျိုလေးအမေလည်း မသိဘူး"

အေးမိစံက ကျွန်တော့်စကားကြောင့် ရယ်ရင်း. . .

"ဒါဆိုရင် လူပိုမတင်နဲ့နော်ဆို သိတာပေါ့"





"ဟမ်. . ."

ကျွန်တော်တို့ မျက်လုံးပြူးတော့ အေးမိစံက တဟားဟား။ ဒေ့ဒူက

"အပျိုလေးဖြစ်ပြီး ကြွေနေရရ ရယ်ပါဟာ၊ တော်ကြာ ငါသိက္ခာကျ ယယ်"

"ကဲဟာ"

"ဖုန်း"

ဒုတိယအကြိမ်မြောက် ဒေ့ဒူ ကျောကော့သွားပါသည်။ ဒေ့ဒူ ရှုံ့မဲ့မဲ့နဲ့

"နင်နဲ့ ရရင် ငါ့အဆုတ်ကွာမှာ သေချာတယ် ဘေးကြည့်ကန် ရယ်"

"နင်နဲ့ ရရင် ငါ နင့်အဆုတ်ကို ကော်နဲ့ ကပ်ပေးမယ်"

ဒေ့ဒူက စကားရှောဖောရောနဲ့. . .

"နင် ငါ့ကို အမြန်လက်ထပ်ချင်ပြီလား၊ စောပါသေးတယ် ဘေး ကြည့်၊ အောင်မလေးဟ. . . ဖြည်းဖြည်းလိမ်ပါ၊ လူမြင်ကွင်းကြီးမှာ. . . အား. . . ခါးကို ပြောတာ"

"ပြတ်သွားမယ်. . . ဘာမှတ်လဲ"

"ဘာကိုလဲ"

အေးမိစံ ကမန်းကတန်း ဖြေသည်။

"ခါး"

"ခါးပြီးတော့. . . အောင်မလေးဟ"

ကျွမ်းပစ် စကားသံ မဆုံးလိုက်ရ။ အေးမိစံလက်ထဲက စာအုပ်တ သူ့ခေါင်းကို ဖုန်းခနဲ။

"ဟဲ့. . . နင်နဲ့ စကားများတယ်ဆို"

"အေးပေါ့ဟ. . . ကားပေါ်မှာ ခဏခဏ လူပိုမတင်နဲ့နော် ခါခါတလဲလဲ ပြောနေတော့ ဒီကောင်မလေး ငါ့ကို ကြိုက်လို့ တမင် ချင်ဆင်တာ ထင်ပြီး စိတ်ဆိုးတာပေါ့"

"ဘာ. . . အောင်မာ. . . ငါ့သူငယ်ချင်းကများ နင့်ကို ကြိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



အားကြီးကြီး"

သူ့သူငယ်ချင်းကို ထိတော့ အေးမိစံက မခံချင်ပုံရသည်။ ငဒူက လည်း မှင်သေသေနဲ့. . .

"ဟုတ်တယ်ဟ. . . နင့်သူငယ်ချင်းက ငါတို့ကောင်ကိုများ ကြိုက် နေလား မသိဘူး၊ ပြစမ်း လူပို. . . လျှာထုတ်ပြ၊ မှန်း. . . မင်းခွာတွေ ခိုင်းလို့ကောင်းပါသေးတယ်"

ကျွန်တော် အမြင်ကတ်ကတ်နဲ့ ငဒူ့ကို ထိုင်နေတဲ့ခုံပေါ်က တွန်းချ တော့ အေးမိစံက ပျာပျာသလဲနဲ့. . .

"ဟဲ့. . . ငါ့ရည်းစားနုနုထွတ်ထွတ်လေးကို နင်မို့ လုပ်ရက်တယ်၊ ငဒူ ထ,လာခဲ့၊ ငါထူပေးမယ်"

ငဒူကလည်း ကြင်ကြင်နာနာ. . .

"ကန်းနာမ"

ဒီကောင်တွေအတွဲက အဲဒီလို။ ငယ်ငယ်ကတည်းက သူငယ်ချင်း မို့ နုနုရွရွ မရှိ။

"ပျိုမေတို့က ချမ်းသာတယ်ဟ"

"သြော်. . . သူ့အဖေက ရွှေမန်းသဘင်ဇာတ်ထဲက မင်းသား ချမ်းသာကို"

အေးမိစံက ရယ်သည်။

"သူမှာ စေ့စပ်ထားတဲ့လူ ရှိတယ်"

"ဘာ! သူ့ကို ဆေးစပ်ပေးတဲ့ဆရာဝန် ရှိတယ်"

အေးမိစံက ဒီတစ်ခါ မျက်စောင်းထိုးသည်။

"အဲဒီလူနာမည်က ကို 'Aမောင်ကြီး' တဲ့"

"ဟာ. . . ရွှေခေတ်က ဘောလုံးသမား နာမည်ကြီး"

ဟုတ်လည်း ဟုတ်နေတာကြောင့် ဟိုကောင်တွေပါ အူလည်လည် ဒီကြားထဲ ငတုံးမက. . .

"ရွှေခေတ်ကဆိုတော့ ပုဂံခေတ်ထက် စောလား"





ငဒူက အစွဲ့တိုက်ပြီး. . .

"ရွှေခေတ်ဆိုတာ ဈေးထဲက ခေတ်ရွှေ ရွှေဆိုင်ကို ပြောတာဟ"

"သြော်. . . ကိုAမောင်ကြီးတို့နဲ့ အဲဒီဆိုင်က အမျိုးတွေကိုး"

ကျွမ်းပြစ်က တစ်ဖက်လှည့်ရယ်သည်။

"အဲဒီကိုAမောင်ကြီးက နိုင်ငံခြား သွားတယ်ဟ"

"ဖင်လန်သွားရင်တော့ အေးမှာပဲ၊ ဆောင်းရာသီဆိုတော့"

အေးမိစံက ဘေးကြည့်မကန်ပါဘူး၊ ကျွန်တော့်ကို တည့်တည့်ကန် ပါသည်။

"ဟဲ့. . . ဖောင်းဘောနော်"

ငဒူက စပ်ဖြီးဖြီးနဲ့. . .

"ဝိစီမမှတ်သေးဘူး. . . စွတ်မကန်နဲ့"

"ခွေးကောင်တွေ"

ကျွန်တော်က ဒီမှုခုမှ ~~ကိုရကာ. . .

"နေပါဦး အေးမိစံရယ်၊ နင်က ဘာလို့ အပျိုလေးအ- အကြောင်း လာပြောနေရတာလဲ"

"နင်မသိဘူးလား. . . ပျိုမေက တို့ကျောင်းထဲကပဲလေ"

"ငါမသိဘူး"

"ကောင်းရော ဒူဒူ၊ နင့်သူငယ်ချင်းကို အရန်အသင်းထဲ ပို့သင့်ပြီ"

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ မိန်းကလေးဆိုလို့ အေးမိစံက လွဲပြီး စေ့စေ့ကြည့်ဖူးသည်မဟုတ်။ မိစံက ဆက်ပြောသည်။

"အဲဒါ. . . သူပြောလိုက်တဲ့ လူပိုဆိုလို့ နင်ပဲဖြစ်ရမယ်ဆိုတာ၊ အေး. . . သူကလည်း နင့်ကို တစ်ခါမှ မမြင်ဖူးဘူးတဲ့"

ဆရာပဠမ်ဒီရိုင်း ပြောသလိုပေါ့။ ဒါမျိုးကြီးလည်း ဖြစ်တတ်ပါ တယ်ပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



အပျိုလေးလို
အပိုပေးပါလားကွယ်
အံမါ ...
မအိုဆေးလေ ...။



## အခန်း(၂)

ပျိုမေ ကော်ရစ်ဒါမှာ လူပိုကို တွေ့ကတည်းက မျက်နှာလေး ပုပ်သိုးနေပြီ။ ငဒူက လူပိုကို ခပ်တိုးတိုး ပြောသည်။

"ပုပ်သိုးနေပြီ လူပို၊ အနံ့မကောင်းဘူး. . . လွှင့်ပစ်ရမယ်နဲ့ တူတယ်"

"နွားညောစရာကြီးကွာ"

ပြောပြီး သုံးယောက်သား ကြိတ်ရယ်မိကြသည်။ အေးမိစံက ပြဿနာ မဖြစ်စေချင်လို့ မစဖို့ မျက်လုံးကြီး ပြူးပြီး သတိပေးတော့ ဘွမ်းပစ်က ငဒူကို ရည်ရွယ်ပြီး ပြောသည်။

"ငဒူ ဘေးကြည့်ကန်ကို ကြည့်စမ်း၊ လိပ်နင်ဂျာကနေ့ အားခုံညင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ"

"ဟား. . ဟား. . ဟား"

ကျွန်တော်တို့ အေးမိစံကို ကြည့်ပြီး ရယ်တော့ ပျိုပျိုမေက မျက်စောင်းထိုးသည်။ ပြီးတော့ သုံးယောက်သား ခေါင်းချင်းဆိုင်လိုက်ကြသည်။ ပျိုပျိုမေ သူတို့ရှေ့က ဖြတ်အလျှောက်. . .

"ပျိုပျိုမေ"

သုံးယောက်သား ပြိုင်တူခေါ်သံကြောင့် ပျိုပျိုမေ ခြေလှမ်းရပ်သွားပြီး လှည့်အကြည့် သူတို့က ဟိုကြည့်သည်ကြည့်နဲ့. . .

" xxx သိပ်ကြောက်တယ်တဲ့ xx သူက. . ."

"တောက်"

ပျိုပျိုမေ ခြေဆောင့်ထွက်သွားတော့မှ သူတို့က ဆက်အော်ပြန်သည်။

"လှုပို လှုပို. . . အပျိုလိုချင်ရင် ခေါင်းညိတ်"

ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထွက်သွားတဲ့ ပျိုပျိုမေနောက်ကို အေးမိစံက ကမန်းကတန်း ပြေးလိုက်သွားရင်း. . .

"ဟဲ့. . . ပျိုမေ၊ ဟဲ့. . . နေဦးလေ၊ ဟာ. . . ဒီကောင်တွေတော့ လုပ်ချပြန်ပြီ"

အခန်းထဲ ရောက်တဲ့အထိ ပျိုမေ စိတ်မပြေသေး။

"တောက်. . . မျက်နှာရှူး၊ အကြောပြတ်. . . အရှက်မရှိတဲ့ဟာတွေ"

အေးမိစံက လှုငယ်ပီပီ ဖျောင်းဖျပါသေးသည်။

"သူတို့က ပျော်တတ်တာပါဟယ်၊ ခင်ဖို့ကောင်းပါတယ်တဲ့"

ပျိုမေ အေးမိစံကို မျက်စောင်းထိုးလိုက်ရင်း. . .

"ဩော်. . . နင့်ရည်းစား ပါတော့ နင်က အကောင်းတွေးမှာပေါ့"

ပျိုမေရဲ့စူပုပ်ပုပ်မျက်နှာနဲ့လေသံကြောင့် အေးမိစံက တဟိဟိ ရယ်သည်။





"အေးမိစံနော်. . . ရယ်မနေနဲ့၊ ငါ အဲဒီလှုပိုဆိုတဲ့ကောင်ကို ကြည့်လို့ကိုမရဘူး"

"ပါဝါနည်းလို့ နေမှာပေါ့"

"မိစံ"

ပျိုမေ အေးမိစံကို ဆွဲဆိတ်သည်။

"ဟဲ့. . . ရှက်ရမ်း,ရမ်းပြီး ငါ့လာဆွဲမဆိတ်နဲ့၊ နင့် ကို A မောင်ကြီး လာမှ ဆွဲဆိတ်"

"တော်ပါဟာ. . . အဲ့ဒီလှုအကြောင်း မပြောစမ်းပါနဲ့. . . စိတ်ပျက်လို့ပါ"

"ဒါဆို စိတ်မပျက်တဲ့တစ်ယောက်ကို ရှာပေါ့ဟာ"

"တော်စမ်းပါ"

အေးမိစံက ပြုံးစေ့စေ့နဲ့. . .

"ဒါဆိုရင် အပျိုလေးအတွက် မအိုဆေး ရှာရအောင် လှုပိုလေးကို ကြိုက်လိုက်ပါလား"

"မိစံနော်. . . ဘာဖြစ်နေတာလဲ"

မိစံနဲ့ပျိုမေ တွတ်ထိုးနေသလို ဆရာမလာခင် ငဒူတစ်ယောက် စာအုပ်တစ်အုပ်နဲ့ အလုပ်ရှုပ်နေပါသည်။ ဒါကို ကျွမ်းပစ်နဲ့ စကားကောင်းနေတဲ့ လှုပိုက သတိထားမိပြီး. . .

"ဟေ့ကောင်. . . ဘာလုပ်နေတာလဲ"

ငဒူက စိတ်လျှော့လိုက်ဟန်ဖြင့်. . .

"ဟူး. . . ဘာရေးရမှန်းတောင် မသိဘူး"

"ဘာဖြစ်လို့လဲ"

ငဒူ စာအုပ်ကိုပိတ်ရင်း. . .

"ဘေးကြည့်ကန် ဘာအရှုထမှန်း မသိပါဘူးကွာ၊ နင်တွေငါတွေဆဲ ဆိုငယ်ချင်းလို ပြောနေရတာ ဖီလင်အောက်တယ်တဲ့၊ ကိုကိုတွေ အသည်းလေးတွေ ပြောဖို့ကျတော့လည်း နှုတ်မရဲဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းရည်းစား နှုတ်သီးကို ဆေးနီသုတ်ပေးလိုက်ပေါ့"

လူပိုစကားကြောင့် ကျွန်းပစ်က တဟိဟိ။ ငဒူက နှာမှုတ်သံကြီးဖြင့်. . .

"ဟော့ကောင်တွေ. . . ဘာရေးရမှန်း မသိလို့ စိတ်ညစ်နေတာနော်"

"ပြပါဦး"

လူပို စာအုပ်ကို ယူပြီး ဖွင့်ကြည့်တော့ အေးမိစံရဲ့လက်ရေးမှန်း သိလိုက်သည်။

"ဩော်. . . တစ်ယောက်တစ်လှည့်စီ ရေးတာကိုး"

"အေး. . ."

လူပိုနဲ့ကျွန်းပြစ် မိစံ ရေးထားတာလေးတွေကို ခေါင်းချင်းဆိုင်ပြီး ဖတ်ကြည့်ပါသည်။

"ဒူဒူ. . . တစ်ခါတစ်လေကျတော့လည်း ဒူဒူနဲ့စံစံ ရုပ်ရှင်တွေထဲတလို ပန်းခြံထဲမှာ ဒန်းလေးစီး သီချင်းလေး ဆိုပြီး နေရရင် ပျော်စရာကောင်းမှာပဲနော်"

"အလဲ့. . . ဘေးကြည့်ကန်ကတော့ ဟတ်ထိအောင် မှန်လိုက်တဲ့စကားလုံးနဲ့ကွ"

ဆက်ဖတ်ကြည့်တော့ အနုအရွ အလှအပ စကားလုံးတွေ ပလုံစီနေပါသည်။ စာဆုံးအောင် ဖတ်ပြီးတော့. . .

"ကဲ. . . ငဒူ၊ မင်းမအူနဲ့တော့"

"အောင်မာ. . . ငါက အူရအောင် ခွေးမှ မဟုတ်တာ"

"ဟော့ကောင်. . . မင်းအတွက် ငါရေးပေးမယ် ပြောတာ"

ငဒူ စိုးရိမ်စိတ်နဲ့. . .

"ဖြစ်ပါ့မလားကွာ"

လူပိုက အပိုင်ပါဆိုတဲ့ မျက်နှာပေးနဲ့. . .

"ဖြစ်တာမှ သိပ်သိပ်ဖြစ်၊ မင်းလက်ရေးနဲ့ ငါ့လက်ရေးကို မိစံ





မခွဲတတ်ပါဘူး. . . ခပ်ဆင်ဆင်ပဲဟာကို"

လူပို့စကားကြောင့် ငဒူ စဉ်းစားရင်း. . .

"ဟုတ်တော့ ဟုတ်တယ်ကွ. . . ချကွာ"

ဒီလိုနဲ့ ကုပ်ကုပ်,ကုပ်ကုပ်နဲ့ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ရေးကြပါသည်။ သင်တန်းပြီး အပေါက်ဝမှာ ဆုံတော့ ငဒူက အေးမိစံကို စာအုပ်ပေးပါသည်။

"ရေးပြီးပြီလား"

ငဒူ ခပ်တိုးတိုး ပြောသည်။

"စိတ်ချ. . . သိပ်လှတဲ့စကားလုံးတွေနဲ့ အိပ်မရအောင် ဖြစ်သွားမယ် စံစံ"

အေးမိစံက တခိခိနဲ့ ကြိတ်ပြီးအူမြူးသွားသည်။ ငဒူ ထွက်သွားတော့ ပျို့မေက. . .

"ဟဲ့. . . ဘာတွေလဲ"

"လာ. . လာ. . မပြန်ခင် လက်ဖက်ရည်ဆိုင် သွားရအောင်၊ ဗိုက်ဆာနေပြီ"

ပျို့ပျို့မေလည်း ဗိုက်ဆာနေတာကြောင့် အနီးဆုံး လက်ဖက်ရည်ဆိုင်ကို ချီတက်ကြပါသည်။

ဆိုင်ရောက်တော့ လက်ဖက်ရည်နဲ့မုန့် မှာစားကြရင်း. . .

"ဟဲ့. . . နင့်ငဒူ ခုန စာအုပ်ပေးပြီး ပြောတာ ဘာရည်ရွယ်ချက်လဲ"

ပျို့မေ စကားကြောင့် အေးမိစံက ရှက်သလိုလိုနဲ့. . .

"ဟိုလေဟာ"

အေးမိစံ စကားကြောင့် ပျို့မေ မျက်စောင်းထိုးရင်း. . .

"ပုံစံက ဘာဖြစ်နေတာလဲ"

"ရှက်နေတာလေဟယ်"

"နင့်ပုံစံက ရှက်တဲ့ပုံ မပေါက်ဘူး၊ ငတ်တဲ့ပုံ ပေါက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမ"

ပျိုမေက ရယ်သည်။

"ဒီလိုဟာ. . . ငါတို့က ငယ်ငယ်ကတည်းက သူငယ်ချင်းဆိုတော့ ဟို. . ရည်းစားဖြစ်တော့ အခေါ်အပြောက နဂိုအတိုင်းပဲ ပြောတော့ ဖီလင်အောက်တာပေါ့"

ပျိုမေက ရယ်သည်။

"ဒီတော့ဟာ. . . ပါးစပ်က နုနုရွရွ ပြောဖို့ကလည်း မဖြစ်ပြန်၊ အဲဒါကြောင့် စာအုပ်တစ်အုပ် ထားတယ်၊ သူရေးလိုက် ငါရေးလိုက်နဲ့၊ စာအုပ်ထဲမှာ ကိုယ်ပြောချင်သလို ပွင့်ပွင့်လင်းလင်း ရေးကြတာ"

"ပြစမ်းပါဦး စာအုပ်"

အေးမိစံက စာအုပ်ထုတ်ပေးပါသည်။ ပျိုမေက အသံထွက်အောင် ဖတ်ကြည့်သည်။

(စံစံ မှန်မှန်ကန်ကန် ပြောရရင် ကြံကြံဖန်ဖန် တွေးတတ်သူလို့ မခန့်ပါနဲ့၊ ဖရဲသီးဟာ အမြင်စိမ်းပေမယ့် သူ့အသွေးသားက နီတာရဲလေးပါ၊ ဒူဒူအချစ်ကလည်း အဲဒီလိုပါပဲ စံစံ။)

(စံစံ. . . ဂျိုးတစ်ကောင်ကို ကြော်စားကြည့်ဖူးလား။ အတော်အရသာရှိတဲ့ ဂျိုးကင်ဟာ ညိုမည်းမည်းအသွေးနဲ့ ကိုယ်တို့အသည်းစွဲလေးပေါ့. . . )

ကိုယ်လည်း အဲဒီလိုပါပဲ စံစံ. . . ညိုမည်းမည်းပါပဲ။ (မှတ်ချက် ဒူဒူ အသားအရည်ဖြစ်သည်) ဒါပေမယ့် အချစ်က ဖြူစင်ပါတယ်လို့ မပြောချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အချစ်ဆိုတာ အဖြူရောင်ရှိလား၊ အမည်းရောင်ရှိလား ကိုယ်မှ မသိတာ။

စံစံပြောသလို စံစံနဲ့ဒူဒူ သာယာလှပတဲ့ပန်းခြံထဲက ဒန်းလေးတစ်ခုမှာ နှစ်ယောက်အတူစီးပြီး ရုပ်ရှင်ကားထဲကလို သီချင်းဆိုချင်တယ်ဆို. . . ကိုယ့်ရဲ့အချစ်ကြောင့် ဖြစ်ရတာပေါ့ စံစံ)

စာဆုံးတော့ ရုပ်ပုံတစ်ခု ပါလာပါသည်။ သစ်ကိုင်းပုံတစ်ခု ကြိုး





နှစ်ချောင်းနဲ့ ဒန်းပုံတစ်ခု။ ပြီးတော့ ဝလုံးနှစ်လုံးကို တုတ်ချောင်းနဲ့ ဆက်ထားပြီး ဘေးက မြားဆွဲပြပြီး ဒါ. . စံစံ၊ ဒါ. . ဒူဒူတဲ့။ ပြီးတော့ ကလေးတွေဆွဲသလို ပန်းပွင့်လေးငါးခုကို ဆွဲထားပြီး မြားဖြင့် ပန်းခြံလို့ ရေးထားပါတယ်။

ပျိုမေ မအောင့်အည်းနိုင်တော့ဘဲ တဟားဟား အော်ရယ်ပါတော့သည်။

"ဟား. . . ဟား. . . နင့်ကောင်က တကယ့်ငလောင်ပဲ မိစံ"

အေးမိစံ နှုတ်ခမ်းကြီး ထူပြီး. . .

"ဒီမှာ ကျန်သေးတယ်. . . ကြည့်ဦး"

အေးမိစံ ပြရာကို ကြည့်တော့ မျဉ်းကြောင်းလေးကြောင်းကို ညီညီညာညာ လှိုင်းလို ဆွဲထားပြီး အဲဒီမျဉ်းကြောင်းတွေကို သီချင်းလို့ ပြသထားပါသည်။ မျဉ်းကြောင်းထဲက စာသားတွေက. . .

(ဒူမာဂျာလေ. . . ဒူမာဂျာလေ. . . ဒူမာဂျာလေ. . . )

ပြီးတော့ ပုံရဲ့အောက်ခြေမှာ အခုလို ရေးထားပါသည်။

"စံစံ ကံကောင်းတယ်၊ အဲဒါ အကောင်းဆုံး အိန္ဒိယကားထဲက သီချင်းပါ၊ စံစံရဲ့အိမ်ရှေ့မင်းသား ဒူဒူ"

စာဆုံးအောင် ဖတ်ပြီးတော့ ပျိုမေ အူလှိုက်သည်းလှိုက်ကြီးကို ရယ်မိပါသည်။ အေးမိစံကတော့ ရယ်ရအခက် မရယ်ရအခက်ကြီးကို ဖြစ်လို့. . ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရဲ့တစ်နေရာ ကားတစ်စီးအနားမှာ A မောင်ကြီး နောက်ပြန်တံတောင်ဆစ်နဲ့ ထောက်ကာ စတိုင်နဲ့မလိုင်နဲ့ လုပ်နေပါသည်။ ပျိုမေ့အမေ ဒေါ်မေမိုးက ပျိုမေ သင်တန်းသွားသည်ဆိုလို့ လိပ်စာမေးပြီး လိုက်လာခဲ့ခြင်းဖြစ်ပါသည်။

သင်တန်းတွေက များသား။ ပျိုမေ ဘယ်သင်တန်းမှာ တက်လဲ သူ မမေးမိတာ သူ့ကိုယ်သူ နောင်တရနေမိသည်။ လှေကားကျဉ်းကျဉ်း လေးရဲ့ထိပ်ဝမှာ သင်တန်းပေါင်းစုံရဲ့ တည်နေရာ မြေပုံအညွှန်းတွေက သူ့ခေါင်းကို နောက်စေပါသည်။ လက်ထောက်နေရာမှ လက်ကို ပြန်ရုပ်ရင်း အိတ်ထဲက ဆေးလိပ်ဘူးကို ထုတ်ကာ တစ်လိပ်ကို ပါးစပ်မှာ တေ့ပြီး အနားက ဖြတ်သွားတဲ့ လူပိုအား. . .

"ကောင်လေး. . . တစ်ဆိတ်"

လူပိုခေါ်သံကြောင့် လှည့်ကြည့်တော့ နှစ်ဆယ်ဝန်းကျင် အဝတ်အစားနဲ့ လေးဆယ်နီးပါးမျက်နှာ တပ်ထားတဲ့တစ်ယောက် လေယူလေသိမ်းက ထန်းပင်ပေါ်မှာ ထန်းရည်သောက်ပြီး သေးပေါက်သလို၊





အထက်စီးဆန်ဆန်ပုံစံက ကားအကြိတ်ခံရတဲ့ မျောက်သေကို ရွှေရည်စိမ်ထားသလို။

"ကျွန်တော့်ကို ခေါ်တာလား"

A မောင်ကြီးကလည်း. . .

"အိုခေ. . . မင်းကို ခေါ်တာ"

ပြောပြီး စတိုင်နဲ့ လက်ပြန်ထောက်ဖို့ တံတောင်ဆစ်နှစ်ဖက်ကို အားဘောဘောင်ဆီကို အတင်. . .

"ဟ. . . လုပ်ကြပါဦး"

လူပို မသိမသာ နောက်ဆုတ်ထွက်သွားတဲ့ကားကို ခုနတည်းက မြင်ပြီးသား။ မမြင်ရှာသူက နှစ်ဆယ်နဲ့လေးဆယ် ပေါင်းထားတဲ့ ခြောက်ဆယ် လူသား။ ထိုသူ အားလွန်ပြီး ပြုတ်ကျသွားတာကြောင့် လူပို ထူထူထောင်ထောင်ဖြစ်အောင် တွဲထူပေးလိုက်ရသေးသည်။

"တောက်. . . ခုန ငါ့နောက်မှာ ကားရှိပါတယ်ကွ"

"အခု မရှိတော့ဘူးလေ"

ရှုံ့မဲ့မဲ့နဲ့ ပြန်ထရင်း ဆိုင်းဘုတ်တွေကို ကြည့်ကာ. . .

"ဒီအပေါ်မှာ သင်တန်းရှိလား"

လူပိုကလည်း. . .

"တင်သန်းတော့ မသိဘူး အစ်ကို၊ သန်းတင်တော့ ရှိတယ်၊ သူက အနေ့သန်းတင်တဲ့"

"ဟာ. . . မင်းက ဘာပြောတာလဲ"

"ဟင်. . . အစ်ကိုမေးတာ သန်းတင်ဆိုတဲ့လူကို မဟုတ်ဘူးလား"

"ဟာကွာ. . . စိတ်ပျက်စရာကွာ၊ ဟော. . . ဟိုမှာ"

"ဘာလဲ. . . ကိုသန်းတင်လား"

"ဘယ်ကလာ. . . ပျို"

"ဟင်. . . ဘာပြိုတာလဲ"

လူပိုစကားနဲ့ A မောင်ကြီးစကားက အတွဲမညီတဲ့ တိုက်စင်များတွေ



www.burmeseclassic.com

www.burmeseclassic.com



လို။

"ဟာ. . . မင်းက တမျောင့်ကွာ၊ ငါ. . ငါလာရှာတဲ့ ပျိုပျိုမေ ဟိုမှာ. . . ပျိုပျိုမေ"

လူပို နောက်လှည့်ကြည့်တော့ အေးမိစံနဲ့ ပျိုပျိုမေ သူတို့ဆီ လျှောက်လာနေတာ တွေ့ရသည်။

"ဩော်. . . ကို A မောင်ကြီး ဘယ်တုန်းက ပြန်ရောက်လဲ"

A မောင်ကြီးဆိုတဲ့ လေးဆယ်နှစ်ဆယ် ပေါင်းထားတဲ့ ရုပ်ခန္ဓာက

"ဟဲဟဲ. . . ရောက်ရောက်ချင်း ဒီကိုတန်းလာတာ"

အေးမိစံက A မောင်ကြီးဆိုတဲ့သူကို တအံ့တဩ ငေးကြည့်ရင်း လူပိုကို မေးသည်။

"ဟဲ့. . . နင်နဲ့ဒီဘကြီးက သိလို့လား"

အေးမိစံ စကားကြောင့် A မောင်ကြီးမျက်နှာ နဂို မီးသွေးခဲလို မည်းရတဲ့အထဲ ရေနံချေးနဲ့ ထပ်လောင်းခံရသလိုပါပဲ။

"ဟာ. . . မိုက်ရိုင်းလှချည့်. . ဟင်"

အေးမိစံက ပျာပျာသလဲနဲ့ လက်အုပ်ချီပြီး. . .

"ဟာ. . . ကန်တော့ အန်ကယ်"

A မောင်ကြီး ဆွေ့ဆွေ့ခုန်ချင်နေပါသည်။ ဒါပေမယ့် ဆွေ့ဆွေ့ ခုန်လို့က မဖြစ်၊ သူဝတ်ထားတဲ့ဘောင်းဘီက ချောင်နေသည်လေ။

လူပိုက မသိနားမလည်လို့ မေးလိုက်မိသည်။

"အစ်ကိုကြီးနာမည်က A မောင်ကြီးဆိုရင် အစ်ကို့ညီက B မောင်ကြီးဖြစ်မယ်"

အေးမိစံကလည်း အားရဝမ်းသာနဲ့. . .

"ဒါဆို. . . နောက် C မောင်ကြီးတို့ D မောင်ကြီးတို့လည်း ရှိမှာပေါ့၊ တကယ်လို့ ညီမရှိရင်ရော"

လူပိုက စဉ်းစားရင်း. . .

"အင်း. . . မိန်းကလေးဆိုရင်တော့ G မကြီး ဖြစ်မှာပေါ့"





လူပိုတို့ရဲ့ဆုံးဖြတ်မှုတွေကြောင့် A မောင်ကြီး စိတ်ပျက်လာပြီး. .

"ဟာ. . . ဘာတွေပြောနေကြတာလဲ၊ A မောင်ကြီးဆိုတာ ကျုပ်အဖေက (အေဝမ်း)သွင်းကုန်ထုတ်ကုန် ထောင်ထားလို့ကွ"

A မောင်ကြီးရဲ့ဒေါသသံစကားကြောင့် အေးမိစံက စဉ်းစားရင်း ခွန်ချိန်ဆဆ ပြောသော်လည်း. . .

"အင်း. . . (အေဝမ်း)မို့လို့ပဲ၊ တော်ကြာ ဘီဝမ်း သွင်းကုန် ထုတ်ကုန်ဆိုရင် သွားပြီ"

ပျိုပျိုမေ သူတို့စကားကြောင့် ကြိတ်ရယ်မိကြသည်။

"တော်ပြီကွာ. . . နောက်မှပဲ အိမ်မှာ လာတွေ့တော့မယ်။ ဒီလူတွေနဲ့ စကားပြောရတာ စိတ်ပျက်တယ်"

ပြောပြီး လှည့်အထွက်. . .

"ဒုန်း"

"အား. . . သေပါပြီဗျ"

ခုန ထွက်သွားသောကားက သူနိုးခြေလှမ်းနဲ့ ပြန်ရောက်နေတာကို A မောင်ကြီး သိပုံမရ၊ ကားဘောနပ်နဲ့ တိုက်မိပြီး လဲကျသွားတာကြောင့် လူပို ထူထူထောင်ထောင်ဖြစ်အောင် ပြန်ဆွဲထူပေးရသည်။ ပျိုပျိုမေက အေးမိစံကို အသာလက်တို့ကာ လစ်ထွက်သွားပါသည်။

"အခြေအနေ ဘယ်လိုလဲ ကိုအေမောင်ကြီး"

"ရေချိန်ကိုက်သွားသလိုပဲ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောပြတော့ ဟိုကောင်တွေက တသောသောနဲ့ ရယ်သည်။ အေးမိစံက လက်ဖက်သုတ်တစ်ဇွန်း ယူစားရင်း. . .

"ပျိုပျိုမေက အဲဒီလူကြီးကို သိပ်ကြည့်လို့ရတာမဟုတ်ဘူးဟ၊ သူ့အမေကြောင့်သာ အလိုက်အထိုက် ပြောနေရတာ"

"ဒီလူက ဘယ်ကပြန်လာတာလဲ"

လူပိုအမေးကြောင့် အေးမိစံက ခေါင်းခါရင်း. . .

"မသိပါဘူးဟယ်. . . နိုင်ငံခြားက ပြန်လာတာပဲ သိတာ"

"ပါကစ္စတန်မှာ ကျည်ခွံကောက်ပြီး သံဈေးမှာ သွင်းတာနေမှာပေါ့"

"ဖြစ်နိုင်တယ်. . . သူ့အသားအရေကို ကြည့်ပါလား၊ မီးခိုးရောင်ပေါက်နေတာ"

တစ်ယောက်တစ်ပေါက် ဝေဖန်တော့ ငဒူက ပြုံးစေ့စေ့နဲ့. . .

"အပျိုကို လူပျိုပိုးတာ မဆန်းပါဘူး"

ငဒူရဲ့စကားအဓိပ္ပာယ်ကို အေးမိစံက သိသည်။

"အပျိုကို လူပျိုပိုးတာ မဆန်းပေမယ့် ပျိုပျိုကို လူပို ပိုးတာက ဖြစ်သင့်ပါတယ်"

လူပိုက ပခုံးတွန့်ပြရင်း. . .





"နင်တို့အပျိုက ပိုပါလို့လား"

အေးမိစံက အထိတ်တလန့်နဲ့. . .

"ဟဲ့. . . ဘာလဲ"

"ငါ့အတွက် အချစ်ကို ပြောတာပါ"

"တော်သေးတာပေါ့"

အေးမိစံက ရင်ဘတ်ဖိသည်။ ထွန်းမြင့်က ခေါင်းခါရင်း. . .

"မပေါ့နဲ့ဦး. . . မင်းပြောတဲ့ လေးဆယ်နှစ်ဆယ်ရုပ်နဲ့ ပုဂ္ဂိုလ်က ပျိုပျိုမေကို ကိုကိုရေ ခေါ်ခိုင်းချင်နေတာ၊ သတိထားဦး လူပို"

"A မိချောင်းကို"

"A မောင်ကြီးပါ"

အားလုံးက အော်တော့ လူပို စပ်ဖြဲဖြဲနဲ့. . .

"ဆောရီး. . . မင်းတို့ပြောတဲ့ A မောင်ကြီးက အန်လပ်ကီးကြီးပါဘွား၊ A မောင်ကြီး ရှိနေသမျှ ငါ့အတွက် ကံကောင်းလေပဲ"

"ဘာဖြစ်လို့"

အေးမိစံအမေးကြောင့် လူပိုက ပိုင်နိုင်တဲ့လေနဲ့. . .

"အရှူးနဲ့ငမူး ပေါင်းထားတဲ့ပုံစံကို ပျိုပျိုမေ မပြောနဲ့၊ အသက်ကိုးဆယ်ကျော်နေတဲ့ အဘွားကြီးတောင် ကြိုက်မှာမဟုတ်ဘူး"

"နင့်ကိုတော့ ကြိုက်မယ်ပေါ့"

အေးမိစံ နှာခေါင်းရှုံ့ရင်း ပြောတော့. . .

"ကြိုက်မကြိုက်တော့ မသိဘူး၊ ပိုလွယ်တာတော့ သေချာတယ်"

ထွန်းမြင့်က ခေါင်းတညိတ်ညိတ်နဲ့. . .

"အင်း. . . ပျိုပျိုနဲ့ပိုပိုရဲ့ အချစ်ကံစမ်းပွဲကတော့ ပဝါမကူ ရေမရှူတမ်း တွေ့ကြမယ့် စူပါဆန်းဒေးရဲ့ဒါဘီပွဲပဲပေါ့"

လူပိုကတော့ ခြေစွမ်းခြေစ ပြဖို့ အကွက်ချောင်းနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . အေမောင်ကြီးကို ဘယ်လိုမြင်လဲ"

သူမ မေမေ့ဘေးမှာ ထိုင်ပြီး နေကြာစေ့ကို ခွာစားနေရင်း မာမီက မေးသည်။

"မာမီ့လူကြီးက ဈေးပေါင်ကျိုးချိန်နဲ့ တူတယ်"

"ဟဲ့. . . ဘာကြီး"

"ဟုတ်တယ်လေ. . . ဈေးပေါင်ကျိုးချိန်ဆို ဘယ်မှာ အသားကောင်း ငါးကောင်း ရှိတော့မလဲ၊ အသက်က မလတ်တော့ဘဲ ရေဝေးကပ်နေပြီ"

"တယ်. . . ဒီကောင်မလေး၊ ဒါ မာမီ့ကို ပြောရမယ့်စကားလား"

သူမက လျှာတစ်လစ် ထုတ်ပြရင်း. . .

"ပြောရမယ့်စကားလေ. . . အိမ်ထောင်ပြု ဘုရားတည်ဆိုတာ ပြန်ပြင်လို့ရတာမှ မဟုတ်တာ"

"ဩော်. . . သမီးရယ်၊ သူက ကျိုကျိုတက် ချမ်းသာတယ်လေ"

"ဩော်. . . မာမီရယ်၊ သူက ကျလိကျလိတက် ရုပ်ဆိုးတယ်လေ"





"သမီးရယ်. . တုတ်ထိုး. . အဲလေ. . ရုပ်ဆိုးတာ ပြဿနာမှ မဟုတ်တာ"

"ရုပ်ဆိုးတာ ပြဿနာမဟုတ်ပေမယ့် ဘာဘူကြီးနဲ့ တွဲပြီး လူပုံအလယ်မှာ တွဲပြရမှာ၊ ပတ်ဝန်းကျင်မျက်လုံးကို ဘယ်လိုအပြုံးနဲ့ မာမီ့သမီးက ဘယ်လိုရင်ဆိုင်ရမှာလဲ မာမီ"

ဒေါ်မေမိုး သမီးစကားကြောင့် စိတ်တိုတိုနဲ့. . .

"ဟဲ့. . . ပျိုပျိုမေ၊ ပတ်ဝန်းကျင်ဆိုတာ ခုနစ်ရက်ပါအေ့"

"ခုနစ်ရက်ဆိုတာ သေလို့ ရက်လည်တာပဲ ကောင်းတယ် မာမီ၊ ပြီးရင် မေ့ချိန်တန်လို့ မေ့လို့ရတယ်၊ မာမီ့လူကြီးက အရှင်ကြီး၊ ခုနစ်ရက်ကျော်လည်း ဒုက္ခပေးနေမှာ"

ဒေါ်မေမိုး ဒေါသထွက်လာပြီး. . .

"ဟဲ့. . . နင် A မောင်ကြီးကို မယူလို့ မရဘူး၊ ငါ အမေ"

"A မောင်ကြီးကို မယူရင် ဘာဖြစ်မလဲ မာမီ"

ဒေါ်မေမိုး စကားရှာမရတာကြောင့်. . .

"ညည်းကို အမွေဖြတ်မယ်အေ"

"အမွေဖြတ်တော့. ."

ပျိုပျိုမေ မာမီကို တမင်စ,ချင်တာကြောင့် ခပ်တည်တည်နဲ့ မေးတော့. . .

"ဒါဆို ပိုက်ဆံတွေ မရဘူးပေါ့၊ ညည်း ဆင်းရဲပြီ"

"ဟင်. . . ဘာဆိုင်လို့လဲ"

"ဟဲ့. . . ပိုက်ဆံမရှိတော့ ဆင်းရဲပြီပေါ့"

"ဟာ. . . မဟုတ်တာ မေမေကလည်း"

"ဟဲ့. . . ဟုတ်တယ်လေ"

"မဟုတ်ပါဘူး. . . ပိုက်ဆံမရှိတိုင်း ဆင်းရဲကြေးဆို ချယ်ဆီးသူဌေး အိဗယာဟင်မိုဗစ်ဆို ဆင်းရဲတာပဲ၊ အခု ဘာလို့ ချမ်းသာလဲ၊ သမီးတို့ ဂေါတမဘုရားရှင်ဖြစ်တော်မမူခင် ဟိုး. . . . . . . ."

www.burmeseclassic.com



ဖာတ်တော်တွေ နိပါတ်တော်တွေနဲ့ အချီအချ ပြောပြနေတဲ့ သမီးကြောင့် ဒေါ်မေမိုးခမျာ ယောဂီသဘက်လေးပဲ သွားယူရမလိုလိုဖြစ်နေသည်။ ညည်းကြောင့် စိတ်ညစ်ရပါလား ဒေါ်ပျို့ပျို့မေရယ်။

၅ ၅ ၅ ၅

"ဟာ. . . အစ်ကိုကြီး"

"အစ်ကိုကြီး လုပ်ပါကွ"

တွေ့တွေ့ချင်း ပြောလိုက်တဲ့ လူပိုစကားကြောင့် A မောင်ကြီး စိတ်ညစ်သွားရသည်။

"ဝမ်းသာလို့ပါ အစ်ကိုမောင်ကြီး A က ဘယ်လာတာလဲ"

လူပိုစကားကြောင့် A မောင်ကြီးဆိုတဲ့သူက ရှုံ့မဲ့မှုကို သူ့မျက်နှာမှာ တပ်ဆင်ရင်း. . .

"မင်းနဲ့ တွေ့ရင် ကန့်လန့်ချည်းပဲ၊ ငါ့နာမည်တောင် မင်းပြောမှ ဘယ်က အစဖော်ရမှန်း မသိဘူး"

A မောင်ကြီးစကားကြောင့် လူပို စပ်ဖြဲဖြဲနဲ့. . .

"အစတော့ မထုတ်ပါနဲ့. . . တီး. . . ရှက်စရာကြီး"

"ဟော့ကောင်. . . ဘာကိုပြောတာလဲ"

"အကျီစကိုလေ"

နှစ်ယောက်သား ဘဏ်တစ်ခုရဲ့အဝင်ဝမှာ တွေ့ဆုံခြင်းဖြစ်သည်။





A မောင်ကြီးက လူပိုကို အကဲခတ်ရင်း. . .

"မင်းက ဘာလာလုပ်တာလဲ"

"အိမ်က ငွေသွင်းခိုင်းလို့. . . အစ်ကိုကြီးကရော"

A မောင်ကြီးက လက်ညှိုးထောင်ပြီး ငွေသွင်းကောင်တာကို ပြနေတော့ လူပိုက အံ့ဩဟန်နဲ့ တိုးတိုးကပ်မေးသည်။

"ဟာ. . . ဘဏ်ဓားပြတိုက်မလို့လား၊ မလုပ်ကောင်းဘူးနော်"

လူပိုစကားကြောင့် A မောင်ကြီး ပျာပျာသလဲနဲ့. . .

"ဟော့ကောင်. . . ဘာတွေလျှောက်ပြောနေတာလဲ ဒုက္ခပဲ"

လူပိုက ကြောင်တောင်တောင်နဲ့ ခေါင်းကုတ်ရင်း. . .

"သိဘူးလေ. . . လက်ညှိုးထောင်ပြတော့ သေနတ်ထင်ပြီး ဘဏ်ဓားပြတိုက်မယ် ထင်တာပေါ့၊ ပြီးတော့ အစ်ကိုကြီးစတိုင်က ခပ်မိုက်မိုက်ရယ်"

သူ့ကို မြှောက်ပြောတော့ A မောင်ကြီး အကြိုက်တွေ့သွားရသည်။ လူပိုက ထပ်ပြောပါသည်။

"အမေရိကန် ဂျလေဘီလိုလို၊ အမေရိကန်ဂျပိုးလိုလို"

A မောင်ကြီး မျက်နှာရှုံ့မဲ့သွားတော့. . .

"အဲဒီလို မထင်ပါနဲ့၊ ဂျိမ်းစဘွန်းလိုလို၊ ဂျက်ကီချန်းလိုလို၊ အမီတာဘဂျမ်းလိုလို ထင်ရတာ"

A မောင်ကြီး လူပိုရဲ့မြှောက်လိုက်ခြောက်လိုက် စကားကြောင့် လက်ကာ,ကာ. . .

"ကဲ. . . တော်တော်၊ မင်း အားလား"

"ဘာလုပ်ဖို့လဲ. . . လမ်းလယ်ခေါင်ကြီးတော့ မနင်းခိုင်းနဲ့နော်၊ အနင်းခံချင်ရင် မာဆတ်ဖြစ်ဖြစ်သွား၊ အဲဒါမှ မရရင် မာဆတ်ညီမ မတ်စာဆိုတာ ရှိတယ်၊ သူက နင်းရုံတင်မဟုတ်. . ."

"ကဲ. . . မိကျောင်းမသားရယ် တော်ပါတော့"

"ဟင်. . . ဘယ်လိုလုပ်သိလဲ၊ ကျွန်တော့်အမေ ဘုရားဒကာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအစ်မသားဆိုတာ”

A မောင်ကြီး ဟန်မဆောင်နိုင်တော့ဘဲ ခေါင်းတဗျင်းဗျင်း ကုတ်ပါတော့သည်။

“တော်ပါတော့ ဆရာသမားရယ်၊ မင်း ဒီမှာခဏစောင့် လူအို”

“လူပိုပါဗျာ”

“မင်းနဲ့ တွေ့ရင် ငါပိုပိုအိုလာလို့ကွ. . . ခဏ”

A မောင်ကြီး ခဏလစ်ထွက်သွားပါသည်။ လူပို. . A မောင်ကြီး ထွက်သွားမှ ကြိတ်ရယ်မိသည်။ တအောင့်နေတော့ A မောင်ကြီး ပြန်ရောက်လာသည်။

“လာ. . .”

“ဟင်. . . ဘယ်လဲ၊ ယောကျ်ားအချင်းချင်းကြီးနော်၊ ကားတင်ပြေးဖို့ မကြံနဲ့”

A မောင်ကြီး သက်ပြင်းချရင်း. . .

“ကဲ. . . လိုက်မှာသာ လိုက်ခဲ့စမ်းပါ၊ မင်းသောက်တတ်လား”

“ရေလား. . . သောက်တတ်တာပေါ့”

A မောင်ကြီး လူပိုကို ဘာတစ်ခွန်းမှ မပြောတော့။ ကားတံခါးသာ ဖွင့်ပေးလိုက်သည်။ ကားပေါ် ရောက်တော့ A မောင်ကြီးက တိတ်ဆိတ်အေးချမ်းတဲ့ ဆိုင်တစ်ဆိုင်ကို ခေါ်သွားပါသည်။ အစားအသောက်ကောင်းတွေ ပြီးတော့ အကောင်းစားဘီယာတွေ မှာသည်။ ပြီးတော့ သူ့သဘောနဲ့သူ. . .

“သောက်ကွာ”

ဒီတစ်ခါတော့ ကျွန်တော့်သဘောနဲ့ကျွန်တော် သောက်ပါသည်။

“မင်းကို တွေ့ချင်နေတာကြာပြီ”

ဒီတစ်ခါတော့ ဘီယာမျက်နှာလေးနဲ့မို့. . .

“ဟင်. . . အစ်ကိုကြီးနဲ့ကျွန်တော် ရည်းစားတွေမှ မဟုတ်တာ”

A မောင်ကြီး မျက်နှာရှုံ့မဲ့သွားသည်။





“ငါပြောတာ မိတ်ရင်းသဘောကွာ”

“ဟာ. . . မိတ်ရင်းတာ ညှော်နံလို့ဖြစ်မှာပေါ့၊ ဘယ်နေရာလဲ. . . ဟဲဟဲ. . . စတေန္တ”

“မဟုတ်ဘူးကွ. . . ငါပြောတာ သူငယ်ချင်းလိုကွာ”

လူပိုက စဉ်းစားရင်း. . .

“အစ်ကိုကြီးအသက်အရွယ်နဲ့ ကျွန်တော်နဲ့ သူငယ်ချင်းအရွယ် ဖြစ်နိုင်မလား”

“ဖြစ်တယ် ထားလိုက်ကွာ”

လူပို ဘီယာထပ်ငှဲ့လိုက်ရင်း. . .

“အင်းပေါ့လေ. . . အစ်ကိုကြီးဖြစ်ချင်တော့လည်း အားနာနာနဲ့ ဖြစ်တယ်ထားလိုက်ပါတော့၊ ဒါပေမယ့် အစ်ကိုကြီးကြည့်ရတာ သွေးရိုးသားရိုး ခင်ချင်ပုံတော့ မရဘူး”

A မောင်ကြီးက လေးဆယ်နှစ်ဆယ် ပေါင်းထားတဲ့အပြုံးနဲ့. . .

“ဟဲဟဲ. . . မေတ္တာစစ် မေတ္တာမှန်နဲ့ ခင်တာပါကွာ၊ ဟဲဟဲ. . . ဒါပေမယ့်. . .”

လူပိုက ငါးခူပြုံးလေး ပြုံးပြလိုက်ရင်း. . .

“ပျို့ပျို့မေနဲ့ အိုခေချင်တယ်မှတ်လား”

A မောင်ကြီး ဝမ်းသာအားရနဲ့ စားပွဲကို ဖြန်းခနဲ ရိုက်လိုက်တော့

“ဖြည်းဖြည်းလုပ်ပါဗျာ”

A မောင်ကြီး ရှက်ကိုးရှက်ကန်းနဲ့ ဟိုကြည့်ဒီကြည့်ရင်း. . .

“ဟို. . . ဝမ်းသာသွားလို့ပါကွာ၊ လူပို မင်းသိပ်တော်ပါလား ညီလေး၊ ညီလေး သောက်၊ ကြိုက်သလောက် သောက်စား၊ အားမရရင် အိမ်ကို ပါဆယ်ယူသွား၊ ဒီဆိုင်မကြိုက်ရင် ကြိုက်တဲ့ဟိုတယ် လက်ညှိုးထိုး အစ်ကိုကြီး လိုက်ပို့ပေးမယ်”

လူပို တဟဲဟဲနဲ့. . .

“ဒီလောက်ဆို ရပါပြီ အစ်ကိုကြီးရာ၊ အစ်ကိုကြီး ပျို့ပျို့မေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေချင်တယ်မှတ်လား"

လူပိုစကားကြောင့် A မောင်ကြီး လုပ်မိလုပ်ရာ စားပွဲကို လက်သီးနဲ့ ပွတ်ရင်း. . .

"အားကြီးအားကြီး ပြေချင်တာပေါ့ကွာ၊ ဒါပေမယ့် ပျို့မေက ငါ့ကို ခပ်တန်းတန်း ဆက်ဆံတော့. . ."

"ခပ်တန်းတန်း ဆက်ဆံတယ်၊ ဒါဆို သူနဲ့ တွေ့ရင် တစောင်းနေပေါ့"

"ဘယ်လို"

"သူက ခပ်တန်းတန်း ဆက်ဆံတယ်ဆို၊ ဒါဆို တစောင်းနေလိုက်ရင် သူနဲ့ ခပ်တန်းတန်း မဖြစ်တော့ဘူးလေ"

"ဟာ. . . ငါပြောတာ အဲဒါမဟုတ်ဘူး"

လူပို မရယ်မိအောင် ခပ်တည်တည် နေနေရသည်။

"ငါပြောတာကကွာ. . . သူက သိပ်အကပ်မခံဘူး ပြောတာ"

"ဒါဆိုလည်း လက်တစ်ကမ်းမှာ နေပေါ့ဗျာ"

A မောင်ကြီး ဘယ်လိုစကားလုံး သုံးရမှန်း မသိတော့။

"ဟိုကွာ"

လူပိုက ရယ်ရင်း. . .

"စတာပါဗျာ၊ ကဲ. . . ကျွန်တော်သိပါတယ်၊ အဲဒါ ဖြေဆေးရှိပါတယ်"

"တကယ်"

လူပိုက ဆရာကြီးစတိုင်နဲ့ ခေါင်းညိတ်ပြရင်း. . .

"ကိုယ်ကြိုက်တဲ့ မိန်းကလေးတစ်ယောက်အနား ကပ်မယ်ဆိုရင် သူဘာကြိုက်လဲ ကိုယ်က လေ့လာရတယ်ဗျ"

A မောင်ကြီးက လူပိုကို အထင်ကြီးဟန်နဲ့. . .

"ဩော်. . . ဒီလိုလား၊ နေဦး. . . ပျို့မေ့အမေ ပြောတော့ သူ့သမီးက ထမင်းစားရင် ငါးပိရည် ပါမှတဲ့ကွ၊ ဘာလဲ ငါက နေ့တိုင်း ငါးပိ





ရည် သွားပေးရမှာလား၊ ဟာ. . . နံကနံကွာ"

ဒီတစ်ခါတော့ လူပို ကိုယ့်စကားနဲ့ကိုယ် ထိသွားရသည်။

"ဟာဗျာ. . . အဲလိုပြောတာ မဟုတ်ဘူးဗျ၊ အစ်ကိုကြီးကလည်း ခေါင်းကြီးပြီး ဉာဏ်က မရှိဘူး"

A မောင်ကြီး လူပို ဆူတော့ မျက်နှာလေး ငယ်သွားပါသည်။

"မသိဘူးလေကွာ"

လူပို အဲလိုကျတော့လည်း သနားသွားရသည်။ အချစ်ဆိုတာ အစပ်ကြိုက်သူလိုပါပဲ၊ စပ်မှန်းသိရဲ့ စပ်နေရဲ့နဲ့ ထပ်စားချင်နေမိသလိုမျိုး ပေါ့။

"ကဲပါ. . . ကျွန်တော်ပြောတဲ့အတိုင်းလုပ်. . . မလွဲစေနဲ့"

A မောင်ကြီး ပုတ်သင်ညိုလို ခေါင်းတဆတ်ဆတ်။ လူပိုကလည်း လုပ်ရမယ့်အလုပ်တွေကို ရှင်းပြလိုက်ရသည်။

၅ ၅ ၅ ၅

လူပို ပြောပြတော့ အောင်ဒူနဲ့ကျွမ်းပစ် တဟားဟား ရယ်သည်။ ဒူက လူပိုခုတင်ပေါ်က သူပိုက်ထားတဲ့ခေါင်းအုံးနဲ့ ပစ်ပေါက်သည်။

"မင်းကွာ. . . လူကြီးကို အဆင်းဘီးတပ်ပေးနေပြန်ပြီ"

ကျွမ်းပစ်စကားကြောင့် လူပို ရယ်နေရာမှ ရပ်တည်သွားရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ အမြင်ကတ်လို့ ဘီးတပ်ပေးမလို့ပဲကွ၊ နောက်တော့ ဒီလူကြီးက ပျိုပျိုမေကို တကယ်ချစ်မှန်း သိတော့ ငါ မစနောက်ချင်တော့ဘူး၊ အဲဒါနဲ့ ငါလည်း သူ့ရင်ထဲက ချစ်ခြင်းမေတ္တာကို လေးစားဦးညွတ်တဲ့ အနေနဲ့ ကူညီပေးဖို့ ဆုံးဖြတ်လိုက်တာပဲ"

ငဒူက မျက်မှောင်ကြုတ်ရင်း. . .

"ဒါဆို မင်းက ပျိုပျိုမေကို စိတ်မဝင်စားတော့ဘူးလား"

"ဘာဆိုင်လို့လဲ"

လူပိုစကားကြောင့် ဒီကောင်တွေ ခေါင်းရှုပ်သွားပုံရသည်။

"ဟာ. . . ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ"

ဒီကောင်တွေ ဖြစ်ပုံကြောင့် လူပို ရယ်ရင်း. . .

"ခေါင်းခြောက်သွားလား၊ ဒီလိုကွ. . . ငါက ပြိုင်ဘက်ကိုလည်း ကူညီမယ်၊ ငါလည်း ငါ့ဘက်က ကြိုးစားမယ်၊ ပြိုင်ဘက်က အင်အားနည်းနေတော့ အကျောပေးတဲ့သဘောကွာ"

ငဒူက နှုတ်ခမ်းမဲ့ရင်း. . .

"မင်းက မင်းကိုယ်မင်း အထင်ကြီးတာလား"

"ဟင့်အင်း. . . အထင်မကြီးပါဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို အထင်လည်း မသေးပါဘူး"

"ဒါဖြင့်. ."

လူပို ပြောမယ့်စကားကို သူတို့မျက်လုံးတွေက အရမ်းသိချင်နေပုံရသည်။

"အချစ်ဆိုတာ လုပ်ယူလို့မရဘူး၊ ပျိုမေရင်ထဲက ဖြစ်ပေါ်မှ ရတာလေ၊ အဲဒါကြောင့် ဒီလူကြီးကို အကျောပေးထားတာပေါ့၊ အနာနဲ့ဆေးနဲ့ တည့်သွားတဲ့သဘောပေါ့ကွာ"

ငဒူက ပြုံးစေ့စေ့နဲ့. . .

"မင်းက အနာပေါ့"

"အင်း. . . အချစ်နာကျနေတဲ့သဘောပေါ့"





"အခု မင်းက ကျေးဇူးရှင်ကို ဘာတွေ လုပ်ခိုင်းထားလဲ"

လူပို ပြုံးစေ့စေ့နဲ့. . .

"အစ်ကိုကြီးက သိတဲ့အတိုင်းပဲလေ၊ အစ်ကိုကြီးက ဂိုက်ပေးတာ ည်း ကြမ်း၊ သူ့အရွယ်နဲ့ မလိုက်တဲ့အဝတ်တွေ ဝတ်ပြီး ကိုယ့်ကိုယ်ကို ယ်ဂိုက်ဖမ်းချင်တာ၊ အဲဒါတွေ လျှော့ဖို့ ပြောရတာပေါ့၊ ပျိုမေက ရိုးရိုး အေးအေးစတိုင်ပဲ ကြိုက်တာ၊ ပြီးတော့ သူက နှင်းဆီပန်းကြိုက်တယ်လို့ ပြောရတာပေါ့"

"ဒါဆို မင်းအစ်ကိုကြီးက တနင်္လာနေ့ သင်တန်းတက်ရင် နှင်းစည်းလာပေးမယ့်သဘောပေါ့"

"ဟင့်အင်း. . သင်တန်းဆင်းမှ"

"ဘယ်လိုဖြစ်လာမလဲ ကြည့်ရသေးတာပေါ့ကွာ"

လူပို အစ်ကိုကြီးကို ကြည့်ပြီး ရယ်လည်းရယ်ချင်၊ သနားလည်း သနားမိသည်။ အချစ်ကြောင့် တုံးကြသူများလို့ ရုပ်ရှင်ရိုက်ရင် အစ်ကိုကြီး မင်းသားဖြစ်လောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အပျိုလေး...
တိုတိုလေး တွေးကြည့်စမ်း.....
တကယ်တော့ကွာ
အချစ်ဆိုတာ
ကမ္ဘာဦးကအစ ခေတ်အဆုံးထိ
အသုံးများတဲ့ ကုန်ပစ္စည်း
ဈေးကကြီးမှကြီး ။





## အခန်း(၃)

**ပန်း**တွေ ဝယ်လာပေမယ့် ဒီအတိုင်းကြီး ပေးလို့မကောင်းမှန်း A မောင်ကြီး သိသည်။ လူပိုရဲ့စိမံချက်အရ ဒီနေ့ ပေးကိုပေးရမည်။ A မောင်ကြီး ဒီလောက်တော့ မတုံးပါ။

ကားကို လမ်းမှာ တွေ့တဲ့ စတိုးဆိုင်ရှေ့ ရပ်ရင်း ပန်းစည်းကို ယူလာကာ အရောင်းကောင်မလေးကို နှင်းဆီပန်း လှမ်းပေးရင်း. . .

"ဟိုလေ. . . လက်ဆောင်ထုပ်ပိုးတဲ့စက္ကူနဲ့ ကပ်ပြီး ဖဲပြားကြီးဖြစ်ဖြစ် လှလှလေးဖြစ်အောင် ချည်ပေးပါနော်"

ကောင်မလေးက သူ့ကို ကြည့်ပြီး ဘာတွေ အတွေးပေါက်သည် မသိ ခစ်ခနဲ ရယ်လေသည်။ သူမျက်မှောင်ကြုတ်နေစဉ် ဖုန်းက မြည်လာ



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် အပြင်ထွက်ပြီး ပလက်ဖောင်းမှာ ဖုန်းပြောနေမိသည်။ အဲဒီအချိန်မှာပင် ဆိုင်ထဲသို့ ကောင်မလေးတစ်ယောက် ဝင်လာတာကို A မောင်ကြီး သတိမထားမိလိုက်။ သူနဲ့ စပ်တူကုမ္ပဏီထောင်ထားတဲ့ သူငယ်ချင်း ဖုန်းရွှေနဲ့ အလုပ်အကြောင်းတွေ စကားပြောနေရင်း စတိုးဆိုင်ထဲက အဖြစ်အပျက်တွေကို သူ မသိလိုက်ချေ။ ခုန ဝင်လာတဲ့ကောင်မလေးက ပလတ်စတစ်နှင်းဆီပန်းကို ဝယ်သည်။ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို မှားချင်တော့ သူ့လို ပန်းကို စည်းပြီး အလှစက္ကူနဲ့ ထုတ်ပိုးခိုင်းသည်။ ဖြစ်ချင်တော့ အဲဒီကောင်မလေးရဲ့ဖုန်းက မြည်ပါသည်။ သူ့လိုပဲ လိုင်းမကြည်တာကြောင့် အပြင်ထွက်ပြီး ဆက်ပါသည်။ ဒါပေမယ့် သူ့လောက် မကြာပါ။ ပိုပြီးဖြစ်ချင်တော့ သူတို့နှစ်ယောက် ခိုင်းတဲ့ကောင်မလေးက ပိုင်ရှင်ခိုင်းလို့ နောက်ဖေးဘက် ဝင်ပြီး သူ့အစားရောက်လာတဲ့ ကောင်မလေးက ပန်းစည်းအစစ်ကို နောက်ဝင်လာတဲ့ကောင်မလေးကို ပေးလိုက်သည်။

"ဘယ်လောက်ကျလဲ အစ်မ"

"တစ်ထောင်ကျပါတယ်"

"တစ်ထောင်"

အဲဒီကောင်မလေး အတော်ကို ပျော်သွားပြီး ဝမ်းသာအားရနဲ့ တစ်ထောင်တန်တစ်ရွက် ပေးပြီး လစ်ထွက်သွားသည်။ အဲဒီကောင်မလေး ထွက်သွားမှ A မောင်ကြီး ဖုန်းဆက်တာ ပြီးလို့ ကောင်တာဆီ ပြန်ရောက်သည်။

"ဘယ်လောက်ကျလဲ ညီမ"

နောက်ဝင်လာတဲ့ကောင်မလေးက ဘောင်ချာကို ကြည့်ပြီး. . .

"ငါးထောင့်ခုနစ်ရာ ကျတယ် ဦးလေး"

ဦးလေးလို့ ခေါ်လို့ တွန့်သွားရတဲ့ကြားထဲ စက္ကူနဲ့ဖဲပြားဖိုးက ဈေးကြီးတာကြောင့် မျက်နှာက ရှုံ့မဲ့ပြီး. . .

"ဈေးကလည်း ကြီးလိုက်တာ. . . ရော့"

"ဟိုလေ. . အကြွေမရှိလို့ ဟမ်းနီးပလာစတာ ယူသွားမလား"





"ငါက ဘာလို့ ပလာစတာ ယူရမှာလဲ"

ကောင်မလေးက ထုံအအနဲ့ ပြောင်နေတဲ့ သူ့နဖူးကို ကြည့်ပြီး. .

"ဟို. . ခေါင်းပေါက် ထိပ်ကွဲရင် ကပ်လို့ရတယ်လေ"

"ဘာ. . . တောက်"

A မောင်ကြီး ပိုတဲ့အကြွေလည်း ယူမနေတော့ဘဲ ပန်းစည်းကို တိုင်ကာ ကားဆီ လျှောက်လာပြီး စိတ်တိုတိုနဲ့ မောင်းထွက်လာခဲ့လိုက်သည်။

ကားထွက်သွားရာကို အရောင်းဝန်ထမ်းမလေးက ငေးကြည့်နေတော့ အရင်ဝန်ထမ်းမလေး ရောက်လာပြီး. . .

"ဟဲ့. . . ထုံထုံ၊ ခုန ပန်းစည်းနှစ်စည်း ပေးလိုက်ပြီလား"

ကောင်မလေးက ကားထွက်သွားရာကို ငေးကြည့်ပြီး. .

"အေး. . . ပေးလိုက်ပြီဟဲ့၊ ဒီနေ့ ဘယ်လိုလူတွေမှန်းကို မသိဘူး ဈေးရောင်းရတာ"

"ဘာဖြစ်လို့လဲ"

"ဟိုကောင်မလေးကျတော့လည်း တန်လို့တဲ့၊ ဟိုလူကြီးကျတော့လည်း ဈေးကြီးလို့တဲ့"

အရင်ကောင်မလေး မျက်လုံးပြူးသွားကာ ပထမပန်း ထည့်ထားတဲ့နေရာကို ပုတ်ပြပြီး. . .

"ဟဲ့. . . ဒီမှာထားတဲ့ ပန်းစည်းကို ဘယ်သူ့ပေးလိုက်လဲ"

ထုံထုံဆိုတဲ့ ကောင်မလေးကလည်း ခေသူမဟုတ်။

"ဒီဖက်က ပန်းစည်းကို ပတ်ထားတဲ့စက္ကူက ပန်းရောင်လေးဆိုတော့ ပန်းနုရောင် ဝတ်ထားတဲ့ကောင်မလေးကို ပေးလိုက်တာပေါ့၊ အဖြူရောင် ပတ်ထားတဲ့စက္ကူကိုတော့ ဟိုလူကြီးက အကျႌအဖြူ ဝတ်ထားတော့ အဲဒီလူကြီးကို ပေးလိုက်တယ်လေ၊ ငါ အဲလောက် မအပါဘူး"

အရင်ကောင်မလေးက သူ့နဖူး သူရိုက်ပြီး. . .

"လဲသာ သေလိုက်ချင်ပါတော့တယ် ထုံထုံရယ်"



www.burmeseclassic.com

www.burmeseclassic.com



လုံထုံဆိုတဲ့ကောင်မလေး ကမန်းကတန်း ပြောလိုက်ပုံက. . .

"ဟဲ့. . . မတ်တတ်ရပ်သေလို့ မရဘူးလား" တဲ့။

တုံးချက်က အဲဒီလို. . .

"ဟဲ့. . ."

အေးမိစံရဲ့ ဟဲ့စကားက မောင်ကြီးကို ရည်ညွှန်းမှန်း ပျိုပျိုမေ သိပါသည်။ ပျိုပျိုမေ ရယ်ချင်စိတ်ကို ထိန်းမရ။ A မောင်ကြီးက သူ့ရဲ့ ဘန်ကောက်ပုဆိုးတောင့်တောင့်ကြီးကို ဆန့်အောင်ပြင်လိုက်ရင်း. . .

"ဟို. . . ဒါ ပျိုပျိုမေအတွက် အစ်ကိုကြီးရဲ့လက်ဆောင်"

တိုက်ပုံနဲ့ဘန်ကောက်ပုဆိုးကို ဘယ်လိုအတွေးနဲ့ ဝတ်လာသည် မသိ။ A မောင်ကြီး ဝတ်ဆင်ထားပုံကြောင့် ကျွမ်းပြစ်တို့ ဒေ့ဒူတို့က ဝိုင်းရယ်ကြသည်။ လူပို တော်တော်စိတ်ပျက်သွားသည်။ ရိုးရိုးအေးအေး ဝတ်ရမယ် ပြောတာ ဒီလူကြီး ဘယ်လိုအတွေးပေါက်သည် မသိ။ မသိရင် ဘုရားကိုးဆူ တင်တဲ့ ဘိသိက်ဆရာလိုလို သြဘာစာ ဖတ်တဲ့လူလိုလို။ တော်သေးတာပေါ့။ ရိုးရိုးအေးအေး ဝတ်ရမယ်ဆိုပြီး အကျႌကို ရေဆွတ်ဝတ်မလာတာပဲ ကျေးဇူးတင်ရဦးမည်။ အေးမိစံကတော့ တစ်ဖက်လှည့်ကာ ရယ်နေလေသည်။





"ဟို. . . ပျိုမေက နှင်းဆီပန်းကြိုက်တယ်ဆိုလို့"

ပျိုပျိုမေ သူမလက်ထဲက နှင်းဆီပန်းကို A မောင်ကြီးရင်ခွင်ထဲ ထွမ်းထိုးထည့်ရင်း. . .

"ကျွန်မက နှင်းဆီဆိုရင် အစစ်ပဲ ကြိုက်တာ၊ သွားပြီ. . . ကို A မောင်ကြီး"

A မောင်ကြီး ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့ရသည်။ ပျိုပျိုမေတာတော့ သူ့ရဲ့ကားလေးရယ် အေးမိစံရယ်နဲ့အတူ ထွက်သွားပါသည်။

ပျိုပျိုမေတို့ မရှိမှ လူပိုတို့အုပ်စု အပြေးရောက်လာကြပြီး A မောင်ကြီးလက်ထဲက နှင်းဆီပန်းစည်းကို ကြည့်ကာ. . .

"ဟာဗျာ. . . သေချာပြောရဲ့သားနဲ့ဗျာ၊ ခင်ဗျားကတော့ လုပ်ပြီ"

A မောင်ကြီးက မျက်နှာငယ်လေးနဲ့. . .

"ငါဝယ်လာတာ ပန်းအစစ်ပါကွာ၊ ဘယ်လိုကဘယ်လို ဖြစ်သွားမှန်းကို မသိဘူး"

လူပို ရယ်လည်းရယ်ချင်၊ သနားလည်း သနားမိကာ. . .

"အဲဒါ ထားပါဦး. . . ဒီအဝတ်အစားက"

A မောင်ကြီး သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ကာ. . .

"မင်းပဲ ရိုးရိုးအေးအေးလေး ဝတ်ခဲ့ဆို၊ အဲဒါ ငါ့အဘိုး ဦးဖိုးသာ ဝတ်ခဲ့တဲ့ဝတ်စုံကို ရွေးဝတ်လာတာ"

A မောင်ကြီးစကားကြောင့် အားလုံးက ဝိုင်းရယ်ကြသည်။ လူပိုတာ စိတ်ပျက်ပျက်နဲ့. . .

"ခင်ဗျားကတော့ ဖြစ်ရမယ်၊ ကျွန်တော်ပြောတာက တော်ရုံသူလိုကိုယ်လို ဝတ်တဲ့ဝတ်စုံပေါ့၊ ကိုယ့်အသက်အရွယ်နဲ့ လိုက်မယ့်အကျႌပေါ့၊ အသက်လေးဆယ်အရွယ်နဲ့ အသက်နှစ်ဆယ် လူငယ်တွေ ဝတ်တဲ့ ဝတ်စားဆင်ယင်မှု မဝတ်ဖို့ ပြောတာ"

သူပြောတော့လည်း မျက်နှာသေလေးနဲ့. . .

"ငါမှ မသိတာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှတော့ ပြောမနေပါနဲ့ကွာ၊ နောက်တစ်မျိုး ဘယ်လိုလုပ်မလဲ စဉ်းစားကြတာပေါ့"

ကျွမ်းပစ်က ခပ်တည်တည်နဲ့. . .

"စဉ်းစားတာတော့ ဟုတ်ပြီ၊ ဟိုကွာ. . တစ်ခုခုလေး သောက်ရင်း စကားပြောကြတာပေါ့"

A မောင်ကြီးက အဲဒီစကားကြောင့် ပျာပျာသလဲနဲ့. . .

"စဉ်းစားပါ. . . ကြိုက်သလောက် စဉ်းစားကြပါ၊ အေးအေးဆေးဆေး စဉ်းစားပါ၊ ရေခဲတုံးပေါ်မှာ ဖင်ခုထိုင်ပြီး ဘီယာလေးသောက်၊ ပန်ကာဖွင့်ပေးဆိုလည်း ရအောင်လုပ်ပေးပါ့မယ်"

သူ့အတွေးနဲ့သူ ပြောပေမယ့် ကြားရတာကိုက မေးခိုက်စရာ။

"ဟို. . . အဲလောက်လည်း မအေးပါနဲ့ဗျ"

ငဒူက ရယ်ပြီး. . .

"ကြားရတာနဲ့တင် ချမ်းလာသလိုပဲ"

"ဟိုလေ. . အေးအေးဆေးဆေး စဉ်းစားလို့ရအောင်ပါ"

A မောင်ကြီးက နိုင်ငံခြားက ပြန်လာပေမယ့် ပေရှည်ရှည် သိပ်တွေးတတ်ပုံမရ။

"ဟိုတစ်ခါဆိုင်ပဲ သွားရအောင်"

ကို A မောင်ကြီးက ဒီအချိန်မှာ လူပိုစကားကလွဲရင် သူ့အဖေလာပြောရင်တောင် လက်ခံမယ့်ပုံမပေါ်။ ဆိုင်ရောက်တော့ ဟိုနှစ်ကောင်ကလည်း ကျွေးမွေးမယ့်လူရဲ့သဘောကို မမေး၊ သူတို့ စားချင်သောက်ချင်တာပဲ မှာသည်။

"ဒီတစ်ခါတော့ မလွဲစေနဲ့တော့နော်"

"စိတ်ချပါကွာ. . . အခုဟာက အမှတ်တမဲ့အမှားပါကွာ"

"ခင်ဗျားက ပြောလိုက်ရင် အမှန်ချည်းပဲ၊ လုပ်လာရင်သာ သောက်တလွဲ"

ကို A မောင်ကြီးက ရယ်ကျဲကျဲ။





သူတို့ ဆွေးနွေးကြသည်၊ ငြင်းကြသည်။ သို့သော် ပါးစပ်နဲ့ ခွက်တဆော့ ခဏပဲ ကွာသည်။

၅ ၅ ၅ ၅

လူပို. . ပျို့မေ ရပ်ထားတဲ့ကားဘေးနားက ဖြတ်လျှောက်တော့ ဖျို့မေဘေးကားပေါ်က နှင်းဆီပန်းစည်းကို ကြည့်ပြီး. . .

"ဒီလူကြီးကတော့ကွာ အမှတ်မရှိဘူး၊ နှင်းဆီပန်း ထပ်ပေးပြန်ပြီ"

လူပို နှင်းဆီပန်း ကောက်ကိုင်လိုက်ရင်း ပျို့မေကားကို ကြည့်ပြီး

"အတော်ပဲ. . . မှန်မတင်သွားဘူး"

လူပို ကားပြတင်းပေါက်မှတစ်ဆင့် နှင်းဆီပန်းစည်းကို ပျို့မေထိုင်မယ့်နေရာနားမှာ လှဲထားလိုက်သည်။ ကျေနပ်သွားသလိုနဲ့ ဆက်လျှောက်မယ် ပြင်ပြီးမှ. . .

"နေဦး"

ကိုယ့်ကိုယ်ကို သတိပေးရင်း အိတ်ကပ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ကာ ပစ်ဇင်းတင်းကတ်တစ်ခုကို ထုတ်ပြီး ဆုမွန်ကောင်း စာတန်းတစ်ခုကို ဒီဇိုင်းဆန်ဆန် ရေးပြီး ရိုးတံတွေကြားထဲ ထည့်ပြီး ထွက်လာခဲ့လိုက်သည်။

ပန်းစည်းကို ထည့်တာ မမြင်ပေမယ့် ကားထဲက ခေါင်းပြန်ထုတ်လိုက်တာ မြင်ဖြစ်အောင် မြင်လိုက်သူက အေးမိစံ။ ဝရန်တာမှနေ ငုံ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"ဒီကောင် ပျို့မေ့ကားထဲ ဘာသွားထည့်လဲ မသိဘူး"

လူပိုက အမှုမဲ့ အမှတ်မဲ့ ထွက်သွားပါပြီ။ အမှန်က ပျို့မေ ဘေးကားပိုင်ရှင် အမျိုးသမီးက ဝယ်လာတဲ့ပန်းစည်းကို သွားရင်းလာရင်း ကားဘောနပ်ပေါ်မှာ ခဏတင်ကာ လမ်းဘေး လိမ္မော်သီးဆိုင်မှာ ထိုင်ပြီး ဝယ်နေတာဖြစ်သည်။ ဝယ်ပြီးထုတ်ထားတဲ့ လိမ္မော်သီးထုပ်ကို ယူကာ မတ်တတ်ပြန်ရပ်ပြီး လှည့်ကြည့်တော့ သူမ တင်ထားတဲ့ နှင်းဆီပန်းစည်းက မရှိတော့။

"ဟင်. . . ငါ့ပန်းစည်း ဘယ်ရောက်သွားပါလိမ့်၊ ကောင်းပါတယ် ဗေဒင်ကလည်း ကိုယ်မသိတဲ့လူတစ်ယောက်ကို ပန်းစည်းပေးရမယ် ဆိုတော့ အခု ယူသွားတဲ့လူကလည်း ငါမှ မသိတာ. . . ကောင်းတယ်"

ပါးစပ်က တတွတ်တွတ်နဲ့ ပြောပြီး ကျေကျေနပ်နပ်ကြီး လှည့်ထွက်သွားတော့သည်။ ဖြစ်ချင်တော့ အစီအစဉ်အရ သင်တန်းတက်နေချိန်မှာ A မောင်ကြီးက ပျို့မေရဲ့ကားကို လေ့လျှော့ထားရမှာပါ။ ပြီးတော့ ကားဘီး လဲတပ်ပေးရင် အမှတ်ပြည့် ရမယ့်ပွဲပါ။ ထုံးစံအတိုင်း ဖြစ်ချင်တော့လို့ပဲ ပြောရမှာပေါ့။

သင်တန်းပြီးတော့ လူပိုတို့သုံးယောက် ပျို့မေကားနားဝန်းကျင်မှာ အတဲခတ်ရင်း ယောင်ပေပေ လုပ်နေကြသည်။

ပျို့မေ ကားတံခါးကို သော့ဖွင့်ရင်း. . .

"ဟင်. . . ဒုက္ခပါပဲ မိစံ"

"ဘာဖြစ်လို့လဲ"

"ဒီမှာလေ. . . ကားဘီးက လေတစ်စက်မှ မရှိဘူး"

အေးမိစံ ငုံ့ကြည့်တော့ ညာဘက်ကားရှေ့ဘီးက လေတစ်စက်မှ မရှိ။

"ဘယ်လိုလုပ်မလဲ"

အေးမိစံအမေးကြောင့် ပျို့မေ စိတ်ညစ်ညစ်နဲ့. . .





"အိမ်ကို ဖုန်းဆက်ပြီး တစ်ယောက်ယောက် လာလဲခိုင်းရမှာပေါ့ [illegible] စိတ်ပျက်တယ်. . . တကယ်ပဲ"

"ဟော့ကောင်. . . မင်းလူကြီးရော"

ငဒူက ဟိုကြည့်ဒီကြည့်နဲ့ A မောင်ကြီးကို ရှာရင်း ပြောတော့ လူပိုလည်း သူ့လိုပဲ ဟိုရှာဒီရှာ ရှာရင်း. . .

"ဒီလူကြီးကွာ. . . ပြောထားရဲ့သားနဲ့ ဘယ်ဆိုင်မှာ မူးပြီးမှောက်နေလဲ မသိဘူး"

ကျွမ်းပစ်က A မောင်ကြီးကားကို တွေ့ပြီး. . .

"ဟော့ကောင်. . . သူ့ကားက ရှိတယ်ကွ"

အဲဒီအချိန်မှာ အေးမိစံက သူတို့ကို လှမ်းတွေ့သွားရင်း. . .

"ဟာ. . . ဟော့ကောင်တွေ လာခဲ့ဦး၊ အတော်ပဲ ပျို့မေ"

ပျို့မေ အားနာဟန်နဲ့. . .

"အားနာစရာကြီးဟယ်"

"ဟာ. . . ဒီကောင်တွေက ရပါတယ်ဟ"

သူတို့သုံးယောက် လျှောက်လာတော့ အေးမိစံက. . .

"အတော်ပဲ. . . ဒီမှာ ပျို့မေကားဘီး လဲပေးပါဟာ"

ငဒူက ပြတ်သားတယ်။

"မိစံ. . . ကားဘီးဖြုတ်ဖို့ ငွေမပြောနဲ့၊ လေးခွတောင် ကိုင်တတ်တာ မဟုတ်ဘူးနော်၊ နင်ခိုင်းရင် ဒီကောင့်ကိုခိုင်း၊ ဒီကောင်က သူ့အိမ်က ကားကို သူ့အဖေနဲ့အတူ ပြင်နေကျ"

လူပိုလည်း ဒီအခြေအနေမှာ မထူးတော့ပြီမို့ A မောင်ကြီးတို့ နောက်ဆုံးမျှော်လင့်ခြင်းနဲ့ တစ်ချက်ရှာကြည့်ပြီး. . .

"ကားဘီးဖြုတ်တဲ့ပစ္စည်းတွေ ပါလား"

"ဟုတ်. . ."

ပျို့မေက ကားနောက်ဖုံး သော့ဖွင့်ပေးသည်။ ပြီးတော့ ထိုင်ခုံပေါ်က ပန်းတွေကို တွေ့တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်သူလာပေးတာလဲ မသိဘူး"

လူပိုတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း မသိချင်ယောင်ဆောင်နေပေမယ့် အေးမိစံက နှုတ်ခမ်းမဲ့ကာ ပြုံးချင်ချင်။ ဒါကို သူတို့ မသိလိုက်ပါဘူး၊ ပျို့မေက ပန်းစည်းကို ခုနအတိုင်း ပြန်ထားလိုက်ပြီး လူပို ကားဘီးဖြုတ်တာ ထိုင်ကြည့်နေပါသည်။

ကားဘီးပြန်တပ်ပေးပြီး ပစ္စည်းတွေကို ကားနောက်ဖုံးထဲ ပြန်ထည့်ပေးတော့. . .

"ရော့. . ."

ပျို့မေ ကမ်းပေးတဲ့ လက်ကိုင်ပဝါဖြူဖြူလေးကြောင့် ဟိုကောင်တွေ ပြုံးစေ့စေ့ ဖြစ်ကုန်ကြသည်။

"ဟာ. . . မဖြစ်တာ၊ ညစ်ပတ်ကုန်မှာပေါ့"

လူပိုစကားကြောင့် ပျို့မေက ပြုံးရင်း. . .

"ယူထားလိုက်ပါ. . . ရှင့်အကျီတွေ ဘောင်းဘီတွေ ပေကုန်လိမ့်မယ်. . . ယူပါ"

မတတ်သာတဲ့အဆုံး ယူထားလိုက်ရသည်။ ငဒူက လုပ်ချောင်းဆိုးသည်။ အေးမိစံက ပြုံးစေ့စေ့။

"ကျေးဇူးပဲနော်"

"ရပါတယ်ဗျာ"

ပျို့မေက နှုတ်ဆက်ပြီး အေးမိစံနဲ့အတူ ကားပေါ် တက်ကာ မောင်းထွက်သွားရင်း ပန်းစည်းတွေကို ဘေးမှာ ထားကာ. . .

"ကြည့်ရတာ နင်ပြောတဲ့ လေးဆယ်နှစ်ဆယ်လူကြီး မကျေနပ်လို့ ဒီနေ့ ပန်းစည်းအစစ် လာပေးတာ ဖြစ်မယ်"

ပျို့မေစကားကြောင့် အေးမိစံက ရယ်ရင်း. . .

"မထင်ဘူး. . . ငါအထင်တော့ ဒါ လူပို ပေးတဲ့ပန်းတွေဖြစ်မယ်"

ပျို့မေ ကားမောင်းနေရင်း မျက်ခုံးမြင့်တင်သွားအောင် အံ့သြသွားရသည်။





"ဟုတ်ရဲ့လား မိစံရယ်"

"သိပ်ဟုတ်တာပေါ့ဟ၊ နင် ကားရပ်ပြီး အပေါ်တက်လာတော့ လူပို ကားထဲကို ပစ္စည်းတစ်ခုခု လှမ်းထည့်လိုက်တာ ငါမြင်လိုက်တယ်ဟ"

"တကယ်"

မိစံက ခေါင်းညိတ်ပြသည်။ မီးပွိုင့်မှာ မီးနီမိတော့ ပျို့မေ ပန်းစည်းကို ငုံ့ကြည့်ရင်း ရိုးတံကြားထဲက ကတ်ထူပြားကို တွေ့တော့ ယူကြည့်သည်။ ပြီးတော့ အသံထွက် ဖတ်ကြည့်လိုက်သည်။

"အပျိုလေး အစ်ကိုပေးတဲ့နှင်းဆီ ဈေးအမိဝယ်ခဲ့တာပါ၊ အေးရိုသာ မေးကြည့်. . . ကွက်တိ"

ရေးပုံက သူမ အသံထွက်အောင် ရယ်မိစေတဲ့အထိပါ။ အေးမိစံက ကတ်ပြားကို လှမ်းယူပြီး လက်ရေးကို ကြည့်ကာ. . .

"သိပ်သေချာတာပေါ့ဟာ. . . ဒါ ဒီကောင့်လက်ရေး၊ ဘယ်လိုလဲ မိန်းမ၊ အပျိုကို လူပိုလေး စိတ်ဝင်စားနေပြီနော်"

"ဟာ. . . သွားစမ်းပါဟာ"

"ဟဲ့. . . ရှက်မနေနဲ့၊ မောင်းတော့လေ. . . မီးစိမ်းနေပြီ ဪ. . . လူပိုရယ်၊ နင်လည်း မီးစိမ်းပြတော့လေ"

မိစံ ပြောလည်းပြောချင်စရာပါ။ ပျို့မေ မီးစိမ်းတာ မမြင်အောင် ရင်ထဲမှာ တလှပ်လှပ်။ အဲဒါ ရင်ခုန်တာများလား။

"ဟော. . . လာပါပြီဗျာ"

တစ်ဖက်မှာလည်း A မောင်ကြီး ခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ သူ့တားနားမှာ ရပ်နေတဲ့ လူပိုတို့ဆီ လျှောက်လာနေသည်။ လူပိုက ရောက်ရောက်ချင်း. . .

"အစ်ကိုကြီးကဗျာ. . . ဘယ်လျှောက်သွားနေတာလဲဗျ၊ သေချာမှာထားရဲ့သားနဲ့"

A မောင်ကြီးက ရှုံ့မဲ့မဲ့နဲ့. . .

"မင်းတို့ပြောသလို လုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . အဲဒီတော့. . ."

"ဖြစ်ချင်တော့ ဒီမြို့နယ် နယ်ထိန်းက သာမန်အဝတ်အစားနဲ့ တင်းလှည့်နေရင်း ငါ့ကို ကုတ်သွားလို့ စခန်းမှာ အကျိုးအကြောင်း မနည်းရှင်းပြပြီး ထွက်လာရတာကွ"

A မောင်ကြီးစကားကြောင့် အားလုံး မျက်ရည်ထွက်မတတ် ဝိုင်းရယ်ကြသည်။

"ခင်ဗျားကတော့ လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းပဲ"

A မောင်ကြီးက ထုံးစံအတိုင်း မျက်နှာငယ်လေးနဲ့. . .

"ငါလည်း လုပ်တာပဲကွာ၊ ငါ့ကံကိုက မကောင်းတာကွ"

ငဒူက စပ်ဖြဲဖြဲနဲ့. . .

"ကံကောင်းသွားအောင် ယတြာချေပါလား"

ငဒူစကားကြောင့် A မောင်ကြီး ဝမ်းသာအားရနဲ့. . .

"ဘယ်လိုချေရမှာလဲပြော"

"ငါးတို့ ရေနစ်သတ်"

"အေး. . . အာ. . . ဒီကောင်ကတော့ကွာ"

တတယ်ထင်ပြီးမှ သတိရကာ ပြောပြီးရယ်ပါတော့သည်။ လူပိုက အခုမှ သတိရသွားကာ. . .

"ခင်ဗျားဗျာ. . . ပျို့မေကို ပန်းစည်းပေးမှာ ကျွန်တော်တို့ကို မပြောဘူး"

လူပိုစကားကြောင့် A မောင်ကြီး ပြန်စဉ်းစားရင်း. . .

"ဟာ. . . ငါမပေးပါဘူး"

"ဟာ. . . ပေးပါတယ်"

"မပေးပါဘူးဆို"

"ဒါဆိုရင် ပျို့မေကားဘေးက ဘောနပ်ဖုံးပေါ်က ပန်းစည်းက"

A မောင်ကြီး ကြောင်တောင်တောင်နဲ့. . .

"ဘယ်သိမလဲဟ"





"ဟင်. . . ကျွန်တော်က ခင်ဗျားပေးဖို့ တင်ထားတာ အောက်မေ့လို့ သူ့ကားထဲ ထည့်ပေးလိုက်တာ"

လူပိုစကားကြောင့် ကျွမ်းပြစ်က လူပို ပခုံးကို ပုတ်ပြီး. . .

"ဒါလည်း ကောင်းပါတယ်ကွာ၊ ဘယ်သူ့ဟာဖြစ်ဖြစ် ဒီတစ်ခါတော့ အစ်ကိုကြီး ပေးတာပဲ ထင်မှာပါ"

ကျွမ်းပြစ် စကားကြောင့် A မောင်ကြီး သဘောကျပြီး တဟဲဟဲနဲ့ ဖြစ်နေလေသည်။ လူပိုကတော့ သက်ပြင်းသာ ချမိတော့သည်။

ဋ ဋ ဋ ဋ

"ဘာ. . . ငါပေးတာလို့ ပြောလိုက်တယ်"

ညနေစောင်းလို့ သူတို့အိမ်ရှေ့အုတ်ခုံမှာ ဟိုနှစ်ကောင်နဲ့ ထိုင်နေရင်း အေးမိစံ ရောက်လာကာ နေ့လယ်က ပန်းစည်း နင်ပေးတာ ငါ ပျို့မေကို ပြောလိုက်တယ်လို့ ပြောတော့ အခုလို သူ ရုတ်တရက် အလန့်တကြား ပြောမိခြင်းဖြစ်သည်။

"အေးလေ. . . နင်ပေးတာ ငါမြင်လို့ နင်ပေးတာလို့ ပြောတာ. . . ဘာဖြစ်လဲဟ"

ဟိုနှစ်ကောင်က ကျွန်တော့်ပုံစံကို ကြည့်ရင်း တခွီးခွီးဖြစ်နေလေသည်။

"ဟာ. . . ဒုက္ခပဲ၊ ငါက A မောင်ကြီး ပေးတာ ထင်အောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကာမှဟာ”

အေးမိစံက မျက်မှောင်ကြုတ်ရင်း နားမလည်နိုင်ပုံနဲ့. . .

“ဟဲ့. . . လူပို နင် ဘာတွေလျှောက်လုပ်နေတာလဲ”

ကျွန်တော် ဘာပြောရမှန်း မသိတော့ ငဒူက ဝင်ပြောသည်။

“ဒီကောင်က ကို A မောင်ကြီးနဲ့ ပျိုမေကို အဆင်ပြေအောင်လို့ အောင်သွယ်ပေးနေတာဟ”

“ဘယ်လို”

အေးမိစံက မယုံနိုင်ပုံ ဖြစ်နေသည်။ လူပိုလည်း မထူးတော့ပြီမို့

“အင်း. . . ဟုတ်တယ်ဟ၊ အစကတော့ A မောင်ကြီးကို ကြည့်မရတာ အမှန်ပဲ၊ ဒါပေမယ့်ဟာ နောက်ပိုင်းကျတော့ ဒီလူကြီး ပျိုမေကို အရမ်းချစ်တာ ငါသိတော့ သူ့အတွက် ငါ အခုလို ကူညီပေးမိတာပဲ မိစံ”

မိစံက လူပိုကို ကြည့်ရင်း ခေါင်းခါပြီး. . .

“နင် အရူးပဲ လူပို၊ ကိုယ့်ကို ပေးတဲ့အခွင့်အရေးကို နင်က ပုတ်ထုတ်တဲ့ကောင်ပဲဟာ၊ နင့်ကို ငါအရမ်းအံ့သြတယ်”

တစ်ယောက်တစ်ပေါက် ဝိုင်းပြောတော့ လူပို စိတ်ရှုပ်လာသည်။

“တော်ကြပါတော့ဟာ. . . နေပါဦး. . . ရုပ်ဆိုးတဲ့သူ အသက်ကြီးတဲ့သူ အဲဒီလူက ချစ်ခွင့်မရှိရဘူးလား ပြောပါဦး၊ A မောင်ကြီးလည်း လူပါပဲ၊ သူ့ရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသား ရှိပါတယ်ဟ”

“နင်လုပ်ပုံက မဟုတ်သေးဘူး လူပို၊ တကယ်လို့ ဒီကိစ္စသာ ပျိုမေသိရင် နင့်ရဲ့ကံကြမ္မာက မလွယ်ဘူး”

မိစံ ပြောတော့ ကျွန်တော် တစ်ချက်ပြုံးလိုက်မိသည်။,

“နင်ပြောပုံအရဆို ပျိုမေက ငါ့ကို ကြိုက်နေသလိုလို၊ ငါ့ကို ကြိတ်ချစ်နေပါတယ်လို့ နင့်ကို ပြောဖူးလား မိစံ”

မိစံက ခေါင်းခါရင်း. . .

“မပြောဖူးပေမယ့် မိန်းမအချင်းချင်း သိနေတယ် လူပို၊ ဒါဟာ





မိန်းမတိုင်းရဲ့မွေးရာပါဗီဇပဲဟ”

“တော်ပါတော့ဟာ”

“ပြောလိုက်ရင် ဒါပဲ၊ နင့်လောက် နုံအတဲ့လူ ငါမတွေ့ဖူးဘူး”

မိစံ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောတော့. . .

“ကဲကဲ. . . နင်ထမင်းစားပြီးပြီလား”

လူပို စကားလွှဲမှန်း မိစံသိပါသည်။ နောက်တော့ ဟိုအကြောင်း ဒီအကြောင်းတွေပဲ ပြောဖြစ်ကြတော့သည်။

၅ ၅ ၅ ၅

ဒီလောက် အလွဲလွဲအချော်ချော် ဖြစ်နေတာကြောင့် ဒီတစ်ခါ သင်တန်းမှာ အကွက်ချလို့မရတော့ဘဲ အိမ်အထိ သွားကာ သူမ ကြိုက်နှစ်သက်တဲ့ အစားအသောက်တွေ သွားပေးဖို့ A မောင်ကြီးကို တိုက်တွန်းခဲ့ရသည်။

“ငါက ဘာတွေဝယ်ရမှာလဲ”

ညောင်နာနာအသံနဲ့ ကိုA မောင်ကြီး ပြောတော့ ဟိုကောင်တွေက ရယ်သည်။ လူပို အမြင်ကပ်ကပ်နဲ့. . .

“ခင်ဗျားကြိုက်တာ ဝယ်ခိုင်းတာ မဟုတ်ဘူး၊ သူကြိုက်တာ ဝယ်ခိုင်းတာ၊ ဘယ်လိုလူလဲ မသိဘူး”

“ငါပြောတာက ဒီလိုကွာ၊ ငါဝယ်ရင် ဟိုတစ်ခါလို အမှားမှား



www.burmeseclassic.com

www.burmeseclassic.com



အယွင်းယွင်း ဖြစ်နေမှာစိုးလို့ မင်းလိုက်ဝယ်ပေးပါလို့ ပြောတာ"

ငဒွတို့ကလည်း A မောင်ကြီး တိုက်တဲ့ ဘီယာမျက်နှာကြောင့်. . .

"ဟုတ်တယ် လူပို၊ ဟုတ်တယ်နော် ကျွမ်းပစ်"

"သိပ်မှန်တာပေါ့ ငဒူရာ. . . ဂလု"

ပြောလည်းပြော ဘီယာကို မော့ချလိုက်တော့ လူပိုက မျက်စောင်းထိုးရင်း မေးသည်။

"ဘာကောင်းတာလဲ"

"ဘီယာ. . အဲလေ. . ဟို. . မင်းလိုက်ဝယ်ပေးသင့်တယ်လို့ ပြောတာ၊ ဒီလူကြီးသာ သွားဝယ်ရင် မဟုတ်တာတွေ ဝယ်လာလို့ ပြဿနာကထပ်ဖြစ်ဦးမယ်"

A မောင်ကြီးကလည်း ငဒူစကားကြောင့် ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံလေသည်။ လူပိုလည်း ဒီအခြေအနေကြီးကျမှ မထူးတော့ပြီမို့. .

"အင်းလေ. . . ဒီကအပြန် ဝင်ကြတာပေါ့"

ကျွန်တော့်စကားကြောင့် A မောင်ကြီး စပ်ဖြီးဖြီးနဲ့. . .

"ငါ့ညီလေးတ သိပ်လိမ္မာတာပဲ၊ အစ်ကိုကြီး ပျို့မေဆီက အဖြေသာ ရကြည့်၊ ညီလေးဘာလုပ်ချင်လဲ၊ ဘာဝယ်ပေးရမလဲ ကြိုက်တာပြော"

ကျွန်တော်လည်း အဲ့ဒီလောက် သဘောကောင်းနေတဲ့ A မောင်ကြီးကို အမြင်ကတ်လာတာကြောင့်. . .

"တကယ်နော်"

"တဒယ်၊ အဲ. . . တကယ်ပြောတာကွ"

ကျွန်တော် ရုပ်တည်တည်နဲ့. . .

"ကျွန်တော်လိုချင်တာက ပျို့ပျို့မေဆိုရင်ရော"

"ယူ. . . အာ. . . မယူနဲ့၊ မနောက်ပါနဲ့ကွာ"

ကို A မောင်ကြီး ဖြစ်ပျက်သွားပုံကြောင့် ဟိုကောင်တွေက တဟားဟားနဲ့ သဘောကျနေကြသည်။

"ကဲ. . . ရှင်းမယ်တော့"





လူပို လှမ်းအော်တော့ ငဒူက ကျွမ်းပြစ်ကို တံတောင်နဲ့ တွတ်သည်။ ကျွမ်းပစ်က. . .

"နည်းနည်းများ စောမလားလို့"

ဒီကောင်တွေ ထပ်သောက်ချင်မှန်း လူပို သိပါသည်။ ဒီကောင်တွေကို ပညာပေးချင်တာကြောင့်. . .

"ပစ္စည်းဝယ်တာပဲကွာ. . . စောတာနောက်ကျတာ ရှိလို့လား"

ငဒူက ရယ်ဖြဲဖြဲနဲ့. . .

"မဟုတ်ဘူးလေ. . . အပြင်မှာ နေသိပ်ပူတော့ ငါ့သူငယ်ချင်း အသားတွေ မည်းတာ စိုးရိမ်တာပေါ့"

ဒီကိစ္စကို A မောင်ကြီးက ဝင်ဖြေရှင်းပေးသည်။

"မင်းတို့နှစ်ယောက် ထပ်သောက်ချင်နေတယ်မှတ်လား၊ ပစ္စည်းတွေ ဝယ်ပြီးရင် ဟောဒီ A မောင်ကြီး ထပ်တိုက်မယ်. . . စိတ်ချ"

"အစ်ကိုကြီးက အလိုက်သိတယ်"

"အလိုက်သိသလို ပျို့မေနဲ့လည်း အိုကေမှာ. . . စိတ်ချ"

ဒီကောင်နှစ်ကောင် A မောင်ကြီးအကြိုက် အမြှောက်အပင့်လေးတွေ ပြောတော့ ဟိုလူကြီးကလည်း နွားပြာကြီး အောက်သွားမရှိသလို တဟဲဟဲနဲ့ ဖြစ်သွားရသည်။

ပိုက်ဆံရှင်းပြီး နီးစပ်ရာ စင်တာတစ်ခုကို သူတို့ ဝင်လိုက်ကြသည်။ လူပိုကိုယ်တိုင် ပျို့မေ ပြင်တတ်ဆင်တတ်တဲ့ ကလစ်တို့ ခေါင်းစည်းကြိုးကအစ သူမ နှစ်သက်တဲ့ရေမွှေးအဆုံး စဉ်းစားပြီး အသေးစိတ် ဝယ်ပါတော့သည်။ A မောင်ကြီးကတော့ ပိုက်ဆံရှင်း အထုပ်သယ်ပေါ့၊ ဟိုနှစ်ကောင်က ဘီယာမျက်နှာနဲ့ ကူသယ်ပေးမယ် ပြောတာတောင် အထုပ်ကို ဘယ်သူမှ မပေး။ အခုအချိန်မှာ အင်္ဂလိမာလက အထုပ်ပေး၊ မပေးရင် လက်ဖြတ်မယ်ဆိုရင်တောင် လက်အဖြတ်ခံမယ့်လူစားမျိုး။

ဈေးဝယ်ပြီးအပြန် စင်တာအဝင်ဝမှာ လူတစ်ယောက်နဲ့ တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . ဘာလာဝယ်တာလဲ"

A မောင်ကြီး သူတို့ကုမ္ပဏီမှာ ရှယ်ယာတစ်ယောက်တစ်ဝက် စိုက်ထားသူလည်းဖြစ်၊ ငယ်ပေါင်းကြီးဖော်လည်းဖြစ်တဲ့ ဖုန်းရွှေကို မြင်တော့ လန့်သွားသည်။ ဖုန်းရွှေက သူ့သားလက်ဆွဲရင်း သူ့ကို မြင်တော့ အံ့ဩနေသည်။

"ဟဲဟဲ. . . သူငယ်ချင်း. . . ဟဲဟဲ"

ဖုန်းရွှေက လိုအပ်တာထက် ပိုကဲနေတဲ့ သူ့အနေအထားကြောင့်

"ဩော်. . . ကုမ္ပဏီကိစ္စဆိုရင်တော့ မင်းလုပ်ထားလိုက်၊ မင်းက ငါ့ထက် အကွက်ပိုမြင်တယ်လေးဘာလေးနဲ့ မင်းသတင်းတွေ မင်းအမေဆီ တ ငါကြားပြီးပါပြီ"

"ဒါကတော့. . . ဟဲဟဲကွာ"

ကိုဖုန်းရွှေက နောက်မှာ ရပ်နေတဲ့ လူပိုတို့ကို အကဲခတ်တော့ A မောင်ကြီးက မိတ်ဆက်ပေးသည်။

"ဒါက ငါ့သူငယ်ချင်းတွေ၊ မှတ်ထား. . . ဒီဘက်က လူပို၊ သူက ထွန်းမြင့်၊ ဒီဘက်က အောင်ဒူတဲ့"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် ဖုန်းရွှေပါ။ မောင်ကြီးနဲ့ ခင်သလို ခင်နိုင်ပါတယ်"

"ဒါနဲ့ မင်းတို့သားအဖ နှစ်ယောက်တည်းလား"

A မောင်ကြီးက ဖုန်းရွှေသား ဖုန်းဝေဦးရဲ့ခေါင်းကို ပုတ်ပြီး ပြောတော့ ကလေးက သရဲပြန်ခြောက်ပြသည်။ ဖုန်းရွှေက ရယ်ရင်း. . .

"ဒီကောင်က ဆိုးကွ၊ မနိုင်ဘူး မောင်ကြီးရေ"

A မောင်ကြီး ရယ်ရင်း. . .

"မင်းရဲ့သားပဲကွာ. . . ဒီလောက်တော့ ရှိမှာပေါ့"

ဖုန်းရွှေက ရယ်ရင်း. . .

"ဟုတ်တယ်ဟေ့. . . အခုလည်း သူ့အမေ ဆံပင်ညှပ် ခေါင်းလျှော်နေတာ ဆိုင်ထဲမှာ ပြောင်းဆန်နေလို့ အဲဒါ အရုပ်ဝယ်ပေးမယ်ဆိုပြီး





ခေါ်လာတာ၊ ကဲ. . . သွားဦးမယ်၊ မင်း ကုမ္ပဏီ ဝင်ဦးမှာလား"

"မနက်ဖြန်မှ လာခဲ့မယ်၊ ညကျ ငါဖုန်းဆက်လိုက်မယ်"

ဖုန်းရွှေက ခေါင်းညိတ်ပြီး. . .

"အားလုံး သွားလိုက်ဦးမယ်နော်"

အသီးသီး နှုတ်ဆက်ကြပြီး ထွက်လာတော့ လူပိုက မေးသည်။

"ကလေးက တော်တော် ကမြင်းကြောထမယ့်ပုံပဲဗျ"

လူပိုစကားကြောင့် A မောင်ကြီးက ရယ်သည်။

"ထိန်းမနိုင်သိမ်းမရဆိုတာ အဲဒီကလေးပဲ၊ ကလေးထိန်းတွေကောင်းက ဆရာမတွေဆိုရင် ဒီကောင့်ကို အော့ကြောလန့်ပဲ"

လူပိုက ရယ်ရင်း. . .

"အခုလည်း ကျွန်တော့်လုံချည်ကို ဆွဲဆွဲချွတ်နေလို့ မနည်း ခါးပုံစကို ကိုင်ထားရတယ်"

လူပိုစကားကြောင့် အားလုံးက ရယ်ကြသည်။ စင်တာက ထွက်တော့ ကို A မောင်ကြီးက ဘီယာတိုက်သည်။ သူကတော့ မသောက်တော့။ ဟိုမေဆီ သွားရင် မူးနေလို့မဖြစ်ဘူးလေ။

ဘီယာဝိုင်းက ပြန်တော့ အသီးသီး လမ်းခွဲလိုက်ကြသည်၊ လူပိုတို့က တစ်ဖွဲ့၊ သူက သပ်သပ်။

"လိုက်ပို့ပေးရဦးမလား"

ကို A မောင်ကြီးက ကားစက်နှိုးရင်း ပြောတော့. . .

"သွားပါ. . . ကိုယ့်ကိစ္စသာ အဆင်ပြေအောင်လုပ်ခဲ့"

လူပိုစကားကြောင့် ကို A မောင်ကြီးက တဟဲဟဲနဲ့. . .

"ဒီတစ်ခါတော့ မလွဲစေရပါဘူးကွာ. . . စိတ်ချ"

"အောင်မြင်ပါစေဗျာ"

ဟိုကောင်တွေကလည်း အခြေအနေကောင်းမှ စားရသောက်ရမှာမို့ ဆုတောင်းပေးကြသည်။

A မောင်ကြီး လူပိုတို့နဲ့ လမ်းခွဲတော့ ဟိုမေတို့ခြံဆီကိုပဲ တန်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာခဲ့သည်။ ပျိုမေတို့ တိုက်ရှေ့မှာ ကားရပ်ပြီး အထဲဝင်တော့ ပျိုမေ့,မေမေက ဧည့်ခန်းထဲမှာ ပျိုမေ့အဖေ ဦးအောင်ထွန်းမြင့်နဲ့ စကားပြောနေရာမှ. . .

"ဟော. . . မောင် A မောင်ကြီး ဘယ်က လှည့်ဝင်လာတာလဲ"

A မောင်ကြီး အထုပ်တွေ ဆွဲပြီးဝင်လာသည်။ ဧည့်ခန်းတွင် ထိုင်ရင်းက တစ်အိမ်လုံးကို မျက်စေ့ကစားပြီး ပျိုမေကို ရှာရင်း. . .

"ဟိုလေ. . . ကုမ္ပဏီက ဝန်ထမ်းတွေက ကျွန်တော့်အတွက် လက်ဆောင်ဝယ်ပေးတာ မိန်းကလေးအသုံးအဆောင်တွေ ဖြစ်နေတော့ ကျွန်တော်လည်း မထူးဘူးဆိုပြီး ပျိုမေကို ပေးလိုက်တာ အဆင်ပြေမယ်ဆိုပြီး ယူလာခဲ့တာ"

ဦးအောင်ထွန်းမြင့်က တပြုံးပြုံးနဲ့. . .

"ဒုက္ခရှာလို့ကွ. . . ဒါနဲ့ မင်းအဖေ ကိုအေးမောင်ရော ဘယ်လိုလဲ၊ ညနေဆို ဂေါက်ကွင်းသွားသေးလား"

A မောင်ကြီး ရိုရိုသေသေလေး ခေါင်းညိတ်ပြပြီး. . .

"ဟုတ်ကဲ့. . . နေ့တိုင်းပါပဲ အန်ကယ်"

"ဟော. . . လာ. . . သမီး ထိုင်"

ပျိုမေလည်း စကားသံ ကြားတာကြောင့် အခန်းထဲက ထွက်လာရင်း မေမေ့ဘေးမှာ ထိုင်တော့ မေမေက. . .

"ဒီမှာလေ. . . သမီးအတွက်တဲ့၊ မောင် A မောင်ကြီးက လာပေးတာ"

သူမ စိတ်ညစ်ပေမယ့် မေမေ့မျက်နှာနဲ့မို့. . .

"မာမီပဲ ယူထားလိုက်ပါ မာမီရယ်"

ဖေဖေက ဘာမှမပြောပေမယ့် မေမေက မျက်ခုံးပင့် သတိပေးရင်း စားပွဲပေါ်က အထုပ်တွေကို လှမ်းယူကြည့်လိုက်ပါသည်။

"အယ်. . . လှလိုက်တာ မောင် A မောင်ကြီးရယ်၊ ကြည့်စမ်း သမီး. . . ဘယ်လောက်လှလဲ"





သူမ စိတ်မပါပေမယ့် ပြီးရင်ပြီးရောဆိုပြီး ခေါင်းညိတ်လိုက်မိသည်။ မေမေက ပိတ်စတွေကို ဖြန့်ကြည့်ပြီး နောက်တစ်ထုပ် ယူတာ ဖွင့်ကြည့်သည်။

"ဒါက ဘာတွေလဲကွဲ့"

"ဟို. . . ဖန်စီနားကပ်တို့ ကလစ်တို့ပါ အန်တီ"

"မှန်းစမ်း. . . လှမှာပါ"

အန်တီဒေါ်မေမိုးက စက္ကူအိတ်ဝကို ကပ်ထားတဲ့တိတ်ကို ဆွဲခွာရင်း လက်ထည့်ပြီး ပြန်ထုတ်လိုက်တော့. . .

"ဟင်"

ဒေါ်မေမိုး သူ့လက်ထဲမှာ တန်းလန်းကြီး ကိုင်ထားတဲ့ရာဘာမြွေမြွေရုပ်ကို အမြီးကနေ ကိုင်ထားရင်း ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနဲ့. . .

"အောင်မငီးတော့. . . မြွေ. . . မြွေ"

ဒေါ်မေမိုး တစ်ခွန်းပဲ အော်နိုင်ပြီး လူက မျက်တောင်မခတ် စကားမပြောဘဲ ကျောက်ရုပ်ကြီးအတိုင်း ဖြစ်နေလေတော့သည်။

အေးမိစံက မျက်ရည်ထွက်အောင် ရယ်သည်။ ပျိုမေလည်း အငို ငိုရယ်နိုင်သည်။ ဖြစ်စက ငုတ်တုတ်ကြီး သတိလစ်နေတဲ့ မာမီကို မနည်း သတိရအောင် လုပ်ယူလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



A မောင်ကြီးက မေမေ သတိရတော့ ကုန်းရုန်းကန်တော့ပြီး သူလုပ်တာ မဟုတ်ကဲ့အကြောင်း အာပေါက်အောင် ရှင်းပြခဲ့ပါတယ်။ ဖေဖေကလည်း မင်းမလုပ်တာ သိပါတယ်ကွာလို့ ထပ်ခါတလဲလဲ ပြောယူရတဲ့အထိ တားယူရပါသည်။

"အဲဒီလူကြီးတော့ မျက်နှာကို ပျက်နေမှာပဲနော်. . . ဟိဟိ"

သင်တန်းမစသေးတာကြောင့် မနေ့ကကိစ္စကို ပျိုမေ မိစံကို ပြောပြနေခြင်းဖြစ်သည်။ အေးမိစံ လူပိုတို့ဆီ မသိမသာ လှည့်ကြည့်တော့ လူပိုတို့သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ဘာတွေ ကြိတ်တိုင်ပင်နေကြသည်မသိ။

"ပျက်တာတော့ ပြောမနေနဲ့ မိစံ၊ ဓာတ်ပုံဆရာကို ခေါ်ပြီး မျက်နှာကို ပြန်ပြင်ရင်တောင် ပြင်လို့လွယ်မှာမဟုတ်ဘူးဟ"

အေးမိစံက ပျိုမေစကားကြောင့် ရယ်သည်။ သူတို့လိုပဲ လူပိုတို့လည်း မနက်က အစောကြီး သူ့အိမ် မျက်နှာငယ်လေးနဲ့ ရောက်လာပြီး ဖြစ်ကြောင်းကုန်စင် ပြောပြတဲ့ ကို A မောင်ကြီးရဲ့အကြောင်းကို ဆွေးနွေးနေမိကြသည်။

"မင်းကလည်း ဟုတ်ကိုမဟုတ်ပါဘူးကွာ၊ လက်ဆောင်ပစ္စည်းထဲ မြွေရုပ်ထည့်ပေးရတယ်လို့"

"ငါလည်း ဒီလောက်ထိ ဖြစ်သွားလိမ့်မယ် မထင်လို့ပါကွာ၊ ဒီလူကြီးကိုက ကံနိမ့်နေလို့လားမှ မသိတာ"

အောင်ဒူက အလေးအနက် ပြောသလိုနှင့်. . .

"သူကိုက တလွဲဖြစ်ရမယ်ဆိုတဲ့ ဆုတောင်းနဲ့ လာတဲ့သူ ဖြစ်ရမယ်၊ ဒီလိုလုပ်ပါလား"

လူပိုကလည်း အဟုတ်ထင်ပြီး. . .

"ပြောပါဦး"

"သြော်. . . ကို A မောင်ကြီး ကံမြင့်အောင်"

"တာဖို့ရမှာလား"





ကျွမ်းပစ်က ဝင်နှောက်တော့ အောင်ဒူက တိုးတိုးကြိတ်ကြိတ်ဆဲသည်။

"ကဲ. . . ပြောမယ့်အရေး ပြောပါဦး"

လူပို ဝင်ပြောမှ အောင်ဒူက ခုနစကားကို ပြန်ဆက်သည်။

"ဒီလိုကွာ. . . ကို A မောင်ကြီး ကံကောင်းအောင် မင်းရဲ့ကံကဒါရမီ ဖြည့်ဆည်းပေးရမယ်"

လူပို မျက်မှောင်ကြုတ်ပြီး. . .

"ငါ အဲဒီလို ယတြာမျိုး တစ်ခါမှ မတွေ့ဖူးဘူး အောင်ဒူ"

"ဟ. . . အရင်က မတွေ့ဖူးပေမယ့် အခု တွေ့ဖူးပြီမဟုတ်လား၊ ကဝိပေဒင် ရေတင်ဆရာ ဤဗေဒမှာ တလူလူနဲ့ ဆရာဒူပါကွ"

ကျွမ်းပြစ်က မဲ့ရွဲ့၍. . .,

"တစ်ခါမှလည်း မကြားဖူးဘူး၊ ဘာတဲ့. . . ကဝိပေဒင်ရေတင်မော်တင်၊ ကြည့်မြင်တိုင် ကူလီခေါင်း အောင်ဒူ"

"မင်းကြီးတော် ကူလီခေါင်းရမှာလား"

"ဒါဆို မင်းက ဘာခေါင်းလဲ"

အောင်ဒူက မျက်လုံးကြီး ပြူးကြည့်တော့ ကျွမ်းပစ်က. . .

"ဟဲဟဲ. . . လူရိုင်းခေါင်းလား မေးတာပါကွာ"

"ကဲ. . . ဆရာဒူ၊ ဆရာ့ရဲ့ယတြာလေးကို ပြောပါတော့"

"ဒီလိုကွ. . ., သူ့ကံကို မင်းကံက ကူထောက်ပေးရမယ်"

"လူ့ကံ ဝကံ နှစ်ယောက်ကံတော့ ခြင်ထောင်ပြုတယ်ဆိုလား"

ကျွမ်းပစ် ဝင်နှောက်တော့ လူပိုက ခုံအောက်ကနေ ကျွမ်းပစ်ရဲ့ညို့သကျည်းကို လှမ်းကန်သည်။ ဆက်မပြောရဲတော့၊

"ဘယ်လိုလုပ်ရမလဲဆိုရင် မင်းက ပျိုမေကို အိုတေလိုက်"

လူပို အလန့်တကြားနဲ့. . .

"ဘယ်လို. . . ဘယ်လို"

အောင်ဒူက စပ်ဖြီးဖြီးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ရည်းစားစကား ပြောလိုက်လို့"

"ဟာကွာ"

လူပို အနေခက်စွာနဲ့ ပျိုမေကို လှမ်းကြည့်တော့ ပျိုမေက လူပိုကို ဖျတ်ခနဲ လှမ်းကြည့်တာနဲ့ ဆုံသည်။ နှစ်ယောက်စလုံး မျက်နှာလွှဲလိုက်ကြသည်။

"ပြောသာပြောရတာ. . . ပျိုမေက ဆွဲဆောင်မှု တကယ်ရှိတဲ့ ကောင်မလေးကွ၊ မြေရဲ့ဆွဲငင်အားလို ပါဝါရှိတဲ့ ကောင်မလေးကွ"

အောင်ဒူ ပြောလည်းပြောစရာပါ။ သူမ လှတာ လူပို တကယ့်ကို သိသောကြောင့် ဖြစ်သည်။

၅ ၅ ၅ ၅

"မိစံရေ. . . မိစံ"

အဖေနဲ့အမေ အပြင်သွားနေတော့ လူပိုကိုယ်တိုင် နောက်ဖေးမှာ ကိုယ်တိုင်ချက်ပြုတ်နေရသည်။ အိမ်ရှေ့က အော်သံကြောင့် လက်နှီးစုတ်ကို ခါးကြားထိုးရင်း ကမန်းကတန်း ထွက်ကြည့်တော့ ခြံတံခါးက ခေါင်းလောင်းကို လှုပ်ရင်း အော်နေတဲ့ ပျိုပျိုမေ။

အခုလို အိမ်တိုင်ရာရောက် လာလည်ရအောင်လည်း သူနဲ့ ကျွန်တော်က သမီးရည်းစားလည်းမဟုတ်၊ သူငယ်ချင်းလည်း မဟုတ်၊





ဘိုလိုလိုဒီလိုလို ပြောရမယ့် အနေအထား။

"ဇကန္တ အိမ်တိုင်ရာရောက် ငါ့ကို ရည်းစားစကား လာပြောတာ လား၊ ဟင်း. . . ဒါလည်း မဖြစ်နိုင်ပါဘူးလေ"

ပျိုမေကလည်း အထူးအဆန်းကြီး လူပိုကို ကြည့်နေရာမှ တစ်ဖက် လှည့်ရယ်သည်။ လူပိုလည်း ခုမှသတိရကာ မျက်နှာမှာ အိုးမည်းတွေ ပေနေတယ် ထင်ပြီး လက်ခုံနဲ့ သုတ်တော့မှ သူမက ဟက်ဟက်ပက်ပက် ရယ်ကာ. . .

"ဟဲ့. . . နင်သုတ်မှ ပိုပေနေပြီ"

လူပို စပ်ဖြီးဖြီးနဲ့. . .

"ဘယ်က လာတာလဲ"

"ဒါ မိစံတို့အိမ် မဟုတ်ဘူးလား"

"ဟာ. . . မဟုတ်ဘူး၊ မိစံတို့အိမ်က ဟိုရှေ့မှာ"

ပျိုမေက လက်ထဲက လိပ်စာကို လှမ်းကြည့်ရင်း. . .

"မိစံ ရေးပေးလိုက်တာပဲ၊ ယုဇနလမ်း၊ အိမ်နံပါတ် ဆယ့်ငါး တဲ့"

လူပို သိလိုက်ပါပြီ။ မိစံ ခွင်ဆင်ပြီး လူပိုဆီ တည့်တည့်လွှတ်လိုက် ခြင်း၊ အဲဒီအချိန်. . ဖြစ်ချင်တော့ အဖေနဲ့အမေ အပြင်က ပြန်လာတာ ပျိုမေကို စူးစမ်းရင်း. . .

"ဟဲ့. . . သား၊ မင်းသူငယ်ချင်းလား၊ အိမ်ထဲ ခေါ်လေ၊ ဒီကောင် လေးတော့ ခက်နေပြီ"

"ဟာ. . . ဟုတ်သားပဲ"

လူပိုလည်း အခုမှ သတိရကာ ခေါ်မယ်ပြင်တော့. . .

"နေပါစေ အန်တီ၊ သမီး မိစံတို့အိမ် လာတာပါ၊ အိမ်မှားမေးမိလို့"

လူပိုအမေ ဒေါ်ပိုပိုဝင်းက ပြုံးရင်း. . .

"ဩော်. . . သမီးက တစ်ခါမှ မရောက်ဖူးဘူးထင်တယ်"

"ဟုတ်ကဲ့ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ပျို့မေကို ပြုံးပြပြီး အိမ်ပေါ် တက်သွားပါသည်။

"သား လိုက်ပို့ပေးလိုက်လေ"

"ဟုတ်ကဲ့ မေမေ၊ ဟိုနောက်မှာ ဟင်းအိုးတည်ထားတယ်၊ ပျို့မေ ခဏနော်"

ပျို့မေ ခေါင်းညိတ်ပြတော့ ကျွန်တော် ကမန်းကတန်း ရေချိုးခန်းဝင်ကာ ဘေစင်မှာ မျက်နှာသစ်လိုက်သည်။ ပြီးမှ မျက်နှာသုတ်ပြီး အပေါ် အင်္ကျီတစ်ထည် ကောက်ဝတ်ကာ ထွက်လာခဲ့လိုက်သည်။

လူပို အပြင်ရောက်တော့ လုပ်နေကျအကျင့်အတိုင်း တွေ့တဲ့လူတွေကို လှမ်းနှုတ်ဆက်မိသည်။

"ကိုကျော်ကြီး. . . အလုပ်သွားပြီလား"

ကိုကျော်ကြီးက ကုပ်ကုပ်,ကုပ်ကုပ်နဲ့ ထမင်းချိုင့်လေး ဆွဲပြီး လျှောက်လာရင်း. . .

"ဟာ. . . လူပို၊ ဟဲဟဲ. . မင်းက. . ဟဲဟဲ"

လူပိုကလည်း ဘုမသိ ဘမသိပဲနဲ့. . .

"ဟဲ. . . ဟဲ. . ."

ဆက်လျှောက်လာရင်း မတင်စိန်တို့အိမ်ရှေ့ ရောက်တော့ သူ့သားကို ရေချိုးပေးဖို့ အင်္ကျီအတင်းချွတ်လိုက် ခေါင်းခေါက်လိုက် လုပ်နေတဲ့ မတင်စိန်ကို. . .

"မတင်စိန်. . . သူရကို ရေချိုးပေးမလို့လား"

မတင်စိန်က လူပိုတို့နှစ်ယောက်ကို မြင်တော့ အားရပါးရ ပြုံးရင်း

"အံမယ်. . . လူပိုတို့က. . . ဟင်းဟင်းဟင်းဟင်း"

မတင်စိန်တို့ကို ကျော်သွားတော့ ဦးဝတုတ်နဲ့ တွေ့ပြန်ရော။

"ဦးလေးဝတုတ်. . . ရေချိန်ကိုက်ပြီလား"

"ဟာ. . . လူပို. . . ဩော်. . . ဟဲဟဲ ဟဲဟဲ"

"ဟဲဟဲ. . . ဟဲဟဲ"

"ကိုဝင်း"





"ဟုဲ. . ."

လူပို ထပ်ခေါ်ဖို့ အရှိန်တင်ရုံပဲ ရှိပါသေးတယ်၊ ဘေးကနေ ပြုံးပုပ်ပုပ်မျက်နှာနဲ့ လှမ်းဟန့်လိုက်တဲ့ ပျို့မေကြောင့် လူပို စကားတွန့်သွားရင်း သူမကို ကြည့်မိသည်။ ပျို့မေက. . .

"ဘာဖြစ်လို့ တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်နေတာလဲ. နှင်နော်"

"ဘာဖြစ်လို့လဲ. . . ငါ့အကျင့်က ဒီလိုပဲဟာ"

သူမက လူပိုကို မျက်စောင်းထိုးရင်း. . .

"နှုတ်မဆက်နဲ့ဟာ"

"ဘာဖြစ်လို့လဲ"

လူပို မေးကာမှ ပိုဆိုးတော့သည်။ သူမက မျက်နှာအရဲသားနဲ့ လူပိုကို မကြည့်ဘဲ. . .

"ငါနဲ့နှင်နဲ့ တွဲပြီးလျှောက်လာရင်း နင်က အခုလို လိုက်နှုတ်ဆက်တော့ လူတွေက ဘယ်လိုထင်လဲ"

"ဘယ်လိုထင်လို့လဲ"

လူပို အမှန်တကယ် မသိလို့ မေးမိတာကို သူမက မျက်စောင်းသုံးနှုတ်ခမ်းကိုက်ပြသည်။ အဲဒီပုစ္ဆာကို အဖြေထုတ်ပေးသူက အေးမိစံ၊ အေးမိစံက ခြံထဲ ရေလောင်းနေရာမှ လူပိုနဲ့သူ တွဲလာတာ မြင်တော့. . .

"ဟဲဟဲ. . . လူပိုနဲ့အပျို့ အိုကေနေပြီပေါ့"

"မိစံနော်"

ဩော်. . . အခုမှ လူပို သဘောပေါက်သွားသည်။ တုံးချင်ရင်လည်း လူပိုက အဲဒီလို တုံးတဲ့လူ။ ညမှ လေးလေးနက်နက် စဉ်းစားချပါမယ်၊ နစ်နာရင်လည်း ရှိပါစေတော့လေ။



www.burmeseclassic.com

www.burmeseclassic.com



မိစံက ပျိုမေပြန်သွားတော့ လူပိုဆီ လာရင်း မေး၏။

"နင်နဲ့ပျိုမေ ဘာဖြစ်ကြတာလဲ"

လူပို တစ်ခုချင်း အသေးစိတ် ပြောပြတော့ တခွီးခွီးနဲ့ကို ရယ်ပါသည်။

"ငါလည်း အဲဒီလို လူတွေ ထင်မယ်လို့ ဘယ်သိပါ့မလဲဟ၊ ငါ့အကျင့်အတိုင်း နှုတ်ဆက်တော့ မျက်နှာကြီး စူပုပ်နေတာပဲ"

မိစံက ရယ်ရလွန်းလို့ မျက်ရည်သုတ်ရင်း. . .

"ဘာပြောကောင်းမလဲ. . . နင်လည်း ထွက်သွားရော မျက်နှာကြီး ရဲပြီး. . . အဲဒီလူပိုဆိုတဲ့ကောင်လေ ဘယ်လိုကောင်မှန်း မသိဘူး၊ ဒီကောင် သက်သက်အကျင့်ယုတ်တာတဲ့၊ ငါက ဘာဖြစ်လို့လဲဆိုတော့ နင်မသိပါဘူးတဲ့၊ မေးလို့ကို မရဘူး၊ လက်စသတ်တော့ ဒီလိုကိုး"

လူပိုလည်း အခုမှပင် စဉ်းစားမိကာ ပြုံးမိရင်း. . .

"ဒါကြောင့် ငါက နှုတ်ဆက်လေလေ လူတွေက တဟဲဟဲနဲ့ ရယ်ပြနေတာကိုး"

မိစံက ပြုံးစစနဲ့. . .





"လူပို. . နင် ရင်ဖိုသွားပြီ မဟုတ်လား"

မိစံ စကားကြောင့် လူပို ကမန်းကတန်း ငြင်းရပါသည်၊

"ဘာမှ ရင်မဖိုဘူး"

"ဟွေ့. . . ဘာတွေ ရင်ဖိုနေတာလဲ လူပို၊ မင်းက ငါ့အလစ်မှာ ငါ့စားခွက်ကို လုတာလား"

ပြောလည်းပြော. . . ဘေးမှာ ဝင်ထိုင်တော့ မိစံ အောင်ဒူ ခါးကို လိမ်ဆွဲရင်း. . .

"တိုးတိုးပြောပါဟဲ့. . . အိမ်ပေါ်မှာ ဦးလေးရော အဒေါ်ရော ရှိတယ်ဟဲ့၊ ဘယ်လိုကောင်မှန်း မသိဘူး"

"နင် အခုထိ မသိသေးဘူးလား"

"ကဲဟယ်"

"ဒေါက်"

"အောင်မငီးဗျ"

မိစံလက်က အောင်ဒူ့ခေါင်းကို ဂေါက်ခနဲ။

"မင်းပြောမှ မိစံက စားခွက်ဖြစ်၊ ငါလည်း ခွေးဖြစ်တော့တယ် အောင်ဒူ၊ အေးပေါ့လေ. . . မင်းက အူနေကျပဲ"

"အူမကျပါဘူး. . . ဘောင်းဘီဝတ်ထားပါတယ်"

"ဒီကောင်တော့ ပြောလေဆိုးလေပဲ"

အောင်ဒူက ရယ်ကျဲကျဲနဲ့. . .

"ပြောပါဦး. . . ခုန ငါကြားပါတယ်၊ လူပို ရင်ဖိုသွားပြီဆိုတာ. ."

မိစံက လူပိုကို လှမ်းကြည့်ကာ ပြုံးစစနဲ့. . .

"ဒီကောင်ကို တမင် အချွန်နဲ့ မ,လိုက်တာလေ၊ ဒီနေ့ ငါ့ဆီ ပျိုမေ လာမယ်လို့ ချိန်းတော့ ငါက ဒီကောင့်အိမ်နံပါတ် ပေးလိုက်ရော"

"အဲဒီတော့. ."

မိစံက ခုနက ကိစ္စကို ပြောပြလိုက်သည်။

"လူပို. . . မင်းဘယ်လိုပဲရှောင်ရှောင် ကျူးပစ်ရဲ့မြှောင်ချွန်က



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ချိန်ထားပါတယ်ကွ”

“တော်ပါကွာ”

ကျွန်တော် ရှက်ရမ်း,ရမ်းပြီး ရေနွေးခွက်ကို ယူမော့သည်။

“ဖူး. . .”

“အား. . . လား”

ရေနွေးက ပူလွန်းတာကြောင့် ချက်ချင်းပြန်ထွေးထုတ်တော့ တို့နှစ်ယောက်က တဟားဟားနဲ့ သဘောကျလို့မဆုံး။

၅ ၅ ၅ ၅

“မင်းတို့နှစ်ယောက်လုံး လိုက်ခဲ့ကွာ၊ ငါတစ်ယောက်တည်းကျ တော့ ကြောင်တောင်တောင်နဲ့”

အောင်ဒူစကားကြောင့် ကျွမ်းပစ်က. . .

“ဘယ်လဲ”

လမ်းထဲက လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း အောင်ဒူက ဆိုင်း မဆင့် ပုံမဆင့် ပြောတဲ့စကားကို ကျွမ်းပစ်က မေးခြင်းဖြစ်သည်။

“ငါ့အဖေမိတ်ဆွေ မင်္ဂလာဆောင်ကွ”

“မင်းအဖေမိတ်ဆွေပဲ. . . မင်းမိတ်ဆွေမှ မဟုတ်တာ၊ မင်းအဖေ သွားမှာပေါ့”

အောင်ဒူက ခေါင်းခါရင်း မီးထ,ညှိလိုက်သေးသည်။ ပြီးတော့





ပြန်ထိုင်ရင်းမှ. . .

“ငါ့အဖေက ကုမ္ပဏီကိစ္စနဲ့ နယ်သွားတယ်ကွ”

ဒီကောင်က အတင်းခေါ်နေတော့ ကျွမ်းပစ်က ဘယ်လိုလဲဆိုတဲ့ သဘောနဲ့ လူပိုကို မေးဆတ်ပြသည်။

“ငါက လိုက်လို့ရမှာ မဟုတ်ဘူး၊ OG ပြရဦးမယ်”

“ဘယ်လို”

လူပိုလည်း ကမန်းကတန်း ဝင်ပြောရပါသည်။

“ဟေ့ကောင်တွေ. . . အဲ့လိုမကြည့်နဲ့၊ ငါ့အမေ အမျိုးသမီးရောဂါ ဖြစ်နေလို့ OG ပြထားတာ၊ အဲဒါ ဆေးစစ်ချက် သွားယူရမှာ၊ အဲ့ဒါယူပြီး သင်တန်းကို တန်းလာရမှာ”

ဒူက ရင်ဘတ်ဖိပြပြီး. . .

“တော်သေးတာပေါ့ကွာ၊ ငါက. . . ဟဲဟဲ”

လူပို ဆဲတော့ ဒီကောင်တွေ အပြုံးမပျက်။

“ကဲ. . . ကျွမ်းပစ်၊ မင်းရေမိုးချိုး အဝတ်အစားလဲပြီး ငါ့အိမ်ဝ လာခဲ့၊ ဟေ့ကောင်. . . မင်းနဲ့ သင်တန်းအောက်က လက်ဖက်ရည်ဆိုင်မှာ ဆုံကြမယ်”

“ဒါနဲ့ အစ်ကိုကြီး A မောင်ကြီးလည်း မတွေ့တာ ကြာပြီနော်”

လူပို သတိတရနဲ့ ပြောတော့ အောင်ဒူကလည်း. . .

“အေးကွ. . . သတိရလိုက်တာ၊ သတိရတိုင်း ဘီယာပုလင်းပဲ မြေးမြေးမြင်တယ်”

“ခွေးကောင်”

သုံးယောက်သား ရယ်မိကြပါသည်။ တအောင့်ထိုင်ပြီး လမ်းခွဲတာ အိမ်ပြန်လိုက်သည်။ အိမ်ပြန်ရောက်တော့ ရေမိုးချိုး ထမင်းပါ စားပြီး ရွှေဘုံသာလမ်းကို ပြေးရသည်။ မေမေပြထားတဲ့ အထူးကုဆေးခန်းမှ ဆေး စစ်ချက်ကို ဝင်ယူပြီး သင်တန်းရှိရာကို ပလက်ဖောင်းအတိုင်း လျှောက်လာ မိသည်။

www.burmeseclassic.com



တစ်နေရာအရောက် လမ်းဘေးဈေးသည်နဲ့ အချေအတင် ဖြစ်နေတဲ့ ဖျိုမေကို ကျွန်တော်တွေ့တော့ ကမန်းကတန်း ဖျိုမေရှိရာကို လျှောက်လာခဲ့လိုက်သည်။ စကားများနေတာတောင် ဘေးက ဈေးသည်တွေက ပြုံးစေ့စေ့နဲ့ ကြည့်နေကြသည်။

"ဟဲ့. . . ဘာဖြစ်တာလဲ"

ဖျိုမေက ကျွန်တော့်ကို မြင်တော့ အဖော်ရှိလို့ အားရသွားပုံရတယ်။ မျက်နှာကို ပိုပြီးတင်းပြလိုက်ရင်း. . .

"ဒီလူပေါ့ဟာ. . . ငါ့လက်ကို ဆွဲတယ်"

ဈေးသည်ကလည်း ကျွန်တော်တို့နဲ့ သက်တူရွယ်တူပါပဲ။

"ဟာ. . . မဟုတ်ဘူး အစ်ကို၊ ကျွန်တော် သူ့လက်ကို မဆွဲဘူး"

ကျွန်တော်က လက်ကာပြကာ. . .

"ဒါဖြင့်ရင် ခင်ဗျားက ကျွန်တော့်သူငယ်ချင်းကို ဘာသွားလုပ်တာလဲ"

ဈေးသည်က အရိုးခံမျက်နှာနဲ့. . .

"သူ့လက်ကို မဆွဲရပါဘူးဗျာ. . . ကိုင်တာပါ"

ဘေးက ကြိတ်ရယ်သံ ကြားရသလို ကျွန်တော်လည်း မရယ်မိအောင် နေရတယ်။ ဖျိုမေက ရှက်ပြီး. . .

"တော်. . ."

ဈေးသည်က မျက်နှာငယ်လေးနဲ့. . .

"ကျွန်တော်က ဒီမှာ ပန်းသီးတွေ အမြဲရောင်းနေတဲ့ ဈေးသည်ပါဗျာ၊ ကျွန်တော်က အခုမှ ဈေးပန်းချပြီး ဈေးစရောင်းဖို့ ပြင်ရုံရှိပါသေးတယ်၊ အစ်ကို့သူငယ်ချင်းက ဝယ်မယ်ပြင်ပြီးမှ မဝယ်တော့ဘဲ ထ,ထွက်လို့ ဈေးဦးကျိုးမှာစိုးလို့ ယောင်ပြီး သူ့လက်ကို ကိုင်ပြီး တားလိုက်တာပါ"

ဖျိုမေကလည်း. . .

"ငါဝယ်မလို့ပဲ. . . သင်တန်းရောက်ရင် ထားစရာနေရာ ခက်မှာပဲဆိုပြီး သတိရလို့ မဝယ်တော့ဘဲ ထ,ထွက်တာဟ၊ ဈေးဦးကျိုးမယ်ဆိုလည်း





ဘာစောပြောပါလား၊ လူများလက်ကို ကိုင်ပြီးတော့မှ. . . ဟင်း"

နောက်ဆုံးတော့ ကျွန်တော်ကပဲ စတိုသဘောမျိုး ကြားထဲက တစ်လုံးဝယ်လိုက်ရသည်။

"ကျေးဇူးပါပဲဗျာ"

ဈေးသည်ဆီက ထွက်လာတော့ ကျွန်တော်နဲ့ဖျိုမေ အတူလျှောက်လာရင်း. . .

"နင်က ဘာပြုံးတာလဲ"

သူမက ကျွန်တော့်အပြုံးကို မကျေနပ်ဟန်နဲ့ ပြောတော့. . .

"သြော်. . . နားလည်မှုလွဲတဲ့စကားလုံးကို တွေးမိရင်း ရယ်ချင်လို့ပါဟာ"

သူမကလည်း အခုမှ ရယ်နိုင်ကာ. . .

"အေးပေါ့ဟ. . . အဲဒီဈေးသည်က ငါ့ကို လက်မဆွဲပါဘူး ငြင်းနေတော့ ငါလည်း ဒေါသဖြစ်တာပေါ့"

"အေးလေ. . . သူပြောတာလည်း မှန်နေတာပဲဟာ"

နှစ်ယောက်သား သဘောကျကာ ရယ်မိကြသည်။

"နင့်ကောင်တွေ မပါဘူးလား"

"အေး. . . မပါဘူးဟ၊ အောင်ဒူ့အဖေမိတ်ဆွေ မင်္ဂလာဆောင်ရှိလို့ ကျွမ်းပစ်ကို အဖော်ခေါ်သွားတယ်၊ ငါက ကိစ္စတစ်ခု ရှိလို့ ခွဲဘုံသာလမ်း ဝင်ပြီး သင်တန်းကို ပြန်အလာမှာ နင်ရယ် ပြဿနာရယ်နဲ့တို့ တန်းတိုးတာပဲ"

ကျွန်တော့်အပြောကြောင့် သူမက ရယ်သည်။

"ဟာ. . ."

ရုတ်တရက် ဘာမပြောညာမပြောနဲ့ မိုးက ရုတ်တရက် ရွာချလာကြောင့် ကျွန်တော်က မိုးခိုမယ့်နေရာတောင်းတောင်းဆို ပြေးရန် ထပြင်တော့. . .

"ဟဲ့. . . ငါ့မှာ ထီးပါတယ်. . . ခဏ"

www.burmeseclassic.com



မိုးက နည်းနည်းသည်းလာတာကြောင့် အင်္ကျီကို စိုစပြုနေပါပြီ။ သူမတာ သူမလွယ်ထားတဲ့အိတ်ထဲက ထီးကို လိုက်ရှာနေရသေးသည်။ မိန်းမကိုင် ထီးပန်းနုရောင်လေး ထွက်လာတော့လည်း ထီးက ဆွဲထုတ်မရ။

"ဟာ. . . အရေးထဲ ထီးက ကြပ်နေတယ်. . . တောက်"

"ကဲ. . . ငါပေးစမ်းပါ။ ရော့. . . ငါ့လွယ်အိတ်ယူထား"

ကျွန်တော့်အိတ်ကို ပေးပြီး ယောကျာ်းတံခွန် လူရည်ချွန် ကောင်းတင် တမွတ် ကြယ်ကို ဆွတ်မယ်ဆိုတဲ့စကားအတိုင်း မိန်းမကိုင်ထီးလေးကို ယောကျာ်းအားနဲ့ ဆွဲထုတ်တော့ ဘယ်လိုမှ ဆွဲထုတ်လို့မရ။

ဘေးက ထီးဆောင်းပြီး လျှောက်လာတဲ့ စုံတွဲတွေက လှမ်းနောက်သည်။

"လက်ကြောမတင်းဘူးဆိုတာ ဒါမျိုးဖြစ်မယ်"

ကျွန်တော်လည်း ရှက်ရှက်နဲ့ ဆွဲထုတ်လေ ပိုကြပ်လေ ဖြစ်နေတာကြောင့် ပျိုမေက. . .

"ငါ တစ်ဖက်က ဆွဲမယ်"

ထီးရိုး အမြန်ဆုံး ဆွဲထုတ်ဖို့ အရေးကြီးနေတာကြောင့် ကျွန်တော် လည်း သဘောတူလိုက်ကာ သူမက တစ်ဖက်ကဆွဲ၊ ကျွန်တော်က တစ်ဖက်က အားနဲ့ ဆွဲသည်၊ လာထား. . .







"အောင်မငီးဗျ"

"အောင်မငီးတော့"

ထီးရိုးက ကျွတ်တော့ ကျွတ်သွားသည်။ သို့သော် အချိန်မထိန်းနိုင်ခဲ့ သူရောကျွန်တော်ပါ ပလက်ဖောင်းပေါ် ဗိုင်းခနဲ လဲတော့သည်။ ကျွန်တော့်လက်ထဲမှာ နှစ်ဆစ်ချိုးထီးရဲ့ရိုးတံတစ်ဝက်၊ သူ့လက်ထဲမှာ ထီးခွက်ကို လိပ်ထားတဲ့ထီး။

သွားပြီ. . . နှစ်ယောက်စလုံး မိုးရေတွေ ရွှဲလို့။ ဘေးက ရယ်သံတွေလည်း ကြားရသည်။ ကျွန်တော်လည်း ရှက်ရှက်နဲ့ သူမလက်ကို ဆွဲပြီး အဲဒီနေရာက အမြန်ဆုံး ထွက်လာခဲ့လိုက်သည်။

ခပ်ဝေးဝေးရောက်မှ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်ကာ အားရပါးရ ရယ်မိကြသည်။ သင်တန်းလည်း ဒီပုံစံနဲ့ သွားလို့မဖြစ်တာကြောင့် အသီးသီး တက္ကစီငှားကာ ကိုယ့်အိမ်ကိုပဲ ကိုယ် ပြန်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိုကျွေးတာလား
အပျိုလေးရယ်.....
တစ်ကယ်ဆို
မြေဆီဟောင်းက
အမြစ်ဟောင်းလေး
မထင်မှတ်ဘဲပြန်ရှင်
ဒါ သံယောဇဉ်ပေါ့နော်။



## အခန်း(၄)

“**အစ်**ကိုကြီးလည်း အခုမှ လာဖော်ရတော့တယ်”

အောင်ဒူရဲ့ညှော်ခံသံကိုက ဘီယာနံ့ ပါနေသည်။ A မောင်ကြီး လူပိုဘောမှာ ဝင်ထိုင်ရင်း. . .

“လာချင်တာပေါ့ကွာ. . . ပစ္စည်းတွေ ပြတ်နေတာနဲ့ ကိုယ်တိုင် နယ်ဆင်းနေရလို့ကွ”

“ဘာပစ္စည်းလဲ အစ်ကိုကြီး၊ ဖိနပ်စုတ် ကော်ရှပ်ကော်ပဲ့ အတန်း တွေလား”

ကျွမ်းပစ် စကားကြောင့် A မောင်ကြီးမျက်နှာ ရှုံ့မဲ့သွားရသည်။ ကျွန်တော်က ပြုံးရင်း. . .

“အခြေအနေက ဘယ်လိုလဲ အစ်ကိုကြီး”



www.burmeseclassic.com

www.burmeseclassic.com



A မောင်ကြီး ပြုံးဖြီးဖြီးနဲ့. . .

"တိုးတော့ တိုးတက်လာပါပြီကွာ"

"ဘယ်လို တိုးတက်တာလဲ. . . လုပ်ပါဦး"

"ငါက သူတို့အိမ်ရောက်ရင် သူတို့တစ်အိမ်လုံး ခပ်ဝေးဝေးက စကားပြောကြတယ်"

A မောင်ကြီးစကားကြောင့် ဝိုင်းရယ်ကြသည်။

"ဟုတ်တယ်ကွ. . . ငါလာရင် ဘာပြဿနာပါလာမလဲ စိုးရိမ်နေပုံပဲ"

အောင်ဒူက ကျွန်တော့်ပခုံးကို ပုတ်ပြီး. . .

"ကဲ. . . ကိုလူပို အပျိုလိုချင်နေတဲ့ တို့အစ်ကို့ကို အူစိုအောင် တူညီလိုက်ပါဦး"

ကျွန်တော် ခေါင်းတညိတ်ညိတ်နဲ့ စဉ်းစားနေမိသည်။

"အေးပါဟ. . . စဉ်းစားလိုက်ပါဦးမယ်"

ကျွမ်းပြစ်က အစ်ကိုကြီးကို စပ်ဖြဲဖြဲနဲ့. . .

"ခေါင်းအေးအေးနဲ့ စဉ်းစားလို့ရအောင် လူကြီးအအေးလေးနဲ့ ခေါင်းဆေးလိုက်ရင် ကောင်းမယ်ထင်တယ်နော် အစ်ကိုကြီး"

"ဘာလဲကွ လူကြီးအအေး"

"ဟဲဟဲ. . . အမြှုပ်ထတဲ့အရည်လေ"

အစ်ကိုကြီးကလည်း အူကြောင်ကြား။

"သေးလည်း အမြှုပ်ထတာပဲဟာ"

ကျွမ်းပစ် မျက်နှာရှုံ့မဲ့ရင်း. . .

"အဲဒီအရည်တော့ မသောက်ပါရစေနဲ့ အစ်ကိုကြီးရယ်"

"ဒါဆို ဘာအရည်ရှိလို့လဲ"

အောင်ဒူက ခေါင်းတဖျင်းဖျင်းကုတ်ရင်း. . .

"အစ်ကိုကြီးကလည်း 'အ' ပါ့ဗျာ၊ ဘီယာဗျို. . . ဘီယာ"

"သြော်. . . အဲဒီလို ရှင်းရှင်းပြောပါလားကွာ၊ လာ. . ထ"





အောင်ဒူက ဝမ်းသာအားရနဲ့. . .

"ဘီယာဆိုင်လား"

"ဟင့်အင်း. . . အိမ်သာ၊ ငါလည်း အောင့်ထားရတာနဲ့ အတော်ပဲ"

"ဟာဗျာ"

"ဟား ဟား ဟား"

ဒီတစ်ခါတော့ အောင်ဒူ ခံလိုက်ရသည်။ အတူထရပ်ရင်း မေမေ့တို အပြင်ခဏသွားလိုက်ဦးမယ်လို့ အော်ပြောပြီး ဆိုင်သို့ ထွက်လာခဲ့လိုက်ကြသည်။ ဆိုင်ရောက်တော့ ပျိုပျိုမေ စစ်ဆင်ရေးကို စတင်ဆွေးနွေးကြပါတော့သည်။

"Plan A တွေ Plan B တွေ မသိဘူး၊ ပျိုပျိုမေပဲ သိတယ်"

အစ်ကိုကြီးစကားကြောင့် ကျွမ်းပြစ်က တိုးတိုးကပ်ပြောသည်။

"တဏှာမီးတောက်ကတော့ တဟုန်းဟုန်း တောက်နေပြီတော့"

"ဟေ့ကောင်လေး. . . ဘာပြောတယ်"

A မောင်ကြီး ကြားသွားပုံရတာကြောင့် ကျွမ်းပစ်က လေပျော့ပျော့လေးနဲ့. . .

"ဟို. . . အချစ်မီးတောက်က ပိတောက်တွေလို လှတယ်လို့ ပြောတာ"

"ကဲ. . . အရည်မရ အဖတ်မရတွေ ပြောမနေနဲ့ ကျွမ်းပစ်"

အောင်ဒူစကားကြောင့် ကျွမ်းပြစ်က. . .

"အရည်လည်းရတဲ့ အဖတ်လည်းရတဲ့ စကားဝိုင်းပါကွာ၊ ဘီယာရော အမြှုပ်ရော ရှိပါတယ်ကွ"

ကျွန်တော် ဝင်မပြောမချင်း လိုရင်းကိုရောက်မှာ မဟုတ်တော့

"ကဲ. . . ဒီတစ်ခါတော့ အစ်ကိုကြီး မလွဲစေနဲ့နော်၊ ကျွန်တော် ပြောတဲ့အတိုင်း အသေအချာ လုပ်မှဖြစ်မယ်"

"စိတ်ချပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစိတ်ချပါကွာဆိုတာကိုပဲ ကြောက်ရတာ"

ကျွန်တော့်စကားကြောင့် အစ်ကိုကြီးက တဟဲဟဲ။ ကျွန်တော်တို့လေးယောက် ခေါင်းချင်းမဆိုင်ဘဲ ခွက်ချင်းဆိုင်ပြီး ဆွေးနွေးကြသည်။ အဲဒါ ပိုကောင်းမယ်လို့ ထင်ရတာပဲလေ၊ ဟုတ်ဖူးလား။

၄ ၄ ၄ ၄

ဒီတစ်ခါတော့ သူတို့ရဲ့အကြံအစည် အောင်မြင်ရမယ်လို့ A မောင်ကြီး ကြုံးဝါးလိုက်သည်။ ဈေးဝယ်ထွက်လာတဲ့ ပျိုပျိုမေကို သူက ဈေးဝယ်ပြီး ပလာဇာကအထွက် တိုက်ဆိုင်လို့ အဝင်ဝမှာတွေ့ သူက အတင်း တစ်ခုခု လိုက်စားဖို့ခေါ် ဆိုင်ထဲမှာ ရင်းနှီးမှုရအောင် စကားပြော၊ အစီအစဉ်က ဒါပါပဲ။

"မတော်တဆနော်. . . တမင်ဆုံလိုက်တာ မဟုတ်ဘူးနော်"

ကျွန်တော် အထပ်ထပ် သတိပေးတော့ A မောင်ကြီးက. . .

"စိတ်ချပါကွာ. . . မတော်တဆ ဖြစ်ရမယ်"

A မောင်ကြီး ကတိခဏခဏ ပေးပေမယ့် ကျွန်တော် သိပ်မယုံရဲ။

"အဲလောက်ကတော့ ငါတို့အစ်ကိုကြီး လုပ်တတ်ပါတယ်ကွာ၊ တလေးမှ မဟုတ်ဘဲ"

အောင်ဒူက ဝင်ပြောတော့ ကျွန်တော်က. . .





"ဟ. . . ကလေးမဟုတ်လို့ ပြောနေရတာပေါ့ကွာ၊ ကလေးဆိုရင်လည်း နားရင်းပိတ်ပတ်ရိုက်ပြီး သင်လို့ရသေးတယ်"

A မောင်ကြီး ကျွန်တော့်စကားကြောင့် ကျောတွန့်သွားပုံ ရသည်။

"ကဲ. . . ကျွန်တော်တို့ ဟိုထောင့်ကွယ်က စောင့်ကြည့်နေမယ်"

A မောင်ကြီး ခေါင်းညိတ်ပြတော့ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ A မောင်ကြီးက ခုနဝယ်ထားတဲ့အိတ်ကို ကိုင်ပြီး နာရီကြည့်လိုက် အပြင်ကို မျှော်လိုက်နဲ့။

"ပျိုမေတို့ ဈေးဝယ်ထွက်လာမှာ မင်းက ဘယ်လိုသိလို့လဲ"

အောင်ဒူ့အမေးကြောင့် ကျွန်တော်လည်း ဆရာကြီးစတိုင် ဖမ်းတာ. . .

"လူပိုပါကွာ. . . အနန္တကိုရိယာ မလိုဘူး၊ ရေဒါမလိုဘူး"

"ဒါဆို မင်းက ဘယ်လိုသိလဲ"

ကျွမ်းပစ်က အမြင်ကတ်ကတ်နဲ့ မေးတော့ ကျွန်တော် တဟဲဟဲနဲ့ တမ်းဖုန်းကို မြှောက်ပြလိုက်တယ်။

"ဒီမှာလေ"

အောင်ဒူက ဟမ်းဖုန်းကို ကြည့်ပြီး. . .

"ဘာဖြစ်လဲ. . . ဟမ်းဖုန်းပဲဟာ"

ဒီလောက်ထိအောင် ထူအလွန်းတဲ့ အောင်ဒူကို နားပန်ပိတ်ကျင်းလိုက်ရင်း. . .

"ဟင်. . . ငါ့သူငယ်ချင်းဖြစ်ပြီးတော့ ဒီလောက်တောင် အ,ရသလားဟ၊ ဟင်း. . . မွေးကတည်းက ကြီးအော်သံနဲ့ မွေးတဲ့ကောင် ဖြစ်မယ်၊ ပျိုမေတေးမှာ အေးမိစံတစ်ယောက်လုံး ရှိနေတော့ ဘာလိုသေးလဲ တိုးရဲ့"

အောင်ဒူက ရှုံ့မဲ့မဲ့နဲ့. . .

"မြန်မြန်လုပ်ပါကွာ. . . ငါ့သွားတွေလည်း ထွက်ကျလာပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်. . . တုံးချင်ဦး"

"မင်းကရော. . . ချွန်လို့လား ဉာဏ်ရည်"

"ဟ. . . ငါချွန်လွန်းလို့ မင်းကို ထိုးမိတာ မေ့နေပြီလား"

အောင်ဒူ အလန့်တကြားနဲ့. . .

"ဟေ့ကောင်. . . ဘာ. . . ဘာလဲ"

"ဟဲဟဲ. . . သူငယ်တန်းတုန်းက ငါ့ခဲတံနဲ့ မင်းဖင်ကို ထိုးမိတာ မေ့နေပြီလား"

အောင်ဒူ အခုမှ ရင်အေးသွားရသည်။

"ဟော. . . လာပြီထင်တယ်"

အစ်ကိုကြီးက လက်မြှောက်ပြပြီး အချက်ပြတော့ ကျွန်တော်တို့ သုံးယောက်သား အကွယ်မှာ ကပ်လိုက်ကြပြီး ခေါင်းတွေ ပြူတစ်ပြူတစ်နဲ့ ချောင်းကြည့်နေကြသည်။

အဲဒီအချိန်မှာ လူတစ်ယောက်က ပိုက်ဆံအိတ် ကိုင်လာပြီး သုတ်သုတ်သုတ်သုတ်နဲ့ လျှောက်လာကာ A မောင်ကြီးအနားအရောက်. . .

"အစ်ကိုကြီး. . . ဒါလေး ခဏယူထားနော်"

A မောင်ကြီးကလည်း ကြောင်တောင်တောင်နဲ့. . .

"ဩော်. . . အေးအေး. . . ဘယ်လဲ"

"ဒီနား"

A မောင်ကြီးက ခုနလူ ပေးတဲ့ ပိုက်ဆံအိတ်ကို ကိုင်ပြီး အပေါက်ဝကို မျှော်ကြည့်နေရုံပဲ ရှိသေးသည်။

"ဟေ့လူ. . . မပြေးနဲ့"

လုံခြုံရေးဝန်ထမ်းနှစ်ယောက်က ပြေးလာရင်း အော်ပြောသည်။ A မောင်ကြီး မျက်မှောင်ကုတ်ပြီး. . .

"မပြေးပါဘူး. . . ဘာလို့ပြေးရမှာလဲ"

"ခုနလူရော"

"အိမ်သာသွားတယ်ထင်တယ်"





ချောင်းကြည့်နေကြတဲ့ ကျွန်တော်တို့လည်း လန့်ဖျပ်သွားသည်။

"ပြဿနာတော့ စပြီထင်တယ်"

လုံခြုံရေးဝန်ထမ်းတစ်ယောက်က သူ့အဖော်ကို. . .

"ဟိုကောင် လက်ပြောင်းလက်လွှဲ လုပ်လိုက်တာထင်တယ်"

A မောင်ကြီးက ဟိုလူကြည့်လိုက် ဒီလူကြည့်လိုက်နဲ့၊ အဲဒီအချိန်မှာ သူတို့ဘေးက ဖြတ်လျှောက်သွားတဲ့ အေးမိစံနဲ့ပျိုမေတို့ကြောင့်. . .

"ကဲ. . . သွားမယ်နော်၊ ဒါလေးယူထားလိုက်၊ ဟိုလူပြန်ထွက်လာရင် ပေးလိုက်နော်"

"ခင်ဗျားဘယ်သွားမှာလဲ၊ ရှုံးသလိုပေါ်သလို လုပ်မနေနဲ့ လာ. . . ရုံးခန်းလိုက်ခဲ့"

ဒီအခါကျမှ A မောင်ကြီး မျက်လုံးပြူးသွားရသည်။

"ဟာ. . . လိုက်ဘူး"

လုံခြုံရေးဝန်ထမ်းနှစ်ယောက်က တစ်ယောက်တစ်ဖက်စီ ချုပ်ပြီး ဆွဲခေါ်သွားကြသည်။

"မလိုက်ဘူးဆို"

"ဟေ့ကောင်. . . ဟိုမှာ ခေါ်သွားပြီ"

အောင်ဒူစကားကြောင့် ကျွန်တော်လည်း. . .

"ဒုက္ခပါပဲ. . . ကဲ. . . လာ. . . ငါတို့ပါ ရုံးခန်းထဲ လိုက်သွားမှ ဖြစ်မယ်"

သုံးယောက်သား အစ်ကိုကြီးကို ဖမ်းချုပ်ခေါ်သွားရာဘက်ကို အပြေးလိုက်ကြရတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ တကယ်ပါဗျာ၊ ဘုရားစူးရပါစေရဲ့"

A မောင်ကြီးက ဖြစ်ကြောင်းကုန်စင် ရှင်းပြတော့ မန်နေဂျာက ရယ်ရင်း. . .

"ခင်ဗျားရဲ့ပစ်ဇစ်တင်းကတ်ကို ကြည့်ပြီးကတည်းက ယုံချင်နေပါပြီဗျာ၊ နေပါဦး. . . ခင်ဗျားက ဘာလို့ ကိုယ်မသိတဲ့လူ ပေးတဲ့ ပိုက်ဆံအိတ်ကို ယူရတာလဲ"

"ယောင်သွားလို့ပါဗျာ"

မန်နေဂျာက ပိုက်ဆံအိတ်ပိုင်ရှင် အမျိုးသမီးကို မေးတော့ အမျိုးသမီးက အိတ်ကြီးကို ကြည့်သည်။ A မောင်ကြီး မျက်နှာငယ်ထားတဲ့ရုပ်က ကမ္ဘာပေါ်မှာ သနားစရာအကောင်းဆုံးလူရဲ့ရုပ်ရည်တောင် သူ့ကို မီမည်မထင်။

"ပိုက်ဆံအိတ်ကိုလည်း ရပြီဆိုတော့ ဘာမှမလုပ်တော့ပါဘူး၊ ဒီကဝန်ထမ်းတွေလည်း ကျေးဇူးတင်ပါတယ်"

အဲဒီအခါကျမှ အစ်ကိုကြီးမျက်နှာ ဝင်းလက်သွားကာ. . .

"ကျေးဇူးပါပဲဗျာ. . . နောက် အကူအညီလိုတယ်ဆိုရင် ပြောပါ၊





ကျွန်တော် ဘယ်ကိစ္စဖြစ်ဖြစ် အကူအညီပေးပါမယ်"

"ရပါတယ်ရှင်. . . ပြန်လိုက်ပါဦးမယ်"

အမျိုးသမီးက အားလုံးကို ခြုံပြီး နှုတ်ဆက်ထွက်သွားတော့ ကျွန်တော်လည်း ထ,ရပ်ကာ. . .

"ကျွန်တော်တို့ ပြန်လို့ရပြီလား မသိဘူး"

မန်နေဂျာက ရယ်ရင်း. . .

"ရပါပြီဗျာ"

"ကဲ. . . သွားမယ် အစ်ကိုကြီး"

ကျွန်တော်တို့နဲ့အတူ အစ်ကိုကြီး ထွက်လာရင်း အပေါက်ဝရောက်တော့. . .

"ဟို. . . ခဏ"

ကျွန်တော်တို့ လှည့်ကြည့်တော့ မန်နေဂျာက ရယ်ကျဲကျဲနဲ့. . .

"နောက်တစ်ခါ ဘယ်သူဘာပေးပေး လက်သင့်မခံနဲ့နော်"

"ဟာဗျာ"

အစ်ကိုကြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံကြောင့် ကျွန်တော်တို့ပါ ရယ်မိကြသည်။

အပြင်ရောက်တော့. . .

"တော်သေးတာပေါ့ကွာ. . . မင်းတို့ လိုက်လာလို့"

"အစ်ကိုကြီးကတော့ ဖြစ်ရမယ်၊ နေပါဦး. . . ဘာလို့ ယောင်ပြီး သွားယူလိုက်တာလဲ"

အစ်ကိုကြီးက ရှုံ့မဲ့မဲ့နဲ့. . .

"ငါက ပျို့မေတို့ ကားပေါ်က ဆင်းလာတာကို ငေးနေတာကွ၊ နှုတ်တရက် လာပေးတော့ ယောင်သွားတာပေါ့"

အောင်ဒူက တမင်အရွဲ့တိုက်ကာ. . .

"သိပ်ယောင်နေရင်လည်း ကီးမို့သောက်လိုက်ပါလား"

"ကဲ. . . ဘယ်လိုလုပ်မလဲ၊ ပျို့မေကို အပေါ်ထပ်မှာ လိုက်ရှာကြ



www.burmeseclassic.com

www.burmeseclassic.com



မလား"

ကျွမ်းပစ် ပြောတော့ အောင်ဒူက. . .

"မင်းအဘွားနှစ်ယောက်က ဒီအချိန်ဆိုရင် သူ့အိမ်မှာ တစ်ရေးလောက် ရနေပြီ၊ ဘယ်အချိန်ရှိပြီလဲ. . . ကိုယ့်နာရီကိုယ် ပြန်ကြည့်ဦး"

"ကဲ. . . ဘာလုပ်ကြမလဲ"

A မောင်ကြီးကို ကြည့်ပြီး မေးတော့ A မောင်ကြီးက ကြက်ကိုလည်လိမ်ထားတဲ့ရုပ်နဲ့. . .

"ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့ကွာ၊ ငါကိုက အနားမှာ ကြာကြာကပ်လို့မရအောင် ခါတ်ရိုက်ခါတ်ဆင် လုပ်ထားမိတယ် ထင်တယ်ကွ"

"ကဲ. . . ခါတ်ပွင့်သွားအောင်"

အောင်ဒူက စကားအဆုံးမသတ်တော့ ကျွန်တော်ကပဲ. . .

"ခါတ်လိုက်ခံရမှာလား"

အောင်ဒူက နှုတ်ခမ်းမဲ့ ခေါင်းခါရင်း. . .

"ခါတ်ပြန်မယ်. . . အပူခါတ်ကို တံ့ပြန်ဖို့ အအေးခါတ် ရှိတဲ့ဆိုင်"

ကျွမ်းပစ်က ဝမ်းသာအားရနဲ့. . .

"BEER. . . ဘီယာ"





"အဲဒီဂေါက်ကြောင်းကြီးကတော့ ဖြစ်ရမယ်ဟေ့"

အေးမိစံက အောင်ဒူဆီက မနေ့က သိထားတဲ့သတင်းကို သင်တန်းမှာ ပျိုမေကို ဖောက်သည်ချသည်။ ပျိုမေ ဟက်ဟက်ပက်ပက် ရယ်ပြီး အခုလို မှတ်ချက်ချ၏။

"သနားတော့ သနားပါတယ်ဟာ"

အေးမိစံက အရေးထဲ သနားနေသေးသည်။

"မသနားနိုင်ပါဘူးဟာ. . . ဒီလူကြီး အနားရောက်ရင် ဘာဒုက္ခပေးမလဲ ကြောက်နေရတာဟဲ့"

မိစံက သဘောကျစွာ ရယ်ပြီး. . .

"လူပိုကတော့ ပြောတယ်၊ ပျိုမေကိုတော့ ကို A မောင်ကြီး ချစ်တာလက်ဖျားခါလောက်တယ်တဲ့"

မိစံစကားကြားတော့ ပျိုမေက မဲ့ရွဲ့ရင်း. . .

"လက်ဖျားခါတာ လက်ဖျား တံခါးနဲ့ ညှပ်မိလို့နေမှာပေါ့ဟာ။ အဲလောက် လက်ဖျားခါနေရင်လည်း သူ့ညီမနဲ့ ပေးစားလိုက်ပေါ့"

ပျိုမေ စိတ်ပေါက်ပေါက်နဲ့ ပြောတော့ မိစံ ရယ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် လူပိုတို့ ရောက်လာကာ ပျိုမေဘေးက ခုံမှာ ဝင်ထိုင်ပြီး

"ဟဲ့. . . ဘာတွေရယ်နေတာလဲ၊ ရယ်စရာရှိရင် နည်းနည်းပေးပါလား"

မိစံက ပျိုမေကို မေးငေါ့ပြပြီး. . .

"ဒီမှာလေ. . . နင့်ကို ဒေါကန်နေတာ"

"ဒေါကန်တာ ရယ်စရာ ပါလို့လား"

အောင်ဒူက ရယ်ကျဲကျဲနဲ့. . .

"ဒေါကန်တာတော့ မသိဘူး၊ ဘောကန်တာတော့ သိတယ်"

"ဘောကန်ရင် ဘောတက်သွားမှာပေါ့ကွ"

"ဘောတက်ရင် ဒုက္ခပဲ"

"ဟာ. . . ဘာတွေလာပြောနေကြတာလဲ"

မိစံ ရှက်ရှက်နဲ့ ကြုံးအော်တော့ ဘေးက ကောင်မလေးက တစ်ဘက်လှည့်ရယ်သည်။ ပျိုမေက စိတ်ဆိုးမပြေသေး။

"လူပိုနော်. . . ကိုယ်နဲ့ မဆိုင်တာ လျှောက်ဝင်မပါနဲ့"

ပျိုမေစကားကြောင့် မိစံက ပြုံးစိစိနဲ့. . .

"ကိုယ်နဲ့ ဆိုင်တာပဲ လုပ်တဲ့၊ တွေ့လား လူပို. . . ဒါဆို. . . "

"မိစံ"

ပျိုမေ ကိုယ့်စကားနဲ့ကိုယ် ပြန်ပတ်နေတာကြောင့် မိစံကို ဆွဲဆိတ်သည်။ စကားအသွားအလာကို သိပေမယ့် လူပို မသိချင်ယောင်ဆောင်နေလိုက်သည်။

"မနက်ဖြန် သင်တန်းပြီးရင် ဘာလုပ်စရာရှိလဲ"

ပျိုမေက လူပိုကို မေးတော့ လူပိုလည်း စဉ်းစားဟန်နဲ့. . .

"လစ်ဗျားခေါင်းဆောင် ကဒါဖီနဲ့တော့ တွေ့ဖို့ရှိတယ်၊ ကဒါဖီနဲ့မတွေ့ခင်. . . အင်း. . . ငွေတာရီတစ်အုပ်လောက် ဖတ်ပြီး ဝေဘာဂီက ထော်လာဂျီကို ပြင်ပေးရမယ်"

ပျိုမေက မရယ်မိအောင် နှုတ်ခမ်းစေ့ထားရသည်။ အောင်ဒူက





စကားဆက်ထောက်ပေးသည်။

"ဒါဆို မင်း မာလာရီနဲ့ ချိန်းထားတာရော"

"ရပါတယ်ကွ. . . မှောင်လာပြီဆိုတာနဲ့ သွားလို့ရတယ်၊ ဒါပေမယ့် ဥမ္မာကြည်ကတော့ စိတ်ဆိုးမှာကွ"

အေးမိစံတို့က ရယ်သည်။ ပျိုမေ စားပွဲပေါ်က ပေတံကို ကောက်ကိုင်ကာ လူပိုခေါင်းကို ခေါက်တော့. . .

"သေပါပြီဟာ"

ပျိုမေ မအောင့်နိုင်ဘဲ ရယ်မိတော့သည်။

"ကဲ. . . တော်ပါတော့၊ စကားအကောင်းပြောမလို့ဟာ၊ မနက်ဖြန် သင်တန်းပြီးရင် ငါတို့ စုပြီး ရွှေတိဂုံဘုရား သွားရအောင်"

ဘုရားဆိုတာနဲ့ လူပိုတို့အုပ်စု အင်တင်တင် ဖြစ်သွားကြသည်။

"ဟိုလေ. . . မနက်ဖြန် ကိစ္စရှိသလိုလိုပဲ"

"ဟုတ်တယ်. . . ဘုရားမရောက်တာ တစ်နှစ်ကျော်ပြီဆိုတော့ လမ်းတွေက စမ်းတဝါးဝါးပဲ၊ မျက်စေ့လည် လမ်းမှားနေမှာစိုးရတယ်"

"ငါတို့က ဘုရားနဲ့ တရားနဲ့ ကုလားနဲ့ နေတာဆိုတော့ ဘုရားမသွားလည်း စိတ်က ဘုရားကို အာရုံပြုလိုက်လည်း ရပါတယ်"

ယောကျ်ားလေးသုံးယောက်ရဲ့တိုင်ပင်ညီညီနဲ့ စကားတွေကြောင့် ပျိုမေ မျက်ထောင့်နီနဲ့ ကြည့်လိုက်သည်။ ဟိုသုံးကောင်က မျက်နှာကျက်ကို ကြည့်ပြီး ဟိုလိုလိုဒီလိုလို လုပ်နေကြသည်။

"အေးလေ. . . မသွားချင်လည်း နေခဲ့ပေါ့၊ စဉ်းစားထားတာတ မနက်ဖြန် ငါ့မွေးနေ့မှာ ဘုရားသွားမယ်၊ ပြန်လာရင် ရက်စတောရင့် တစ်ခုခုမှာ စားကြသောက်ကြမယ့် အစီအစဉ် ဖျက်လိုက်တာပေါ့"

"အသောက်"

သုံးယောက်သား မျက်လုံးပြူးကာ ပြိုင်တူအော်မိသည်။ အောင်ဒူက ကမန်းကတန်း ဝင်ပြောသည်။

"စိတ်ကြည်လင်မှ ကျွန်းမာမှာလေ၊ ဘုရားပေါ် ရောက်ပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ခမ္မတေးသံ၊ ခေါင်းလောင်းသံ၊ ကြေးစည်သံနဲ့ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ"

"ဒါပေါ့ကွ. . . သေရင် ကိုယ့်နောက်ပါတာဆိုတာ ကုသိုလ်ရေးပဲ ရှိတာလေ"

"မှန်တာပေါ့ကွာ. . . ငယ်တာကြီးတာ မဆိုင်ဘူး၊ တစ်မိနစ် အသက်ရှုခွင့်ရရင် တစ်မိနစ် ကုသိုလ်ရမှာပဲ မဟုတ်လား"

အေးမိစံက တခွီးခွီး။ ပျို့မေ ဒီသုံးကောင်ကို ကြည့်တော့ ဝါတော်ရတဲ့ သိက္ခာပြည့်ပုဂ္ဂိုလ်တွေလိုလို။

"အပြောင်းအလဲက မြန်ပါ့. . . မျက်နှာရှုးတွေ"

ၤ ၤ ၤ ၤ

ကျွန်တော် ဖိနပ်ကို ကုန်းကောက်မယ် ပြင်တော့ ပျို့မေက တောက်ပြီးပြီ။

"ဟာ. . . အားနာစရာဟာ"

"သွားမယ့်ဟာ သွားစမ်းပါဟာ၊ ငါဖိနပ်အပ်လိုက်ဦးမယ်"

"အဟမ်း. . . အဟွတ်"

"မြင်ရတွေ့တာ မုဒိတာ ပွားစရာပဲနော်"

ဘေးက အနှောင့်မလွတ် အသွားမလွတ် ချောင်းဟန့်သံတွေကို





ကျွန်တော် မသိချင်ယောင်ဆောင်နေသလို ပျို့မေကလည်း မကြားချင်ယောင်ဆောင်နေပါသည်။

ဖိနပ်အပ်ပြီး စောင်းတန်းအတိုင်း တက်ကြတော့ အောင်ဒူးနဲ့ ကျွမ်းပစ်က အေးမိစံကို စ,နောက်ရင်း ရှေ့က တက်သွားကြသည်။

ကျွန်တော်ကတော့ ပျို့မေကို စောင့်ပြီး စကားတပြောပြောနဲ့ တက်လာခဲ့သည်။

"ခဏနားမယ်ဟာ. . . မောတယ်"

ပျို့မေက လှေကားထစ်တစ်ခုမှာ ထိုင်ရင်း လက်ကိုင်ပဝါနဲ့ ပုတ်ပြီး ပြောတော့. . .

"နင်ကလည်း သိပ်တောင် မတက်ရသေးဘူး၊ မောနေပြီ"

"မိန်းကလေးပဲဟဲ့. . . မောမှာပေါ့"

"ဟောဗျာ. . . ယောက်ျားလေးဆို မမောရဘူးပေါ့၊ ငါ့အဖေဆို ညညဆို မောလို့"

"လူပိုနော်. . . ဘုရားပေါ် မရောက်သေးဖူး၊ အယုတ္တအနတ္တ စကားတွေ ပြောနေပြီ"

ပျို့ပျို့မေစကားကြောင့် ကျွန်တော်ရယ်ရင်း. . .

"ငါပြောတာက ငါ့အဖေက အသက်ရှုကြပ်တတ်လို့ ပြောတာပါ ဟ. . တဲ. . လာ"

ကျွန်တော် အတင်းခေါ်တော့ ပျို့မေ ကျွန်တော့်လက်မောင်းကို တွဲကာ တက်လာခဲ့သည်။ ဘုရားပေါ် ရောက်တော့ ကျွန်တော်တို့ အနေအထားကို ကြည့်ပြီး ထုံးစံအတိုင်း ပြုံးစေ့စေ့ မျက်နှာပေးတွေနဲ့ ချောင်းဆိုးပြနေကြသည်။

"အဟမ်း. . . အဟွတ်"

သူတို့ကလည်း ထုံးစံအတိုင်း မသိချင်ယောင်ဆောင်နေပါသည်။ အေးမိစံနဲ့ ပျို့မေက ဘုရားဝန်း သွားဝယ်ပြီး ခွဲပေးသည်။

"လူပို. . . နင်တ ဘာသားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အမေကတော့ တစ်ခါတစ်ခါ ပြောပါတယ်၊ ပျဉ်းကတိုးသားတဲ့၊ တော်တော်အကြောတင်းတဲ့ကောင်တဲ့"

"ဟဲ့. . . ဘာနေ့သားလဲ မေးတာ"

"ကြာသပတေး"

"အမ်. . . နေ့သင့်နံသင့်လည်း မဟုတ်ဘူး"

ပျိုမေအပြောကြောင့် အေးမိစံက ပြောသည်။

"နင်တို့နှစ်ယောက် ဘုရားရှိခိုးပြီး လိုက်ခဲ့ကြ၊ ငါနဲ့ ငါ့အောင်ဒူက တနင်္ဂနွေထောင့် ဘုရားရှိခိုး ရေလှူပြီး စောင့်နေမယ်"

"ကျွမ်းပစ်ရော"

"ဘုရားရှိခိုးပြီး လိုက်ခဲ့မယ်တဲ့"

သူတို့ အသီးသီး လမ်းခွဲထွက်လာကြသည်။ ကျွန်တော် ဘုရားရှိခိုးပြီးတော့ ပျိုမေ ဘုရားရှိခိုးတာကို စောင့်နေလိုက်သည်။ ပျိုမေက ဘုရားရှိခိုးပြီးတော့ ဘုရားပန်းကို ပေးသည်။ သူ ဘုရားပန်းကို ပေါင်းပြီး ပန်းအိုးမှာ သွားထည့်တော့ ပျိုမေက ဘုရားကို ရေချမ်းကပ်သည်။ ပြီးမှ နှစ်ယောက်အတူ ဟိုအုပ်စုရှိရာကို လျှောက်လာကြတော့ အေးမိစံက သူတို့ရောက်,ရောက်ချင်း စသည်။

"နေ့တူနာမ်တူ ဆေးဘက်ယူ"

အေးမိစံ ပြောတော့ အောင်ဒူကလည်း. . .

"ဟုတ်တယ်. . . ဖြစ်နိုင်တယ်၊ နင်နဲ့ငါနဲ့လည်း နေ့တူနာမ်တူ အကြွေးထူနော်"

အေးမိစံက ရှက်ရှက်နဲ့ အောင်ဒူကျောကို ထုတော့သည်။ ဘုရားပေါ်က ဆင်းတော့ ပျိုမေတို့ ကားပေါ် တက်ကြသည်။ ကားမထွက်ခင် ပျိုမေက. . .

"ကဲ. . . ဘုရားကိစ္စပြီးပြီဆိုတော့. . ."

ကျွမ်းပစ်က လျှင်လျှင်မြန်မြန်ပါပဲ။

"ကဲ. . . သမားကိစ္စ စမယ်၊ အရက်သမားလေ"





မိန်းကလေးနှစ်ယောက် နှာခေါင်းရှုံ့သည်။

"ဘီယာပဲ သောက်နော်၊ မိန်းကလေးတွေ ပါတော့ မကောင်းဘူး"

"အေးပါ. . . ဘယ်ဆိုင်သွားမလဲ"

ပျိုမေက စဉ်းစားပြီး. . .

"ဗိုလ်ချုပ်ပန်းခြံ သွားမယ်လေ၊ စားပြီးသောက်ပြီး ပန်းခြံထဲ လျှောက်ကြည့်လို့ရတာပေါ့"

"ကောင်းတယ်၊ ကဲ. . . ဒရိုင်ဘာမောင်း"

ကျွန်တော့်စကားကြောင့် ပျိုမေက ကားစက်နှိုးရင်း. . .

"အောင်မယ်. . . အကြောကြီးနဲ့ သေလိုက်ပါလား"

အဲဒီလိုနဲ့ သူတို့အုပ်စုလေး ပန်းခြံထဲ ရောက်တော့ အဆင်ပြေမယ့်ဆိုင်တစ်ဆိုင်ဆိုင်ကို ရွေးလိုက်ကြပြီး စားစရာ သောက်စရာတွေ မှာကြသည်။

အတင်းတားနေတဲ့ကြားက ဟိုနှစ်ကောင်က ဘလက်လေဘယ်မှာသည်။ ကျွန်တော်က. . .

"ငါမသောက်ဘူးနော်၊ ငါ အပြင်းမရဘူး. . . မူးလိမ့်မယ်၊ ဘီယာပဲ သောက်မယ်"

"အေးလေ. . . ပြောထားရဲ့သားနဲ့ နင်တို့ဟာလေ"

ကျွမ်းပစ်က သွားရည်တမြမြနဲ့. . .

"ဂလု. . . မြင်ပဲမြင်ဖူးတာ မသောက်ဖူးလို့ပါဟာ"

ပျိုမေက မျက်စောင်းပဲ ထိုးနေသည်။ ကျွမ်းပစ်က အောင်ဒူတို့အသာလက်တို့သည်။ အောင်ဒူကလည်း အားလုံးအလစ်မှာ လူပို ဘီယာခွက်ထဲ အရက်တွေ လောင်းထည့်သည်။ လူပိုက သောက်ရင်း. . .

"ဘီယာက ခါးသလိုပဲနော်"

ကျွမ်းပစ်က ခပ်တည်တည်နဲ့. . .

"အအေးပေါ့လို့ ဖြစ်မှာပါကွာ"

ဘယ်လောက်တောင် လတ်လွန်းခြေလွန်း ထည့်လိုက်သည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးစီးလို့ ပန်းခြံထဲ လမ်းလျှောက်တော့မှ ဇာတိက ပြတော့သည်။ လျှောက်လိုက် အန်လိုက်နဲ့ လူပိုတစ်ကိုယ်လုံး အန်ဖတ်တွေ ပေနေတော့သည်။ လူပိုတင် မဟုတ်၊ လူပိုကျောကုန်း ဖိလိုက်၊ လူပိုအန်ဖတ်တွေကို သုတ်ပေးလိုက်နဲ့ ပျို့မေကိုယ်တိုင်လည်း ပေရေလို့နေရသည်။

ပျို့မေ လူပိုကို ကျောဖိပေးရင်း. . .

"နင်တို့ လူပိုဘီယာခွက်ထဲ အရက်တွေ ထည့်လိုက်တယ် မဟုတ်လား"

အောင်ဒူက ရီဝေဝေနဲ့. . .

"နည်းနည်းပါဟာ"

ပျို့မေက မျက်စောင်းထိုးပြီး. . .

"အတန်တန် မှာတဲ့ကြားကဟယ်၊ သွား. . . ရေသန့်ဘူး သွားဝယ်"

အောင်ဒူ သူမူးတာကို မခံစားနိုင်၊ လူပိုကို ဆေးကြောဖို့ ရေသန့်ဘူး သွားဝယ်ရတော့သည်။

ရေသန့်ဘူး ရတော့မှ လူပိုကို သုတ်သင်ဆေးကြောပေးပြီး. . .

"ချက်ချင်းကြီးတော့ ပြန်လို့ရမှာမဟုတ်ဘူး၊ လာ. . . ငါ့ကိုတွဲ"

မိစံက ကြောင်တောင်တောင်နဲ့ မေးပါသည်။

"ဘာလုပ်ဖို့လဲ"

"ဟဲ့. . . ဟိုအရိပ်ကောင်းတဲ့ ကုန်းပေါ်မှာ တရေးလောက် အိပ်ခိုင်းရမှာပေါ့ဟဲ့၊ အမူးပြေမှ ပြန်ရမှာ"

လူပိုကို မိစံနဲ့ပျို့မေ တွဲပြီး သစ်ပင်ရိပ်အောက်မှာ လှဲခိုင်းရပါသည်။ လူပိုကလည်း ခေါင်းချလိုက်တာနဲ့ တုံးခနဲပါပဲ။

လူပို အိပ်ပျော်သွားတော့ မိစံက. . .

"ပျင်းတယ်ဟာ. . . လျှောက်ပတ်ကြည့်လိုက်ဦးမယ်. . . ထ"

ဟိုနှစ်ကောင်ကတော့ လူပိုလောက် သိပ်မမူးပုံမရ။

"ငါတို့ပါ လိုက်မယ်၊ မင်းရော လိုက်မှာလား ကျွမ်းပစ်"

"လိုက်မှာပေါ့ဟ"





ပျို့မေက လူပိုကို တစ်ချက်ကြည့်ပြီး. . .

"ငါနေခဲ့မယ်. . . ဒီကောင်တစ်ယောက်တည်းဟာ"

မိစံက နှုတ်ခမ်းမဲ့ပြရင်း. . .

"အဖြစ်သည်းနေလိုက်တာ"

"မိစံနော်. . . ငါက ဒီကောင်မူးနေလို့ဟာ"

"ဩော်. . . လူပိုကို တစ်ယောက်ယောက် လာဖျက်ဆီးသွားမှာ စိုးရိမ်လို့လား"

"ခွေးမ"

မိစံနဲ့ဟိုနှစ်ယောက်ကတော့ တဟားဟား ရယ်ရင်း ထွက်သွားကြသည်။

သူတို့အားလုံး ထွက်သွားတော့မှ ပျို့မေ အိပ်ပျော်နေတဲ့ လူပိုအနားမှာ ထိုင်ချရင်း အဝေးကို ငေးနေမိသည်။ ပြီးတော့မှ လူပိုမျက်နှာကို ကြည့်ပြီး မကြားနိုင်မှန်း သိမယ့်စကားတို့ကို ထုတ်ပြောလို့နေမိသည်။

"လူပို. . . နင်သိလား၊ မိန်းကလေးဆိုတာမျိုးက ကိုယ့်ဘက်က ဘယ်လောက်ချစ်ချစ် မျှော်လင့်ခြင်းဆိုတဲ့စည်းထဲကနေ ကျော်ပြီးထွက်ခွင့်မရှိဘူးဟ၊ ယောက်ျားလေးတွေက ကိုယ်ချစ်တဲ့သူကို ချစ်တယ်လို့ ပြောခွင့်ရှိတယ်၊ မိန်းကလေးတွေက ကိုယ့်ကို ချစ်တယ်လို့ ပြောလာသူတွေထဲကမှ ကိုယ်မှာ ရွေးချယ်ခွင့် ရှိတာလေ၊ ငါ့ဘက်ကတော့ တိတ်တဆိတ် မြောင်းဖောက်ခဲ့ပြီးပြီ လူပို၊ နင့်ဘက်က ဘာလို့ စီးဝင်မလာသေးတာလဲ၊ ငါ ပန်ချင်တဲ့နှင်းဆီရယ်. . . နင်ပွင့်ပါတော့"

ဆုတောင်းသံလေးတစ်ခုက သက်ပြင်းနွေးနွေးနဲ့အတူ မြက်ခင်းပြင်သို့ လွင့်ကျသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပျိုလေး
မမေးရဲမေးရဲ မေးပါရစေ
ဖလတ် ဖလတ် ဖြစ်နေတဲ့ရင်ခုန်သံ
အင်ဂျင်သံမှန်ရှိလား ...။



## အခန်း(၅)

"သတိထားမယ်ဆိုရင် မြင်နိုင်လောက်ပါတယ်"

အောင်ဒူရဲ့စကားကြောင့် ကျွန်တော်လည်း စီးကရက်ဖွာရင်း..

"ဘာလဲ...ညက ဘောလုံးပွဲလား"

ကျွမ်းပစ်က လှမ်းကန်ရင်း...

"ဟေ့ကောင်...ရူးသလိုပေါသလို လုပ်မနေနဲ့၊ မင်းအကြောင်းပြောနေတာ"

ကျွန်တော် လက်ဖက်ရည်တစ်ငုံသောက်ပြီး...

"ဘာ...ငါ့အကြောင်း"

"ဟုတ်တယ် လူပို ပျို့မေ မင်းအပေါ် တိမ်းညွတ်နေတာ အသိသာကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဒူစကားကြောင့် ကျွန်တော် ရယ်ရင်း. . .

“ဟာကွာ. . . မဖြစ်နိုင်တာ”

အောင်ဒူက စီးကရက်ငွေ့ကို မှုတ်ထုတ်သည်။ ပြီးတော့. . .

“မဖြစ်နိုင်တာ မဟုတ်ဘူး သူငယ်ချင်း. . . ဖြစ်နေတာ၊ မင်း မမြင်တာလား. . . တမင် မမြင်ချင်ယောင်ဆောင်နေတာလား လူပို”

ဒီကောင်တွေစကားကြောင့် ကျွန်တော် တိတ်ဆိတ်ငြိမ်သက်မိသည်။ အောင်ဒူက သူ့ကို အကဲခတ်ရင်း ဆက်ပြောသည်။

“မင်း မနေ့က မူးတဲ့ကိစ္စဆို အသိသာကြီး၊ ဒီလောက် အန်ဖတ်တွေ ဗလပွနဲ့ မင်းကို သူမို့လို့ မရွံမရှာ လုပ်ပေးနိုင်တာ၊ မင်းမူးနေတော့ မင်းဘေးမှာ ကလေးတစ်ယောက်ကို စိတ်မချသလို အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေခဲ့တာ ဘယ်သူလဲ”

“တော်ပါကွာ”

ကျွန်တော် သက်ပြင်းကလေး ချရင်း ပြောတော့ ကျွမ်းပစ်က ရယ်သည်။

“အချစ်ဆိုတာ တမင်လုပ်ယူလို့ ရတဲ့အရာ မဟုတ်ဘူး လူပို”

“ငါမှ သူ့ကို မချစ်တာ”

သူ့ရဲ့အသံတွေက လေးပင်လွန်းလှပါသည်။

“သေချာရဲ့လား လူပို”

အောင်ဒူစကားသံက သရော်ဟန်တွေ ပါဝင်နေပါသည်။

ကျွမ်းပစ်က ကျွန်တော့်ကို စိုက်ကြည့်ရင်း. . .

“မင်းစိတ်ထဲမှာ အစ်ကိုကြီးကြောင့် ပျိုမေကို မချစ်ရဲတာ မဟုတ်လား”

“ဟာ. . . ဘာမှမဆိုင်ပါဘူး”

ကျွန်တော် အကြောက်အကန် ငြင်းတော့ အောင်ဒူ ပြုံးသည်။

“သိပ်ဆိုင်တာပေါ့ လူပို၊ မင်းစိတ်ထဲမှာ တစ်နေ့ ငါတို့အစ်ကိုကြီးကို ပျိုမေ ပြန်ချစ်လာလိမ့်မယ်လို့ မင်းထင်နေတယ် ထင်တယ်”





ဒီတစ်ခါတော့ ကျွန်တော် အောင်ဒူကို တန်ပြန်ကြည့်မိကာ. . .

“ထင်တယ် အောင်ဒူ၊ အချစ်ဆိုတာ စွဲလမ်းမှုတစ်ခုပါကွာ၊ သံယောဇဉ် ပိုတာ၊ ရင်းနှီးမှု မြန်ဆန်မှုနဲ့လည်း သက်ဆိုင်တယ်။ အစ်ကိုကြီးသာ ပျိုမေနဲ့ ခင်မင်ရင်းနှီးကြည့်၊ အချစ်ဆိုတာ ဖြစ်ပေါ်ဖို့ လွယ်ကူတယ် အောင်ဒူ”

“မဟုတ်သေးဘူး လူပို”

ယုံကြည်နေတဲ့အစွဲတစ်ခုကို ကျွန်တော် ခိုင်မာစွာ ဖက်တွယ်ထားမိသည်။

“ကဲ. . . တော်ပါတော့ကွာ”

ကျွန်တော် ထပ်မပြောချင်တာကြောင့် တားမိတော့ အောင်ဒူတို့လည်း ဆက်မပြောသာတော့။

“ဩော်. . . ဒင်းတို့က ဒီမှာ လာငြိမ့်နေတာကိုး”

“မိစံ. . . ထိုင်”

မိစံက ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်း လက်ဖက်ရည်တစ်ခွက်လှမ်းအော်သည်။ မိစံက ပြုံးစေ့စေ့နဲ့. . .

“ဒီနေ့ ဈေးမထွက်ဘူးလား”

ကျွန်တော်က သဘောမပေါက်။

“ငါက ဘာလို့ ဈေးထွက်ရမှာလဲဟ”

“နင် မနေ့က ဆန်ပြုတ်ရောင်းတယ်လေ”

“ဆန်ပြုတ်”

အဲဒီအခါကျမှ ကျွန်တော်ပြန်စဉ်းစားကြည့်တော့ ကျွန်တော် မနေ့က မူးမူးနဲ့ အန်တာကို ရည်ရွယ်မှန်း သိသည်။

“ဘာလဲ. . . နင်စားမလို့လား”

မိစံက ရွံရှာဟန်နဲ့ နှာခေါင်းရှုံ့ပြီး. . .

“ထွီ. . . ရွံစရာဟယ်၊ အေးလေ. . . ငါတို့တသာ ရွံတာ၊ တာ၊ မရွံမရှာနဲ့ ကိုယ်ဖိရင်ဖိ ပြုစုယုယသူနဲ့ လိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အောင်ဒူတို့က ဖျတ်ခနဲ လှမ်းကြည့်တော့ ကျွန်တော် မျှတ်နှာလွှဲမိသည်။ ကျွမ်းပစ်က ခနဲ့သံနဲ့ အခုလို ပြောသည်။

"သွားမပြောနဲ့ မိစံ၊ ဒီကောင်က ဒါတွေမြင်တာ မဟုတ်ဘူး"

အောင်ဒူကလည်း အခွင့်အရေး ရတုန်း နှိပ်ကွပ်တော့သည်။

"မမြင်တာ မဟုတ်ဘူး. . . မတန်တာ၊ ဘယ်လိုပြောရမလဲ၊ တစ်ချို့ဆို မွေ့ရာပေါ်မှာ အိပ်လို့မရဘူးလေ၊ ဘုန်းကံနိမ့်တော့ ကြမ်းပြင်ပေါ်မှာ ဆင်းအိပ်ရတာ. . . အဲလိုမျိုးပေ့ါ"

"ဖုန်းနိမ့်တယ်ဆိုတော့ အဲဒီဟမ်းဆက်က ဘာအမျိုးအစားလဲ"

အောင်ဒူကလည်း ပျစ်ပျစ်နှစ်နှစ် ပြောသည်။

"မင်းနှမလင် အမျိုးအစားလေ"

ကျွမ်းပစ်က ခပ်တည်တည်ပါပဲ။

"နောက်လာတာလား. . . ငါမကြားဖူးဘူး"

"ခွေးကောင်"

ဒီကောင်တွေ ရယ်စရာ ပြောနေပေမယ့် ကျွန်တော် မရယ်ဖြစ်။ အတွေးတွေ တောင်ပံခတ်သံကို ကြားနေရသလို ခံစားရသည်။

၅ ၅ ၅ ၅

"ပျို့မေရော. . . အန်တီ"

မိစံ အိမ်ထဲ ဝင်ဝင်ချင်း ပျို့မေ မာမီကို မေးတော့. . .

"အပေါ်ထပ် သူ့အခန်းထဲမှာ ရှိတယ်၊ တက်သွား သမီး"





"ဟုတ်ကဲ့"

မိစံ အပေါ်ထပ် တက်လာပြီး ပျို့မေအခန်းတံခါးကို ခေါက်ရင်း. .

"ပျို့မေ"

"ငါ ဒီမှာဟဲ့"

အသံကြားရာ လှမ်းကြည့်တော့ ပျို့မေက ဝရန်တာမှာ။ မိစံက ပျို့မေဆီ လျှောက်လာရင်း. . .

"ဒီမှာ ဘာလုပ်နေတာလဲ"

ပျို့မေက ဝရန်တာဘောင်ကို မှီရင်း အဝေးကို ငေးကြည့်နေရာမှ

"ဘာအလုပ်မှ မရှိတော့ ပျင်းတာနဲ့ ဟိုကြည့်ဒီကြည့်ပေ့ါ"

"ဘာလဲ. . . ဟိုနေ့က လူပိုကို ပြူစုယုယနေတာကို ပြန်တွေးပြီး ပီတိဖြစ်နေတာလား"

ပျို့မေက ယဲ့ယဲ့ပြုံးရင်း. . .

"တော်ပါတော့ဟာ"

ပျို့မေအသံက စိတ်အားလျော့နေသူလို၊ မိစံ သက်ပြင်းချမိသည်။

"ငါမေးမယ်နော်. . . နင်မလိမ်ရဘူး"

"ဘာများလဲ"

မိစံ ပျို့မေ မျက်ဝန်းတွေကို ကြည့်ပြီး. . .

"နင် လူပိုကို ချစ်နေတယ်မဟုတ်လား"

ပျို့မေ ပါးစပ်လေး ပွင့်ဟသွားသည်။ မိစံက ပျို့မေ လက်ဖဝါးကို အသာကိုင်ရင်း. . .

"ရှက်စရာ မဟုတ်ပါဘူးဟာ၊ ငါတို့က သူငယ်ချင်းတွေပဲဟာ၊ နင် ငါ့မှ မပြောရင် ဘယ်သူ့ကို ပြောမလဲ"

ပျို့မေ သက်ပြင်းကိုသာ လေးပင်စွာ ချမိသည်။

"ငါမလိမ်ပါဘူး မိစံ၊ အမှန်အတိုင်းပြောရရင် ဟုတ်တယ်၊ အမှန်အတိုင်း ထပ်ပြောရရင်လည်း ငါ သူ့ကို မချစ်ဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ချစ်ရတာ ပင်ပန်းတယ်ဟ"

"ဘယ်လို"

မိစံကို ပြုံးပြသည့် ပျိုမေအပြုံးက အသက်မပါ။

"ဟုတ်တယ်. . . မိန်းကလေးတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ရဲ့ဥပဒေဘောင်အတွင်းကပဲ အစွမ်းရှိသလောက် ရေလာမြောင်းပေးလို့ရတယ် မိစံ၊ ဒါကို သူ သိရက်နဲ့ မမြင်ချင်ယောင်ဆောင်တာ ငါ့အတွက် ဘယ်လောက်အခံရခက် နာကျင်လဲ၊ သူ မတွေးပေးဘူးဟာ"

ပျိုမေစကားကြောင့် မိစံ ပျိုမေကို သနားလည်း သနားမိသည်။

"ငါ့အထင်တော့ ကို A မောင်ကြီးကြောင့် သူ ရှေ့မတိုးရဲတာဖြစ်မယ် ထင်တယ်ဟ"

"မဆိုင်ပါဘူးဟာ. . . လူတစ်ယောက်ကို အတင်းချစ်ခိုင်းလို့မှ မရတာ၊ သူက ငါ့ကို အဲဒီလူကြီးကို ပြန်ချစ်ခိုင်းရအောင် ငါ့အဖေလား"

ပျိုမေ စိတ်ပေါက်ပေါက်နဲ့ ပြောတော့ မိစံ ရယ်မိသည်။ ပြီးတော့မှ. . .

"ဒီကောင်လည်း နင့်ကို ချစ်နေပါတယ်ဟာ"

"တော်ပါတော့"

မိစံ ပျိုမေကို ကြည့်ပြီး. . .

"ဟဲ့. . . ငါ တကယ်ပြောနေတာ၊ လူတစ်ယောက်မှာ ဖုံးကွယ်လို့မရတာ သူ့မျက်လုံးတွေပဲ၊ သူ့မျက်လုံးတွေထဲမှာ နင်ကို ချစ်တဲ့အရိပ်တွေပေါ်နေတာ အပြင်လူ မြင်တယ်၊ တစ်ခါတစ်ခါ သင်တန်းမှာဖြစ်ဖြစ် ဆိုင်တစ်ဆိုင်မှာဖြစ်ဖြစ်၊ နင် ဒီပြင်လူနဲ့ စကားပြောနေရင်ဖြစ်ဖြစ် သူ ခိုးခိုးကြည့်နေတာ ငါမြင်တာပေါ့ဟာ"

ပျိုမေ ပါးကလေး ရဲတက်သွားအောင် ရှက်မိရင်း ကြိတ်ပြုံးကာ

"ဟုတ်လည်း မဟုတ်ဘဲနဲ့ဟာ"

"ဟ. . . ငါက လိမ်မလားဟ. . . ဒီလိုလုပ်"

"ပြောပါဦး"





"နင် သူ့ကို ပွတ်သီးပွတ်သပ်နဲ့ ယုယုယယလေး နေပြ"

"ဟာ. . . ရှက်စရာကြီးဟာ၊ ပြီးတော့ ဟိုကောင်တွေရှေ့မှာ"

"ဟာ. . . ဘာရှက်စရာလိုလဲ၊ ဟိုကောင်တွေကလည်း လူပို နင့်ကို ကြိုက်နေရဲ့သားနဲ့ အံ့ပုန်းလုပ်နေတာကို အမြင်ကတ်နေတာ၊ ဒါဟာ မိန်းမတစ်ယောက်ရဲ့နောက်ဆုံးပျူဟာပဲ၊ ဘာတဲ့. . . မိန်းမတစ်ယောက်ကြောင့် ရှုန်လျှောရတယ်ဆိုလား၊ ဇာတ်တော်ထဲမှာ ရှိတယ်လေဟာ"

ပျိုမေ မျက်လုံးပြူးသွားတော့ မိစံက ကမန်းကတန်း. . .

"ဟိုးထား. . . နင့်အတွေးကို ကျော်ပြီးမတွေးနဲ့၊ ငါက ပွတ်သီးပွတ်သပ်ပဲ ပြောတာနော်၊ နင့်ဘာသာ အရှိန်လွန်ပြီး ဘောင်ကျော်သွားရင်တော့ မတတ်နိုင်ဘူး"

"ခွေးမ"

နှစ်ယောက်သား သဘောကျစွာ ရယ်မိကြသည်။ မိစံကတော့ တေးထားသည်။ ဒီပွဲမှာ နင်အလဲထိုးခံရမှာ သေချာပါတယ် လူပိုရယ်။

၌ ၌ ၌ ၌

"ဟာ. . . အစ်ကိုကြီး၊ လာ. . . လာ"

သင်တန်းရှေ့က ဆိုင်မှာ လူစုံတက်စုံ ထိုင်နေတုန်း ကို A မောင်ကြီး ရောက်လာတော့ လူပိုက တမင်သက်သက် လှမ်းခေါ်လိုက်သည်။ လူပိုလုပ်ရပ်ကြောင့် မိစံ တင်းသွားရသည်။ စိတ်ထဲကလည်း 'နင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ပျင်းတောင်ပျင်းသေးတယ်’ ဟု ကြုံးဝါးလိုက်သည်။ မနေ့က ပြောထားလို့ အောင်ဒူတို့ကလည်း သိနေတာကြောင့် အောင်ဒူက မိစံကို ကြည့်သည်။ မိစံက ပျိုမေကို ခေါင်းမသိမသာ ညိတ်ပြီး အချက်ပြသည်။ ပျိုမေ ရှက်ကိုးရှက်ကန်း အောင်ဒူတို့ကို ကြည့်တော့ အောင်ဒူက ‘လုပ်သင့်တယ်’ ဆိုတဲ့သဘော ခေါင်းညိတ်ပြသည်။

“အစ်ကိုကြီး. . . လာ၊ ဘယ်လာတာလဲ”

A မောင်ကြီးက မရဲတရဲနဲ့ ပျိုမေကို ကြည့်ရင်း. . .

“ဟို. . . ဟို. . . ဒီ. . .”

“သြော်. . . ကျွန်တော်တို့ ပျိုမေတို့ဆီ လာတာလား၊ လာပေါ့ဗျာ အားနာရမယ့်သူတွေမှ မဟုတ်တာ၊ ထိုင် အစ်ကိုကြီး”

လူပိုက ပျိုမေ ဘေးနားမှာ ထိုင်ခိုင်းမယ် လုပ်တော့ အောင်ဒူက လျှင်သည်။ ဆေးလိပ်မီးညှိသလိုလိုနဲ့ ထရပ်ပြီး. . .

“ကျွန်တော့်ခုံမှာ ထိုင်လိုက် အစ်ကိုကြီး”

A မောင်ကြီးက အောင်ဒူခုံမှာ ဝင်ထိုင်သည်။ အောင်ဒူက မီးညှိပြီး ခုံတစ်လုံး ယူကာ ပျိုမေနဲ့မိစံကြားမှာ ဝင်ထိုင်သည်။ မိစံ သိလိုက်ပြီ။ ပျိုမေကို အောင်ဒူ အနီးကပ် တွန်းအားပေးတော့မယ်ဆိုတာကိုလေ။

လူပိုက A မောင်ကြီးအတွက် လက်ဖက်ရည် မှာပေးသည်။ အောင်ဒူက ခုံအောက်ကနေ ခြေထောက်နဲ့ ပျိုမေကို လှမ်းကန်တော့ ပျိုမေ တစ်ရှူးစကို ယူကာ လူပို ပါးစပ်ဖျားကို လှမ်းတို့သုတ်ရင်း. . .

“နင်ဟာလေ. . . ကလေးလေးကျနေတာပဲ၊ လက်ဖက်ရည် သောက်တာတောင် ပါးစပ်ပေအောင် သောက်ရတယ်လို့”

ရုတ်တရက်မို့ လူပို အငိုက်မိသွားရသည်။ ဒီလိုလုပ်မယ်လို့ သူ တွေးမှမတွေးထားတာကို။ အစ်ကိုကြီးက သောက်မယ့်ဆဲဆဲ လက်ဖက်ရည် ကို ပါးစပ်မှာ တေ့ရင်း ကြောင်တောင်တောင်ကြီး လူပိုကို ကြည့်နေလေ သည်။ ကျွမ်းပစ်က တစ်ဖက်လှည့်ကာ ကြိတ်ရယ်သည်။ မိစံကလည်း မီးလောင်ရာကို ဓာတ်ဆီထပ်ဖြည့်သည်။





“ပျိုမေရယ်. . . နင်ကိုက လွန်ကို လွန်လွန်းပါတယ်ဟယ်၊ အဲ လောက်လည်း မဟုတ်ပါဘူး၊ ဟုတ်တယ်နော် အစ်ကိုကြီး”

“ဗျာ. . . ဟုတ်. . ဟုတ်တယ်နော်”

A မောင်ကြီး ကြောင်တောင်တောင်နဲ့ လိုက်ဟုတ်လိုက်ရသည်။ ကျွမ်းပစ်ကတော့ စိတ်ထဲကနေ ခပ်ဆွေးဆွေးလေး တွေးလို့နေမိသည်။ ဆို A မောင်ကြီး တိုက်မယ့်ဘီယာ တဖြည်းဖြည်းနဲ့ ဝေးပြီလို့လေ။

“အဲဒါပဲကြည့် ကို A မောင်ကြီးရေ၊ ပျိုမေ့မှာ ကိုယ့်အလုပ်နဲ့ကိုယ် အစ်ဘက်၊ သူ့စိတ်မချရတာ တစ်ဘက်၊ လူကို ဖတ်ဖတ်ကို မောနေတာပဲ”

“ဖွီး. . .”

လူပို ပါးစပ်ထဲက ရေနွေးတွေ အပြင်သို့ ခုန်ပေါက်ထွက်တုန်ကြ သည်။ ကံဆိုးချင်တော့ မျက်နှာချင်းဆိုင်က ကို A မောင်ကြီးကို စိုတုန်လေ သည်။

“ဟာ. . . ကန်တော့ အစ်ကိုကြီး”

“ဟာ. . . ရပါတယ်ကွာ”

အောင်ဒူက ပျိုမေကို သတိပေးသည်။ တိုးတိုးလေးပေါ့။

“နည်းနည်း အိုတာဖြစ်နေပြီထင်တယ်”

ပျိုမေလည်း ကမန်းကတန်း ပြန်ပြောပါသည်။ တိုးတိုးလေးပေါ့။

“ဟုတ်လား”

မိစံကတော့ ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။ အဲဒီနေ့က တို A မောင်ကြီး ကြာကြာဆက်မထိုင်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ တကယ်နော်"

"ဟုတ်ပါတယ်ဗျာ. . . ဘုရားစူး၊ ကျွန်တော်နဲ့ပျို့မေ ဘာမှ မဖြစ်ဘူး. . . စိတ်ချ"

ဖုန်းထဲကနေ ကို A မောင်ကြီးက မင်းနဲ့ပျို့မေက ဘာလဲ မေးတော့ သူ မနည်းရှင်းပြနေရသည်။

"တမင် ထောင်ချောက်ဆင်တာပါဗျာ"

"ဘယ်သူ့ကိုလဲ"

ကျွန်တော် ဘာပြောရမှန်းမသိ။ အစ်ကိုကြီး အနားမကပ်အောင်လို့ဟု ပြောလို့လည်းမဖြစ်။

"ဟိုဟာပါဗျာ"

"ငါတော့ စိတ်ကုန်ချင်နေပြီ လူပို"

"ဟာ. . . အစ်ကိုကြီးကလည်း၊ ဘာမှမလုပ်ရသေးဘူး စိတ်က အင်ဂျင်ရပ်ချင်နေပြီ၊ လူပိုပါဗျာ. . . ဒီကောင်မလေး အစ်ကိုကြီးလက်ထဲ ရောက်ကိုရောက်စေရမယ်"





ကျွန်တော့်စကားကြောင့် ကို A မောင်ကြီး ရွှတ်လုံးပြူးသွားရင်း

"ဟော့ကောင်. . . မင်းပြောပုံက မင်းနဲ့ငါ ရုပ်ရှင်ထဲက ဗီလိန်တွေလို ဖြစ်နေပြီနော်"

ကျွန်တော် ကိုယ့်စကားနဲ့ကိုယ် ရယ်ချင်သွားသည်။

"ကဲ. . ကဲ. . ဒါပဲနော်၊ မင်း အကြံကောင်းဉာဏ်ကောင်းလေး စဉ်းစားထားဦး၊ နောက်တစ်ရက် ဆုံပြီး ဝိုင်းဖွဲ့လိုက်ရအောင်"

"ကောင်းမွန်သင့်မြတ်ကြောင်းပါ အစ်ကိုကြီး"

အစ်ကိုကြီး ဖုန်းချလိုက်တော့ ဧည့်ခန်းထဲမှာ စာအုပ်ထိုင်ဖတ်နေတဲ့ ကျွမ်းပစ်က စာအုပ်ကို စင်ပေါ် ပြန်တင်ရင်း. . .

"ဘာတဲ့လဲ"

သူ ပခုံးတွန့်ပြတော့ ကျွမ်းပစ်က ရယ်ရင်း. . .

"ဘာလဲ. . . မနေ့က ပျို့မေရဲ့ရိုက်ချက် နည်းနည်းပြင်းသွားလို့လား"

ကျွန်တော် ခေါင်းညိတ်ပြီး. . .

"ဟူး. . . မနည်းကို ရှင်းပြရတာ ကျွမ်းပစ်ရာ"

ကျွမ်းပစ်က တဟားဟား အော်ရယ်သည်။

"မနေ့က ပျို့မေ ဘာစိတ်ကူးနဲ့ ဒီလိုလုပ်ရတာလဲ မသိဘူးနော်"

"မင်းကို ကြိုက်လို့နေမှာပေါ့"

ကျွမ်းပစ်က မသိချင်ယောင်ဆောင်ပြီး ပြောတော့. . .

"မဟုတ်ဘူးကွ. . . တစ်ခုခုတော့ အကြံအစည် ရှိရမယ်"

"ဘာအကြံအစည်လဲ"

ကျွန်တော် စဉ်းစားရင်း ခေါင်းယမ်းကာ. . .

"ဘာအကြံအစည်လဲတော့ မသိပေမယ့် အကြံအစည်တစ်ခုခု ရှိမှန်းတော့ သိတယ်၊ အင်း. . . ဒီအကြံအစည်မှာ မိစံ ပါကိုပါရမယ်"

"အောင်မာ. . . လူကို စွပ်စွပ်စွဲစွဲ"

မိစံက အိမ်ပေါ် တက်လာရင်း ကြားသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျို့မေဘာသာ နင့်ကို ကြိုက်လို့ လုပ်ပေးတာပါနော်"

"မဖြစ်နိုင်ဘူး. . . နင်မြှောက်ပေးလို့ ပျို့မေ လုပ်တာဖြစ်မယ်၊ မိစ်နော်. . . လူများကြားထဲ ဝင်မပါနဲ့"

မိစ်က ကျွမ်းပစ်စကားကြောင့် မချိုမချဉ်ရုပ်နဲ့. . .

"နင်ကျတော့ရော ဘာလို့ ကိုယ်နဲ့ မဆိုင်ဘဲနဲ့ ဝင်ပါလဲ"

မိစ်က ဝင်ထိုင်ရင်း ပြောတော့ ကျွန်တော်လည်း. . .

"ငါက အစ်ကိုကြီးကို သနားလို့"

"သြော်. . . ပျို့မေကျတော့ မသနားဘူးပေါ့"

"ဘာဆိုင်လဲ"

"သူလည်း နင့်ကို ချစ်နေတာပဲ"

"နေပါဟာ"

မိစ်က မျက်စောင်းထိုးရင်း. . .

"သူပြောရင် ဒါပဲ၊ ဒါနဲ့ အန်တီတို့ မလာသေးဘူးလား"

မိစ် နောက်ဖေးဘက်ကို လှမ်းကြည့်ရင်း ပြောတာကြောင့်. . .

"ဒီအချိန် ရုံးက ပြန်လာပါ့မလားဟ၊ နင့်ကောင်ရော"

"ဘယ်ဂလေရိုက်နေလဲ မသိပါဘူးဟာ"

ကျွန်တော် မိစ်ကို အကဲခတ်ကြည့်နေတော့ မိစ်က လျှင်သည်။

"ဘာကြည့်နေတာလဲ"

ကျွန်တော်လည်း အမြင်ကတ်ကတ်နဲ့. . .

"နင့်ကို အောင်ဒူ ဘာကြည့်ပြီး ကြိုက်လဲ မသိဘူးနော်"

ကျွမ်းပစ်က စပ်ဖြဲဖြဲနဲ့. . .

"ငါ့အထင်တော့"

"ကျွမ်းပစ်. . . နင်. . နင်နော်"

"သြော်. . . အရုပ်အမောင်းကို ပြောတာပါဟာ၊ သေရေးရှင်ရေး ဆို နင်က အရုပ်ပုတော့ အိတ်ထဲ ခေါက်ထည့်ပြီး ပြေးလို့ရတယ်လေ"

"ခွေးကောင်တွေ"





မိစ်ရဲ့ဆယ့်နှစ်လက်မ တစ်ပေ အရုပ်အမောင်းက သူတို့အတွက် စ,စရာကိုဖြစ်လို့။

၅ ၅ ၅ ၅

"ဆရာ. . . ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

A မောင်ကြီး သူ့ကုမ္ပဏီရုံးခန်းထဲမှာ စာရင်းဇယားတွေကို လက်မှတ်ထိုးပေးနေတုန်း မြင့်ငွေ တံခါးဖွင့်ပြီး လာပြောသည်။

"လွှတ်လိုက်လေ. . . ဘယ်သူလဲ"

"အမျိုးသမီးတစ်ယောက်ပဲ ဆရာ"

သူ မျက်မှောင်ကုတ်ပြီး. . .

"လွှတ်လိုက်လေ"

"ဟုတ်ကဲ့"

မြင့်ငွေ တံခါးပြန်ပိတ်ပြီး ထွက်သွားတော့ သူ လက်မှတ်ဆက်ထိုးနေမိသည်။ တံခါးဖွင့်သံကြောင့် A မောင်ကြီး လက်မှတ်ထိုးနေရာမှ ကြည့်လိုက်တော့ သူထက် အသက်နည်းနည်းလောက်ပဲ ပိုငယ်မည်ထင်ရတဲ့ အမျိုးသမီးတစ်ယောက်။ သူမြင်ဖူးသလိုလို ရှိတာကြောင့် မျက်မှောင်ကြုံ့ကြည့်တော့ သူမက ပြုံးရင်း. . .

"ကျွန်မကို မမှတ်မိဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



A မောင်ကြီး အဲဒီအပြုံးကြောင့် ဖျတ်ခနဲ မှတ်မိလိုက်သည်။

"ဟာ. . . ခင်ဗျား"

"ဟုတ်ကဲ့. . . ဟိုတစ်ခါ ပလာဇာမှာ ရှင်နဲ့ကျွန်မ ပိုက်ဆံအိတ် တိစ္စကို မှတ်မိပါတယ်နော်"

သူ ရယ်မိရင်း. . .

"လာ. . . ထိုင်ပါ၊ ဘာအကူအညီပေးရမလဲ"

သူမက ထိုင်ရင်း. . .

"ကျွန်မက အကူအညီ ပြန်ပေးချင်တာပါ"

"ဗျာ. . ."

A မောင်ကြီး အမျိုးသမီးစကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားရသည်။ သူမက အသင့်ပါလာတဲ့စက္ကူအိတ်ကို သူ့ရှေ့ ထိုးပေးကာ

"ဒါ. . . ရှင် ဘဏ်မှာ ကျန်ခဲ့တဲ့ စာရွက်စာတမ်းတွေ ထင်တယ်"

"ဟာ. . . ဟုတ်တာပေါ့၊ ကျွန်တော် အခုထိ သတိမရမိဘူး"

ကျွန်တော် သူမကို အတော်ကျေးဇူးတင်မိသွားသည်။ ဒီစာရွက် စာတမ်းတွေသာ ပျောက်လို့ကတော့ သွားပြီ။ သူမက ရယ်ရင်း. . .

"ကျွန်မ ငွေထုတ်မယ့်ကောင်တာမှာ တွေ့တာ၊ ဘဏ်က ဝန်ထမ်း တွေက ကျွန်မအိတ် အောက်မေ့လို့ ပြန်ပေးတာ၊ နောက်တော့ သူတို့ ကျွန်မအိတ်ထဲက စာရွက်စာတမ်းတွေရယ်၊ ကုမ္ပဏီလိပ်စာတွေရယ် တွေ့ ပြီး ကျွန်မအသိပါလို့ ပြောပြီး ကျွန်မ ဝန်ထမ်းကတ်ရယ်၊ လိပ်စာရယ် ပေးထားပြီး လက်မှတ်ထိုးပြီး ယူလာခဲ့ရတာ"

A မောင်ကြီး သူမကို အတော်ကျေးဇူးတင်သွားမိသည်။

"ခင်ဗျားကိုတော့ ဘယ်လိုကျေးဇူးတင်ရမှန်း မသိပါဘူးဗျာ"

သူမ ခေါင်းခါပြရင်း. . .

"ရပါတယ်ရှင်. . . အမြင်မတော်တော့လည်း ကူညီရတာပေါ့၊ ကဲ. . . သွားလိုက်ဦးမယ်"

သူမ နှုတ်ဆက်မှ A မောင်ကြီး သတိရမိကာ. . .





"ပြန်တော့မလို့လား၊ နေပါဦးဗျာ. . . ကျွန်တော် တစ်ခုခု တွေ့ပါ ရစေ"

"နေပါစေ. . . နောက်ကြုံတော့မှ"

A မောင်ကြီး သူမရဲ့စကားကြောင့်. . .

"ကျွန်တော်လည်း နေ့လယ်စာ အခုထိ မစားရသေးဘူး ဒီနားက ဆိုင်တစ်ဆိုင်မှာ တစ်ခုခု လိုက်ကျွေးပါရစေ၊ ဒါတော့ လက်ခံပါခင်ဗျာ"

သူမ အတန်ငယ် စဉ်းစားပြီးမှ. . .

"ကောင်းပါပြီ"

A မောင်ကြီး အတော်ပျော်သွားသည်။

"ခဏနော်"

သူမ ခေါင်းညိတ်ပြတော့ စာရွက်စာတမ်းတွေကို ကမန်းကတန်း သိမ်းပြီး စပီကာကတစ်ဆင့် နုနုဝေကို လှမ်းပြောလိုက်သည်။

"နုဝေ. . . ငါလက်မှတ်ထိုးပြီးပြီ၊ စားပွဲပေါ်က ဖွပ်နေတာတွေ သိမ်းထားလိုက်၊ ဖုန်းခွေ လာရင် ဒီနားကဆိုင်မှာ ဧည့်သည်နဲ့ ထမင်းသွား စားတယ်လို့ ပြောလိုက်၊ ကဲ. . . သွားရအောင်"

သူမက သူ့ကို ပြုံးကြည့်ရင်း ခေါင်းညိတ်ပြသည်။ သူမနဲ့ အတူ ထွက်တော့ ဝန်ထမ်းတွေက ထူးထူးဆန်းဆန်း ကြည့်လို့နေတော့ A မောင် ကြီးရင်ထဲမှာ ဂုဏ်ယူမိသလိုလို၊ တစ်မျိုးတော့ တစ်မျိုးကြီး ဖြစ်နေပါသည်။

ဆိုင်ရောက်တော့ ဝန်ထမ်းတစ်ဦး လာပေးတဲ့ မီနူးကို ကြည့်ပြီး ကျွန်တော် သူ့ကို မေးလိုက်သည်။

"ခင်ဗျား ဘာတွေကြိုက်တတ်လဲဗျ"

"မှာပါ. . . ကျွန်မက သစ်သားကလွဲပြီး အားလုံးစားပါတယ်"

သူမလည်း ပျော်တတ်ပုံရသည်။ ကျွန်တော် သူမ ကြိုက်တတ်မယ် ထင်တဲ့ အစားအသောက်တွေကို ရမ်းသမ်းပြီး မှာလိုက်သည်။ ဝိတ်တာ ကောင်လေး ပြန်ထွက်သွားတော့မှ. . .

"ကျွန်တော်တို့ မိတ်မဆက်ရသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ကို A မောင်ကြီး"

သူမစကားကြောင့် ကျွန်တော်ရယ်မိသည်။ သူမက သူ့ကို ကြည့်ပြီး အခုလိုပြောပါသည်။

"ကျွန်မနာမည် သက်မွန်မြတ်ပါ"

"ဗျာ. . . သက်မွန်မြင့်"

ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့နာမည်ကို ပြောမိတော့ သူမက စ,မှန်းသိပြီး ရယ်လေသည်။

A မောင်ကြီးတစ်ယောက် အဲဒီအရယ်အပြုံးလေးမှာ တဒင်္ဂ ကျရှုံးသွားခဲ့လေသည်။ ထာဝရလည်း ကျရှုံးချင် ကျရှုံးသွားနိုင်ပါသေးသည်။

"မောင် A မောင်ကြီးလည်း အိမ်ဘက် မလာတာ အတော်ကြာပြီနော်"

မာမီ့စကားကြောင့် ပျိုမေ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို ပိတ်ပြီး

"ဘာလဲ. . . မေမေက ကို A မောင်ကြီးရဲ့လက်ဆောင်မြွေရုပ်ကို ထပ်လိုချင်လို့လား"

ပျိုမေစကားကြောင့် မေမေက. . .





"ဒီကောင်မလေးတော့ အမေကို သူ့သူငယ်ချင်းများ မှတ်နေလားမသိဘူး၊ ပြောသာ ပြောတာပါအေ၊ အသက်လေး နည်းနည်းကြီးတာနဲ့ တစ်ခါတစ်ခါ ကြောင်တောင်တောင်နိုင်တာကလွဲရင် မောင် A မောင်ကြီးက သမီးရှင်တွေ ကြိုက်တဲ့ နှင်းဆီခိုင်ကြီးပါ"

အဲဒီစကားကြောင့် ပျိုမေ မျက်နှာရှုံ့မဲ့ရင်း. . .

"တော်ပါ မေမေရာ၊ မေမေ့လူကြီးက နှင်းဆီခိုင်တော့ နှင်းဆီခိုင်ပါပေမယ့် ပုရွက်ဆိတ်အုံ ပါတဲ့ နှင်းဆီခိုင် မေမေရဲ့"

"ဒါကတော့ သမီးရယ်၊ လောကမှာ စင်းလုံးချော အပြစ်အနာအဆာ ကင်းတဲ့လူရယ်လို့ ဘယ်ရှိမလဲ၊ တစ်နေ့က ဈေးဝယ်ထွက်ရင်း မေတင်နဲ့ တွေ့တယ် သူတို့ဘက်က သူတို့သားတော်မောင် A မောင်ကြီးနဲ့ သမီးကို မြန်မြန်စေ့စပ်ပေးချင်နေကြပြီ"

"ဟာ. . . သမီးမှ မကြိုက်တာ"

ပျိုမေစကားကြောင့် မာမီက. . .

"သမီးမကြိုက်ပေမယ့် သမီးဒယ်ဒီရောမာမီပါ သဘောတူနေတယ်လေ"

ပျိုမေ နှုတ်ခမ်းစူထားတော့. . .

"ဒါဆို သမီးမှာ ချစ်သူရည်းစား ရှိလို့လား"

ပျိုမေ အတွေးထဲမှာ လူပိုကို ဖျတ်ခနဲ သတိရလိုက်ပေမယ့် စိတ်တိုတိုနဲ့ ခေါင်းခါမိသည်။

"ရှေးရိုးစကား ရှိတယ်လေ၊ ဘာလဲ. . . သမီးကညာ ဘာဆိုလား"

အရေးထဲ မာမီ မေ့တာကြောင့် သူမက. . .

"သမီးကညာ ကဗျာမချွတ်စေနဲ့"

"ဒီကောင်မလေးတော့ နောက်တောက်တောက်နဲ့"

သူမ နှုတ်ခမ်းစူထားရင်း. . .

"သမီး မယူနိုင်ဘူးနော် မာမီ၊ မာမီလူကြီးက နှုတ်တော့ပြောင် အသားက မည်းမည်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . နဖူးပြောင်တာ အားနည်းချက် မဟုတ်ပါဘူးအေ၊ အသားက မမည်းပါဘူးအေ၊ မဆိုစလောက်လေးပါ သမီးရယ်"

သူမက ဆောင့်ဆောင့်အောင့်အောင့်နဲ့ သူမအခန်းဘက် ထွက်လာရင်း မာမီကို အော်ပြောမိသည်။

"မမည်းဘူးဆိုတာ နက်ရုံလေးလား မာမီ"

ပျို့မေစကားကြောင့် အပြောရခက်နေတဲ့ သမီးကို ကြည့်ပြီး သတ်ပြင်းသာ ချမိတော့သည်။

၄ ၄ ၄ ၄

"ဟော"

"ဟော"

"ဘယ်လာတာလဲ"

နှစ်ဦးမတိုင်ပင်ဘဲ တစ်ပြိုင်နက်တည်း မေးမိပြီး တစ်ပြိုင်နက်တည်း ရယ်မိကြသည်။ A မောင်ကြီး သက်မွန်မြတ် အရယ်အပြုံးကြောင့် သက်မွန်မြတ်ရဲ့ပါးချိုင့်လေးကို သတိပြုမိသွားသည်။

သက်မွန်က A မောင်ကြီးအကြည့်ကို သတိပြုမိပုံနဲ့ မျက်လွှာချသည်၊ ပြီးတော့. . .





"ဖေဖေ့ပင်စင်ကိစ္စနဲ့ လာတာ. . . ကိုမောင်ကြီးကရော"

သက်မွန် ပြန်အမေးကြောင့် သူက. . .

"ဒီရုံးက သူငယ်ချင်းအရာရှိတစ်ယောက်ဆီ လမ်းကြုံတာနဲ့ လာတာ"

သက်မွန်က ခေါင်းညိတ်ပြသည်၊ ပြီးတော့ နှစ်ယောက်အတူ ရုံးထဲ ဝင်ရင်း ပြင်ပဧည့်သည်ဝင်ခွင့် လက်မှတ်ထိုးဖို့ အဝင်ဝမှာ သူ့ဝဲ လုပ်စရာရှိတာ ဦးဆောင်စီစဥ်ပေးတော့ သက်မွန်က. . .

"ရုံးကိစ္စအကြောင်း ကျွန်မက မသိတော့ ဘယ်က စလုပ်လို့ လုပ်ရမှန်းတောင် မသိဘူး"

"ကဲ. . . ကျွန်တော့်သူငယ်ချင်းဆီ အရင်သွားပြီး သူ့ဆီက တစ်ဆင့်မေးမြန်းပြီး လုပ်ရမှာပဲ၊ ကြုံတုန်းကြုံခိုက် သူငယ်ချင်းကို ညွှန်းဆဲခွင့်ရတာ နည်းတဲ့ဆုတောင်းမဟုတ်ဘူး. . . ဟဲဟဲ"

"အာ. . . ကိုမောင်ကြီးကတော့ လုပ်ပြီ"

နှစ်ယောက်အတူလျှောက်လာရင်း သူငယ်ချင်းဖြစ်သူ ဒု-ညွှန်မှူး အခန်းရောက်တော့. . .

"ဘယ်သူများလဲလို့၊ ဘာလဲ. . . မင်္ဂလာဖိတ်စာ လာပေးတာလား"

ရမ်းသမ်းပြောချလိုက်တဲ့ သူငယ်ချင်းဖြစ်သူ တင်မောင်ဌေး စကားကြောင့် ရှက်ကိုးရှက်ကန်းဖြစ်သွားတဲ့ သက်မွန်ကို ကပျာကယာ ကြည့်ပြီး. . .

"ဟေ့ကောင်. . . ဒါ ငါ့မိတ်ဆွေကွ"

တင်မောင်ဌေးက အားနာဟန်နဲ့. . .

"ဟာ. . . ဆောရီးဗျာ၊ ကျွန်တော် တကယ်မသိလို့ပါဗျာ"

"ရပါတယ်ရှင်"

"မသိဘူးလေကွာ. . . ပြီးခဲ့တဲ့အပတ်က ကရဝိတ်ဟိုတယ်ထာ မင်္ဂလာပွဲတစ်ခုမှာ ဟိုကောင်ဖုန်းရွှေနဲ့ တွေ့တော့ မင်း မင်္ဂလာဆောင်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာတဲ့ ငါ့ကို မင်္ဂလာဖိတ်စာ လာပေးမယ် ပြောလို့ ငါက အခုလာတဲ့ကိစ္စက အဲဒါပဲ ထင်မိတာကိုး"

ဒီကောင် ရှင်းပြမှ ပိုဆိုးနေတာကြောင့်. . .

"ဟာ. . . ဖုန်းရွှေ လိုမ့်သမျှ မင်းခံနေရတာ မမှတ်မိဘူးလား။ မင်းခံရတာ နည်းတောင်နည်းသေးတယ်"

တင်မောင်ဒွေး စပ်ဖြဲဖြဲနဲ့ ရယ်သည်။ ကျောင်းမှာကတည်းက တင်မောင်ဒွေးက ဗလွတ်ရွတ်တ အရမ်းပြောတဲ့ကောင်၊ ဟိုကောင်က အတည်လိုလိုနဲ့ ပေါက်တတ်ကရ ပြောတဲ့လူ။ ဖုန်းရွှေ ပြောသမျှကို တင်မောင်ဒွေး ယုံကြည်မိလို့ ဒီကောင်နှစ်ကောင် ပြဿနာဖြစ်တာ ခဏခဏ။

"ထိုင်လေကွာ"

တင်မောင်ဒွေး စကားကြောင့် နှစ်ယောက်အတူ ထိုင်မိရင်း သူတပဲ စပြောလိုက်သည်။

"ဒါ ငါ့မိတ်ဆွေ သက်မွန်မြတ်၊ မသက်မွန်မြတ်. . . ဒါက တင်မောင်ဒွေး"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့ခင်ဗျ"

ကျွန်တော်က သက်မွန်အဖေကိစ္စ ပြောပြ အကူအညီတောင်းတော့ တင်မောင်ဒွေးက. . .

"ရပါတယ်ကွာ. . . အပန်းမကြီးပါဘူး၊ ခဏနော်"

တင်မောင်ဒွေးက ဖုန်းလှမ်းဆက်သည်။ ခဏကြာတော့ အခန်းတံခါး တွန်းဖွင့်ဝင်လာတဲ့ ရုံးယူနီဖောင်းနဲ့ ကောင်မလေးတစ်ယောက်။

"ဆရာ ခေါ်တယ်ဆိုလို့"

"အေး. . . မြင့်မြင့်ဝင်းရေ၊ ဒီက ငါ့မိတ်ဆွေကို ခေါ်သွားပြီး အစစအရာရာ ကူညီပေးလိုက်ပါကွယ်၊ သူနဲ့ လိုက်သွား မသက်မွန်"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲ"

သက်မွန် ရုံးက ကောင်မလေးနဲ့ အတူထွက်သွားတော့ တင်မောင်





ဒွေးက ခပ်တိုးတိုးလေး မေးပါသည်။

"ဟေ့ကောင်. . . ချောတော့ အတော်ချောသားကွ၊ အပျိုလား"

ကျွန်တော် ခေါင်းခါပြတော့. . .

"ဟာကွာ. . . နှမြောစရာကွာ"

"ဘာဖြစ်လို့လဲ"

"ဟမ်. . . မင်းပဲ အပျိုမဟုတ်ဘူးဆို"

"ငါပြောမိလို့လား"

ကျွန်တော့်စကားကြောင့် ဒီကောင်က. . .

"မင်းပဲ ခေါင်းခါပြပြီး"

"အဲဒါ အပျိုလား အအိုလား ငါမသိဘူးလို့ ခေါင်းခါတာကွ"

"ဟင်. . . ဒါဆို"

"ဟုတ်တယ်. . . ငါတို့သိတာ သိပ်မကြာသေးဘူးဟ"

ဒီကောင်က ရယ်ရင်း. . .

"မင်းကတော့ ဖြစ်ရမယ်၊ ဟေ့ကောင်. . . အပျိုဆိုရင် လက်မနှေးစေနဲ့နော်"

"လက်မြန်ရင် ပါးရိုက်ခံရမှာပေါ့ကွ"

"မရိုက်ပါဘူးကွ. . . မင်းလည်း ဟိုရွှေးဒီရွှေးနဲ့ အသက်လည်း ထောက်လာပြီ"

"ဘာဆိုင်လဲ တင်မောင်ဒွေးရာ"

ကျွန်တော် အင်တင်တင်နဲ့ ပြောတော့. . .

"ဟ. . . မင်းလိုအရွယ်ဝတ်က ရခဲတယ်၊ ဒါနဲ့ သက်မွန်က ဘယ်မှာ လုပ်လဲ"

ကျွန်တော် သွားဖြီးလေးနဲ့ ရယ်ပြတော့ ဒီကောင် မျက်စောင်းထိုးသည်။ အာလာပ သလ္လာပ လျှောက်ပြောနေကြရင်း သက်မွန် ဝင်လာတော့ စကားစ ဖြတ်ကာ. . .

"အဆင်ပြေလား မသက်မွန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ပြေပါတယ်၊ ဗုဒ္ဓဟူးနေ့ ပြန်လာရမယ်လေ"

"ဩော်. . . ဟုတ်လား၊ ကျွန်တော်လည်း ရှိပါတယ်၊ ဘာမှ စိတ်မပူနဲ့"

"ဟုတ်ကဲ့. . . ပြန်လိုက်ပါဦးမယ်၊ ကိုမောင်ကြီး နေခဲ့မှာလား"

"ကျွန်တော်လည်း ပြန်မှာ သက်မွှန်"

"ပြန်ဦးမယ် ကိုတင်မောင်ဌေး. . . ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ပါခင်ဗျ၊ ဟော့ကောင်. . . မင်းအရွယ်ဝတ်နော်"

တင်မောင်ဌေးစကားကြောင့် သက်မွှန်က ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို ကြည့်တော့. . .

"ဩော်. . . သူ လက်ဆောင်ရထားတဲ့အကျႌကို ပြန်ရောင်းဖို့ ပြောတာပါ သက်မွှန်"

"ဩော်"

သက်မွှန်က ဘာမသိညာမသိနဲ့ ဩော်. . . လို့ ပြောပြီး လှည့်ထွက်သွားမှ ကျွန်တော် သက်မွှန် မမြင်အောင် တင်မောင်ဌေးကို လက်သီးထောင်ပြမိလိုက်သည်။ ဒါကိုပင် တင်မောင်ဌေးက သဘောကျစွာ ကြိတ်ရယ်နေသေးသည်။

အပြင်ရောက်တော့ နှစ်ယောက် တစ်ဆိုင်ဆိုင် ဝင်ပြီး ကော်ဖီသောက်ဖြစ်ကြသည်။

"ကျွန်တော့်ဖုန်းနံပါတ် မှတ်ထားလေ၊ အကူအညီလိုရင် ဖုန်းဆက်လိုက်. . . အားမနာနဲ့"

"ကျွန်မမှာ ကို A မောင်ကြီးရဲ့ဇစ်ဖစ်တင်းကတ် ရှိပါတယ်"

ကျွန်တော်ကလည်း စကားရောဖောရောနဲ့. . .

"သက်မွှန်အမျိုးသားကရော"

သက်မွှန်က ခေါင်းငုံ့ပြီး ပြုံးသည်။

"ကျွန်မမှာ အိမ်ထောင်မရှိပါဘူး၊ အိမ်မှာက ဖေဖေနဲ့ကျွန်မ နှစ်ယောက်တည်း၊ ဖေဖေ ပင်စင်ယူတာ မကြာသေးဘူးလေ"





ရင်ထဲမှာ ကြိတ်ဝမ်းသာသွားသလိုလို၊ အပျိုလေး မရတော့လည်း အပျိုလတ်ပဲ ပိုးရမလိုလို။



"ဒီတစ်ခါ စီစဉ်ရင် လုံးဝမလွဲစေနဲ့နော် အစ်ကိုကြီး"

လူပိုု အရေးတကြီး ဖုန်းဆက်ခေါ်တယ်ဆိုလို့ A မောင်ကြီး ရောက်လာတော့ လူပိုက ပျို့မေစီမံကိန်းကို အကောင်အထည်ဖော်ဖို့ တက်ကြွနေတာပါ။ နေရာက ဒီကောင်လေးတွေ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေပါနဲ့တော့ကွာ"


A မောင်ကြီးမျက်ဝန်းထဲမှာ သက်မွန်ပုံရိပ်က ဖျတ်ခနဲ ဝင်လာပြီး လွှတ်ခနဲ ပြောမိတော့ လူပိုက သူတို့အစ်ကိုကြီး စိတ်အားလျော့ပြီ ထင်ပြီး

"ဟာဗျာ. . . စိတ်ဓာတ်မကျစမ်းပါနဲ့ဗျာ၊ ကတုတ်ကျင်း မတူးရ သေးဘူး. . . အားကုန်ချင်နေပြီ"

"မဟုတ်ဘူး. . . ဟို. . ."

A မောင်ကြီး သက်မွန်ကိစ္စကို ပြောဖို့ပြင်တော့ ဒီကောင်လေးက လက်ကာ,ကာ. . .

"ဟိုတွေ ဟင်တွေ လုပ်မနေနဲ့ အစ်ကိုကြီး၊ ဒီတစ်ခါ ခင်ဗျားနဲ့သူ အဆင်ပြေကိုပြေစေရမယ်၊ မိန်းမတွေရဲ့ပျော့ကွက်ကို ကိုယ်က ကိုင်နိုင်ရင်"



"ပါးအရိုက်ခံရမှာပေါ့ကွ"

"ဘာကိုလဲဗျ"

လူပို ကြောင်တောင်တောင်နဲ့ ပြောတော့ ကျွန်တော်က. . .

"ပျော့ဖတ်ဆို"

"ပျော့ကွက်ပါဗျာ. . . အဲဒါက ဥပမာစကားဗျ"





"သိဖူးလေ"

"ကျွန်တော် ဖုန်းဆက်တာနဲ့ လာခဲ့၊ အကြောင်းစုံ ရှင်းပြမယ်၊ အဲဒီအတိုင်း တသွေမတိမ်းလုပ်"

"အေးပါကွာ"

"စိတ်ပါလက်ပါ ပြောစမ်းပါဗျာ"

လူပို့စကားကြောင့် A မောင်ကြီးရယ်ရင်း. . .

"ဘာလဲ. . . ငါက က,ပြီးတော့ ပြောရမှာလား၊ ဒါနဲ့ တိုတောင်တွေရော"

"ယတြာသွားချေတယ်"

"ဘယ်လိုယတြာလဲ"

"ဘာလီကျွန်း မသွားခင် ဘိလပ်ရည် သောက်ပြီး ဘိလိယက် ထိုးမယ်ဆိုလား"

အစ်ကိုကြီးက တဟားဟားရယ်ရင်း. . .

"ဘိလိယက် ထိုးပြီးရင် ဘင်ကိုလေးတီး၊ အားမရသေးရင် ဘာဗျာ ပါ ထပ်မှုတ်ပေါ့ကွာ၊ ဘားလမ်းမှာ ရှိတယ်ဆိုပဲ"

ထူးထူးခြားခြား A မောင်ကြီးက ပြန်နောက်တော့ လူပို ကြောင် သွားရသည်။

"ကဲ. . . ထကွာ၊ ဒီကောင်တွေ ခေါ်ပြီးတော့ လူကြီးကြိုက်တဲ့ ဘုရားမကြိုက်တဲ့အရည်လေး သွားသောက်ရအောင်"

"ကောင်းမွန်သင့်မြတ်ကြောင်းပါ"

နှစ်ယောက်အတူ ထ,ရပ်ပြီး လက်ဖက်ရည်ဖိုးကို လူပိုက ရှင်းပေးပြီး ဟိုကောင်တွေ ဘိလိယက် ထိုးရာဆီကို ကို A မောင်ကြီး ကားနဲ့ပဲ သွားလိုက်ကြသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းမွန်မွန် ဆက်ဆံပေးပါလား"

ကျွန်တော့်စကားကြောင့် ပျိုမေ ဒေါသဖြစ်သွားကာ. . .

"ဩော်. . . ငါက ဒီလူကြီး လာရင် ဆဲနေလို့လား"

အေးမိစံက ကြိတ်ရယ်သည်။ ဟိုနှစ်ကောင်က ဘာတွေ ငြင်းခုံနေလဲ မသိ။

"အဲဒီလိုတော့ မဟုတ်ပေမယ့် နင့်မျက်နှာကြီးက မပြုံးတော့"

"ဘာ"

ပျိုမေ ကြုံးအော်သည်။ သူ မပြောနဲ့. . . ငြင်းနေကြတဲ့ ဟိုနှစ်ကောင်တောင် တွန့်သွားရသည်။

"ဖြည်းဖြည်းအော်ပါဟ. . . ငါ့လည်း တက်ကိုက်မိဦးမယ်"

အောင်ဒူစကားကြောင့် ပျိုမေက မျက်စောင်းထိုးသည်။

"ဒီမှာ နင့်ယောက်ဖက ဒေါသထွက်အောင် ဆွနေတာတော့ မပြောဘူး"

ဒေါသသံလေးနဲ့ ပျိုမေပြောတော့ ကျွမ်းပြစ်က စပ်ဖြဲဖြဲလေးနဲ့. .

"ဟော့ကောင်. . . ပျိုမေကို ဘယ်ကို သွားဆွတာလဲ"

ပျိုမေလက်ထဲက စာအုပ်က ကျွမ်းပစ်ကျောကို ဖြန်းခနဲ။





"အေးလေ. . . နင့်မျက်နှာက မပြုံးဘဲ ရှစ်ခေါက်ချိုးလို ခေါက်ချိုး တွန့်ကြေနေတော့ ဟိုက လန့်တာပေါ့ဟ၊ နေပါဦး. . . တို A မောင်ကြီးမှာ ဘာပြစ်ချက်ရှိလို့လဲ"

"နေပါဦး. . . နင်က သူ့ဘက်က ဘာလို့ ပါနေတာလဲ"

ပျိုမေ ပြန်မေးတဲ့စကားကြောင့် သူဘာပြောရမှန်းသေး၊ အေးမိစံ က ရယ်ကျဲကျဲနဲ့ ဟိုနှစ်ကောင်လက်ကို ဆွဲကာ. . .

"ကဲ. . . ဒီကိစ္စမှာ ငါတို့မပါဘူး၊ ကဲ. . . ငါတို့ သင်တန်းခန်းထဲ က စောင့်နေမယ်. . . လစ်ပြီ"

သူ့မှာ အားကိုးလည်း မရှိ၊ စစ်ကူလည်း မရှိ။ ရှိတာကတော့ သူ့ရှေ့တည့်တည့်မှာ ခါးထောက်ပြီး စိုက်ကြည့်နေတဲ့ပျိုမေ။

"ဟဲ့. . . ပြောလေ"

"ဟိုလေ. . . ဟိုဟာ,ဟာ"

"လုပ်ပို. . . ဟိုတွေဒီတွေ လုပ်မနေနဲ့၊ ငါသိတယ်နော်. . . ငါ့တို့ အကြောင်းပြပြီး နင်တို့ ငါ့ကို ဘီယာနဲ့ လဲသောက်နေတာ မဟုတ်လား"

"ဟာ. . . မဟုတ်ဘူး၊ နင့်ကို ဘယ်သူပြောလဲ"

"အေးမိစံ"

ဂန်းနာမလို့ စိတ်ထဲက ဆဲပစ်လိုက်သည်။

"ဟဲဟဲ. . . လဲသောက်စရာလား ပျိုမေရယ်၊ တစ်ဦးနဲ့တစ်ဦး မေတ္တာစစ်မေတ္တာမှန်နဲ့ သောက်ကြတာပါဟာ၊ ပြီးတော့လည်း အစ်ကိုကြီး က သဘောကောင်းပါတယ်ဟ၊ နင် ခင်ခင်မင်မင် နေကြည့်လေ"

"သွားသေလိုက်ပါလား. . . နင် အဲ့ဒီလူကြီးကို အရမ်း အောင် သွယ်နေချင်ရင်လည်း နင့်ညီမနဲ့ အောင်သွယ်ပေးလိုက်ပါလား"

"အမ်. . ."

ပြောပြီး ရှေ့က ဒေါနဲ့မောနဲ့ ထွက်သွားတဲ့ ပျိုမေကြောင့် သူ ကုပ်ကုပ်လေး နောက်က လိုက်ခဲ့လိုက်သည်။ သင်တန်းခန်းမထဲ ရောက် တော့ သူ ကုပ်ချောင်းချောင်းနဲ့ သူ့နေရာမှာ သွားထိုင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစီအစဉ် အဆင်ပြေလား"

"ပြောတောင် မပြောရသေးပါဘူးကွာ၊ ငါ့ကို စွပ်စွဲနေတာနဲ့ ငါ့မှာ ပြောချိန်ကိုမရဘူး"

ဟိုနှစ်ကောင်က တဟားဟား။ ဖျိုမေ နောက်လှည့်ကြည့်ပြီး မျက်စောင်းထိုးတော့ ဟိုနှစ်ကောင်က ကိုယ့်ပါးစပ်ကိုယ် လက်နဲ့ ပိတ်ထားကြသည်။ ကျွမ်းပစ်က ခပ်တိုးတိုး ပြောသည်။

"မင်းအစီအစဉ် လွယ်မယ့်ပုံ မပေါ်ဘူးနော်"

"ဟူး. . . တဖြည်းဖြည်းနဲ့ နားချ ဖျောင်းဖျရမှာပဲ"

အောင်ဒူက မဲ့မဲ့ရွဲ့ရွဲ့နဲ့. . .

"မင်းပဲ နားချနိုင်မလား၊ မင်းနားကိုပဲ သူ့လက်ဝါးနဲ့ အချခံရမလား ကြည့်ကြသေးတာပေါ့ကွာ"

"လူပိုပါကွာ"

"ဟိုကလည်း ဖျိုမေပါကွာ"

အောင်ဒူစကားကြောင့် ဖျိုမေ ပြောတာကို ကျွန်တော် ပြန်သတိရမိသည်။

"မင်းတို့နှစ်ကောင် ပြောစမ်း၊ အစ်ကိုကြီး ဘီယာတိုက်တာ ဘယ်သူ အာသွားချောင်တာလဲ"

ကျွမ်းပစ်က အောင်ဒူကို မေးငေါ့ပြတော့ အောင်ဒူ စပ်ဖြဲဖြဲနဲ့. .

"လွတ်ခနဲ ထွက်သွားတာပါကွ"

"ကဲကွာ"

"အို"

"အေး. . . ငါကလည်း လွတ်ခနဲ ဖြစ်သွားတယ်ကွာ"

ဒီကောင့်ကို နပန်းကျင်းတော့ ဆရာမရဲ့ချောင်းဟန့်သံကြောင့် ကုပ်ကုပ်လေး ပြန်နေလိုက်ရသည်။

၅ ၅ ၅ ၅





သင်တန်းပြီးတော့ ဖျိုမေနဲ့အေးမိစံတ ဒီအနီးနားက **စင်တာ** တစ်ခုကို သွားချင်တယ်ဆိုလို့ သူတို့ အတူထွက်လာခဲ့ကြသည်။ **အနီးလေးမို့** သူတို့ ဖျိုမေကားကို ထားခဲ့ကာ လမ်းလျှောက်လာခဲ့ကြသည်။

အောင်ဒူတို့တစ်ရှဉ်းနဲ့ အေးမိစံက ရှေ့က လျှောက်သည်။ **သူနဲ့** ဖျိုမေက နောက်ကနေ ယှဉ်လျှောက်လာခဲ့ကြသည်။

"ဟဲ့. . . သိလား"

သူ့လက်မောင်းပုတ်ပြီး ပြောတော့ ကျွန်တော်က. . .

"မသိဘူး"

သူမကို မသိလို့ မသိတဲ့အကြောင်း ပြောတော့ မျက်စောင်းက ထိုးပြန်သည်။

"ဟောဗျာ. . . ဘာမှမပြောရသေးဘဲနဲ့ သိလား မေးပြီး မသိဘူး ပြောတော့ စိတ်ကောက်ပြန်ပြီ၊ နေပါဦး. . . နင်က စိတ်ကောက်တာ ဘယ်လိုကောက်တာလဲ၊ အကြေကောက်လား. . . အခွေလိုက် ကျဲကျဲ ကောက်တာလား"

သူမ ဆက်မကောက်နိုင်တော့။ မီးပျက်လို့ ထင်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်း ကျွန်တော့်ကို ဆွဲဆိတ်သည်။

"မိန်းမတွေက စိတ်ကောက်တာနဲ့ ဆွဲဆိတ်တာကို မွေးကတည်းက ကန်ထရိုက် ဆွဲထားကြလား မသိဘူးနော်"

"အဲဒါ ဘာလို့ လုပ်တာလဲ နင်မမေးတော့ဘူးလား"

ကျွန်တော် မမေးရဲပါ။ ဒီမေးခွန်းရဲ့အဖြေကို သိနေသလိုလို။

"ထားပါဟာ"

ကျွန်တော် သွေးလေချောက်ချားတဲ့လေသံကြောင့် သူမက နှာခေါင်းရှုံ့ရင်း ကိုယ့်ကိုယ်ကို ပြန်ပြောသလို စကားတစ်ခွန်းပြောသည်။ တိုးတိုးလေးပါ။ ဒါပေမယ့် ကျွန်တော်ကြားပါသည်။

"လူကြောက်" တဲ့။

တကယ်တော့ ကျွန်တော် သတ္တိရှိချင်ပါသည်။ ငိုင်တွေသွားတဲ့ သူ့ပုံစံကြောင့် ပျိုမေ သူ့ကို မသိမသာ ကြည့်သည်။ နှစ်ဦးသား အတူ လျှောက်နေပေမယ့် ဝေးကွာနေသလို ခံစားနေရသည်။ သူတို့နှစ်ယောက်ကြားမှ ကွက်ပြီး အေးစက်စက်လေပြည်တွေက စီးဆင်းနေသလိုပါပဲ။ ဒါပေမယ့် အပြင်မှာတော့ နေက အတော်ပူနေလေသည်။

သက်ပြင်းချသံကို ကြားလိုက်ရသည်။ ပျိုမေ ဆက်မလျှောက်ဘဲ ရပ်လိုက်တာကြောင့် ကျွန်တော်ပါ တုံ့ခနဲ ရပ်သွားရသည်။

ပျိုမေက သူ့ကို ငေးကြည့်နေသည်။ သူလည်း ငေးကြောင်ကြောင်နဲ့ သူမကို ကြည့်မိသည်။

"နင် တကယ်ပဲ သူနဲ့ငါ့ကို တွေ့စေချင်လား"

သူ ခေါင်းညိတ်လိုက်သည် ထင်သည်။ သူမ ဟိုအဝေးကို ကြည့်ငေးနေရင်းက. . .

"နင်တွေ့စေချင်ရင် ငါတွေ့ပါမယ်. . . စီစဉ်လိုက်လေ"

"နင်တကယ်ပြောတာလား ပျိုမေ"

သူမအပြုံးက ခပ်ရေးရေးလေး။ ပြီးတော့ ခပ်မှိန်မှိန်လေး။

"နင် သူနဲ့ တွေ့မှ စိတ်ချမ်းသာတယ်ဆိုရင် ငါတွေ့ပေးရမှာပေါ့။





နင်စီစဉ်လိုက်ပါ"

သူ ဝမ်းသာသွားသည်။

"ဒါပဲ. . . တစ်ခုတော့ ရှိတယ်၊ သူနဲ့ငါ တွေ့တဲ့အချိန်မှာ ဘယ်သူမှ မရှိစေချင်ဘူး လူပို၊ ကဲ. . . ဟိုမှာစောင့်နေပြီ. . . လာ"

အမူအရာ ချက်ချင်းပြောင်းသွားပြီး သူ့ရ ရယ်မောလိုက်ပေမယ့် သူမအပြုံးကတော့ အသက်မဝင်။

"ဟဲ့. . . ဘာတွေပြောနေတာလဲ၊ ရည်းစားစကားတော့ မဟုတ်ပါဘူးနော်"

အေးမိစံက နောက်ပြောင်လိုက်ပေမယ့် ကျွန်တော့်ရင်တွေ အောင့်သွားမတတ်ပါ။ အေးမိစံ လက်ကို ဆွဲပြီး စင်တာထဲ ဝင်သွားတော့ အောင်ဒူက မေးသည်။

"ဘာတွေပြောနေတာလဲ"

သူ သက်ပြင်းချမိသည်။ အမှန်က သူပျော်သင့်တာပေါ့။

"ကို A မောင်ကြီးနဲ့ နှစ်ယောက်တွေ့မယ်တဲ့"

"ဟာ. . . တကယ်"

သူ ခေါင်းညိတ်ပြမိသည်။ ကျွမ်းပစ်က တွေးတွေးဆဆ ပြောပါသည်။

"အံ့သြစရာပဲကွာ"

သူ ဘာမှ ပြန်မဖြေ။ အောင်ဒူက ခပ်မဲ့မဲ့နဲ့. . .

"မင်းဖြစ်ချင်တာ ဖြစ်ပြီဆိုတော့ မင်းပျော်သင့်ပြီပေါ့"

ဒီကောင် ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောလဲ ကျွန်တော်သိသည်။ ရင်ထဲက တိမ်တိုက်မှာ အလွမ်းတွေ ညို့လာပြီ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလေးလဲ
အစ်ကိုမေးမယ် …
အပျိုလေးရယ်
မသိုးဘဲ ဖုံးမထားပါနဲ့ …
အချစ်ဆိုတာ သုံးစားဖြုန်းထားမှ
လှိုးကြွကြွနဲ့ လှတာ …
မသိုးဘဲ လှိုးထွေးထားရင်
လောကမှာ "လှပို"
အပျိုမဖြစ်တဲ့ "လှညက်.."
တောင်ပံမပါတဲ့ "လိပ်ပြာ"
တဲ့…မှတ်ပြီလား။





# အခန်း(၆)

"ကျွန်တော် မသက်မွန်နဲ့ အေးအေးဆေးဆေး စကားပြောပါရစေ"

"ရှင်. . ."

ဖုန်းလိုင်းထဲကနေ သူ့ရဲ့အသံကို ကြားရသည်။ တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ် ဖူးတဲ့ ခံစားမှုမျိုးတွေနဲ့ လှိုင်းလေးတစ်ခုက ဖျတ်ခနဲ လှုပ်ခတ်သွားလေသည်။

"ဟယ်လို"

"ဟုတ်. . ဟုတ်ကဲ့"

သက်မွန် ထင်တော့ ထင်ထားခဲ့ပေမယ့် အခုလောက်ထိတော့ မြန်လိမ့်မယ်တော့ မထင်ခဲ့မိတာ အမှန်ပင်။

"မသက်မွန်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အတွေးနဲ့ နပမ်းလုံးနေရာမှ ကို A မောင်ကြီး ရုတ်တရက် ခေါ်တော့ သက်မွန် လန့်သွားမိသည်။

"ကျွန်တော့်ကို ပြန်ပြောဦးလေ"

"ဟုတ်ကဲ့"

သက်မွန်အဖြေကြောင့် တစ်ဖက်က A မောင်ကြီး ရယ်မိသည်။ မသက်မွန် ဘာဖြစ်နေလဲဆိုတာ A မောင်ကြီး သိပါသည်။

"မနက်ဖြန် ဆယ်နာရီ ကျွန်တော် ကန်တော်ကြီးမှာ စောင့်နေမယ်နော်"

A မောင်ကြီး လာရမယ့်နေရာကို အတိအကျ ချိန်းပြီး. . .

"မသက်မွန် မလာမချင်း ကျွန်တော်စောင့်နေမယ်နော်"

"ဟုတ်. . ဟုတ်ကဲ့"

"ဒါပဲနော်"

A မောင်ကြီး ဖုန်းကို ချလိုက်ပြီး ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချမိလိုက်သည်။ သူ အကြိမ်ကြိမ် အခါခါ ဖွင့်ပြောဖို့ ကြိုးစားခဲ့သမျှ ဒီတစ်ခါတော့ အောင်မြင်သွားပါပြီ။

ပျိုမေရဲ့အချစ်ကို ရဖို့ ကြိုးစားတိုင်း လွဲချော်သမျှ ဒီတစ်ခါ မသက်မွန်နဲ့အလှည့်မှာ လွဲမှားစရာ မရှိစေရဟု ယုံကြည်နေမိသည်။ ဖီးကောင်းနေတုန်း သူ့ဖုန်းဆီမှ ဖုန်းခေါ်သံကြောင့် သူစိတ်ပျက်သွားမိသည်။

"အရေးထဲကွာ"

ချစ်သူနဲ့ မနက်ဖြန် ဘယ်လိုတွေ့ပြီး ဘယ်လိုကြည်နူးမယ်လို့ အစီအစဉ်တကျ တွေးဖို့ အားယူရုံပဲ ရှိသေးသည်။

"ဟလို. . . A မောင်ကြီး စကားပြောနေပါတယ်"

"အစ်ကိုကြီးလား. . . ကျွန်တော် လှုပို"

လှုပိုဆိုတဲ့အသံကြောင့် သူလန့်သွားမိသည်။ ဧကန္တ သူ မသက်မွန်





ကို ဖွင့်ပြောမယ့်ကိစ္စ ဒီကောင်လေး သိသွားလို့ ဖုန်းဆက်တာများလား။

"အစ်ကိုကြီး. . . ကျွန်တော်ပြောတဲ့အတိုင်း လုပ်နော်"

"ဘာကိုလဲ"

"ဟာဗျာ. . . ဒီမှာတော့ အပင်ပန်းခံပြီး စည်းရုံးထားတာ"

"မင်းက ဘာတွေ စည်းရုံးနေတာလဲ"

A မောင်ကြီးအမေးကြောင့် တစ်ဖက်က ဟက်ဟက်ပက်ပက် ရယ်သံကို ကြားရသည်။

"အခြေအနေ ထူးပြီဗျ။ အစ်ကိုကြီးနဲ့ တွေ့ဖို့ ပျိုမေ လက်ခံလိုက်ပြီ"

"ဟာ. . ဟို. . မဟုတ်"

သူ ခေါင်းနားပန်းကြီးသွားရသည်။ အဲဒီကိစ္စကို သူ စိတ်မပါတော့ဘူးလို့ လှုပိုကို ပြောဖို့ သူစဉ်းစားပါသေးသည်။ ပြီးတော့. . . သူ တကယ် မြတ်နိုးရမယ့်ချစ်သူက ရှိနေပြီလေ။

"မဟုတ်တာတွေ ဟုတ်တာတွေ ပြောမနေနဲ့ ကျွန်တော် ပြောတာ နားထောင်၊ မနက်ဖြန် ကိုးနာရီမထိုးခင် ကျွန်တော် လာခေါ်မယ်၊ ကန်တော်ကြီးမှာ ပျိုမေနဲ့အစ်ကိုကြီး တွေ့ဖို့ ချိန်းထားပြီးပြီ၊ ကျွန်တော်က အစ်ကိုကြီးကို ပို့ပြီး ပြန်မယ်၊ ဒါပဲနော်. . . ကျွန်တော်ဖုန်းချလိုက်တော့မယ်"

သူ့ဘာသာ ပြောပြီး သူ့ဘာသာ ဖုန်းချသွားတာကြောင့် A မောင်ကြီး ဖုန်းကို ငေးကြည့်ကာ ငူငူကြီး ရပ်နေမိသည်။

မထူးတော့ပါဘူးလေ။ တွေ့တာတော့ တွေ့ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မေမေတို့ကလည်း အန်တီမေမိုးသမီး ပျိုမေနဲ့ စွတ်ဆက် သဘောတူနေတာ၊ ပျိုမေကလည်း သူ့ကို ကြိုက်သည့်ပုံ တစ်စက်မှ မရှိ။ မနက်ဖြန် တွေ့ကြပြီး အကျိုးအကြောင်းကို ရှင်းပြရတော့မှာပဲ။

လှုပိုကိုတော့ နှစ်ဦးသား ညှိလို့မရဘူးလို့ပဲ အကြောင်းပြရမှာပါပဲ။

မနက်ဖြန် ဘာတွေဖြစ်လာမလဲ သူလည်း မသိ။

ꩩ ꩩ ꩩ ꩩ



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာကြောင့် ဒီလူကြီးနဲ့ တွေ့ရတာလဲ ပျိုမေ"

ကားမောင်းလာရင်း မနေ့ညနေက အေးမိစံ ဖုန်းနဲ့ မေးတဲ့ မေးခွန်းကို ပြန်သတိရမိသည်။

"တွေ့လိုက်တော့လည်း ဒီလူကြီးကို နောက်တစ်ခါ မပတ်သက်ဖို့ အပြတ်ပြောလို့ ရတာပေါ့ဟယ်"

တစ်ဖက်က အေးမိစံရဲ့ရယ်သံ ကြားတော့. . .

"ဟဲ့. . . ငါ့စကားမှာ ရယ်စရာ ပါလို့လားဟဲ့"

သူမ စကားကြောင့် အေးမိစံက. . .

"ငါတော့ အဲဒီလိုမထင်ဘူး"

အေးမိစံ စကားကြောင့် သူမ မျက်မှောင်ကြုတ်ပြီး မေးမိသည်။

"နင်က ဘယ်လိုထင်လို့လဲ"

"ငါ့အထင်က. . နင်. . နင့်မောင်တော် စိတ်ချမ်းသာအောင် သွားတွေ့လိုက်တာ မှတ်လားဟင် ပျိုမေ"

"ဟယ်. . ခွေးမ. . လူကိုများ၊ ဘာမှမဆိုင်ဘူး"

"နင်တို့မျက်လုံးတွေကတော့ ဆိုင်ချင်ပုံပဲ"





"မိစံနော်"

မနေ့က ပြောဖြစ်တဲ့စကားကို ပြန်သတိရပြီး ပြုံးမိသည်။ သူမ နေရာမှာ အခြားတစ်ယောက်ဆိုရင် လူပိုကို စိတ်ဆိုးမိမှာ အမှန်ပင်။ ကိုယ်ချစ်နေတဲ့သူက အခြားတစ်ယောက်နဲ့ အောင်သွယ်သည်တဲ့လေ။

ဒါပေမယ့် ပျိုမေ ဘာကြောင့်မှန်းမသိ လူပိုကို အပြစ်မမြင်မိပါ။ ဒီကောင် စိတ်ရှုပ်ထပြီး လျှောက်လုပ်နေတာလို့ ဖြေတွေးလေးတောင် တွေးမိလိုက်သေးသည်။

ချိန်းထားတဲ့နေရာရောက်တော့ ကားပေါ်က ဆင်းပြီး ရေစပ်မှာ ခတ်တတ်ရပ်နေတဲ့ လူပိုနဲ့ ကို A မောင်ကြီးဆီ လျှောက်လာတော့ လူပိုက

"ကဲ. . . ငါသွားမယ်၊ နင်တို့ အေးအေးဆေးဆေး ဆွေးနွေးကြပေါ့"

A မောင်ကြီး နာရီကို ကြည့်တော့ ကိုးနာရီထိုးနေပါပြီ။ မသတ်မှန်နဲ့ ဒီနားမှာပဲ ဆယ်နာရီ ချိန်းထားတာဆိုတော့ ပြဿနာ မရှိပါဘူးလေ။ ဒီကောင်မလေးနဲ့လည်း တစ်နာရီကျော်ကျော် စကားပြောဆိုဖို့ မလိုဘူးလို့လည်း တွေးမိသည်။

"ကျွန်တော်. . ."

A မောင်ကြီး စကားစဖို့ ခက်နေရသည်။ ပြဿနာကတော့ ပြဿနာပါပဲ။ ဒီအချိန်ကျမှ မိန်းကလေးတစ်ယောက်ကို မင်းကို ငါမချစ်တော့ဘူး၊ ငါ့စကား ငါပြန်ရုပ်သိမ်းတယ် ပြောရအောင်ကလည်း မဖြစ်ပြန်။ ဒါပေမယ့် ပြောတာတော့ ပြောရမှာပဲ။ ဒါကြောင့် မျက်လုံးကို စုံမှိတ်ပြီး. .

"ဟိုလေ. . . ကျွန်တော် ပျိုမေကို ဆက်မနှောင့်ယှက်တော့ပါဘူး အဲဒီအတွက် ကျွန်တော့်ကို ကြိုက်သလို ပြုမူနိုင်ပါတယ်"

မျက်လုံးတွေ စုံမှိတ်ထားရပေမယ့် ပါးတွေက ယားကျိကျိ။ အချိန် မိနစ်တွေ ကြာတဲ့အထိ တုံ့ပြန်သံ မကြားရ။

ဒီလိုပါပဲ. . . ပျိုမေကိုယ်တိုင်လည်း A မောင်ကြီး ရုတ်သရုတ် ပြောလိုက်တဲ့စကားကြောင့် ကြက်သေ,သေသွားရသည်။ နောက်မှ သတိရ



www.burmeseclassic.com

www.burmeseclassic.com



ကာ ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

ရယ်သံကြောင့် A မောင်ကြီး မျက်လုံးပွင့်လာသည်။ ပြီးတော့ အားရပါးရ ရယ်နေတဲ့ ပျို့မေကို ကြည့်ပြီး 'ဘယ်လိုလဲဟ' လို့ တွေးနေမိသည်။ မျက်ရည်ထွက်အောင် ရယ်နေတဲ့ပျို့မေက လက်ကိုင်ပဝါနဲ့ မျက်ဝန်းထောင့်ကို အသာတို့ရင်း. . .

"ဟို. . ရှင့်ကို လှောင်ရယ် ရယ်တာမဟုတ်ဘူး ကို A မောင်ကြီး၊ ကျွန်မ ဝမ်းသာလို့ပါ"

"ဗျာ. . . ဝမ်းသာလို့"

ပျို့မေက အူကြောင်ကြောင်ဖြစ်နေတဲ့ A မောင်ကြီးကို ခေါင်းညိတ်ပြပြီး. . .

"ဒီလိုလေ. . . အခု လာတွေ့တယ်ဆိုတာကလည်း ရှင့်အတွက် အခြေအနေ မကောင်းဘူး၊ တစ်ခါတည်း ပြတ်ပြတ်သားသား ပြောဖို့ဆိုပြီး လာခဲ့တာလေ"

A မောင်ကြီး တွန့်သွားသည်။ သူ့ကိုများ ချဉ်ဖတ်ကြီးလို သဘောထားတဲ့ ပျို့မေစကားကြောင့် ပျို့မေက အားနာဟန်နဲ့. . .

"ဟို. . . ဆောရီးနော်"

"ရပါတယ်ဗျာ. . . အခုမှတော့ ပွင့်ပွင့်လင်းလင်းသာ ပြောပေတော့"

A မောင်ကြီးစကားကြောင့် ပျို့မေ ပြုံးမိသည်။

"ပြီးတော့ ဟိုကောင် လူပိုက အတင်းသွားတွေ့ခိုင်းတာရယ်ကြောင့်"

ပျို့မေ မျက်ဝန်းကို ထောင့်ကပ်ပြီး စူပုတ်ပုတ်လေး ပြောပုံက လူပိုကို မကျေမချမ်းဖြစ်ခြင်းဆိုတာ ရည်ညွှန်းပေမယ့် ဒါကပဲ ချစ်သူချင်း စိတ်ကောက်နေပုံလိုလို။

သူ သိလိုက်ပါပြီ။ လူပိုကိုလည်း A မောင်ကြီး အတော်အားနာသွားသလို ခင်လည်း ခင်မင်မိပါသည်။





"ဟုတ်တယ်ဗျ. . . အမှန်အတိုင်းပြောရရင် ပျို့မေတော ထူထို အရုပ်တစ်ရုပ်လို နှစ်သက်မိရုံပါ။ ဒါကို ကျွန်တော်က အချစ်လို့ပဲ ထင်နေတာကို၊ ဒါပေမယ့် ကျွန်တော် အခု အချစ်ဆိုတာ ရှာတွေ့ခဲ့ပြီ"

ကို A မောင်ကြီးစကားကြောင့် ပျို့မေ အံ့အားသင့်သွားရသည်။

"အဟုတ်. . . တကယ်"

A မောင်ကြီး ဂုဏ်ယူဝင့်ကြွားစွာ ခေါင်းညိတ်ပြလိုက်သည်။

"သူ့နာမည်က သက်မွန်မြတ်တဲ့၊ ကျွန်တော်နဲ့ မတိမ်းမယိမ်းပဲ"

အခုမှ စိတ်အေးသွားရတာကြောင့် ပျို့မေလည်း စိတ်ကို အတော်ချမ်းသာသွားရသည်။

"ကို A မောင်ကြီး အမျိုးသမီးက ဘာလုပ်လဲ"

"အဲ. . ."

ပျို့မေ မေးမှ သတိရမိသည်၊ သက်မွန် ဘာအလုပ်လုပ်လဲ သူမသိ၊ A မောင်ကြီး ခေါင်းကုတ်ပြီး . . .

"အဲဒါတော့ မသိဘူး"

"ဒါဆို ဘယ်မှာ နေလဲ"

"အဲဒါလဲ မသိဘူး"

ပျို့မေ A မောင်ကြီးအဖြေကြောင့် ရယ်မိတော့သည်။

"ဒါဆို ရှင် ဘာသိလဲ"

"ဖုန်းနံပါတ်တော့ သိတယ်"

"တော်သေးတာပေါ့. . . ဒါနဲ့ အဖြေရပြီပေါ့"

A မောင်ကြီး ခေါင်းခါယမ်းရင်း နာရီကို ကြည့်ကာ. . .

"ဟင့်အင်း. . . ဆယ်နာရီကို ဒီနားမှာပဲ ချိန်းထားတာ၊ ရည်းစားစကားပြောဖို့"

ပျို့မေ နာရီကို ကြည့်ကာ. . .

"တဲ. . တဲ. . ကျွန်မ စိတ်ချမ်းသာသလို ကို A မောင်ကြီးလည်း စိတ်ချမ်းသာပါစေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ"

"ကဲ. . . ဒါဆို ပြန်တော့မယ်၊ အခြေအနေကောင်းရင် ကျွန်မတို့ အုပ်စုကို မုန့်ဝယ်ကျွေးရမယ်နော်"

ပျိုမေစကားကြောင့် A မောင်ကြီး ပြုံးဖြီးဖြီးကြီးနဲ့. . .

"စိတ်ချပါဗျာ"

ပျိုမေ ထွက်သွားတော့ A မောင်ကြီး လေလေး တချွန်ချွန်နဲ့ ဆက်စောင့်နေခဲ့လိုက်သည်။

"ဟော. . ."

ရုတ်တရက် မိုးစက်တွေက သူ့သဘောနဲ့သူ ကဆုန်ပေါက်ပြီး ခုန်ဆင်းလာကြသည်။ သူ ကားဆီ ပြေးမယ်လုပ်ပြီးမှ တော်ကြာ သက်မွန် လာရင် မတွေ့မှာစိုးတာရယ်၊ တစ်သက်လုံးအတွက် အဖြေရမှာ မိုးရေထဲ တော့ စောင့်သင့်တယ်လို့ တွေးမိတာရယ်ကြောင့် မိုးရေထဲမှာပဲ ရပ်နေမိ သည်။

မိုးက သည်းသည်းမည်းမည်းကို ရွာချလာသည်။ အချိန်တွေက လည်း တဖြည်းဖြည်းနဲ့ ကုန်ဆုံးလာသည်။ နာရီကို ကြည့်ပြီး ချိန်းဆိုထားတဲ့ ဆယ်နာရီဟာ နောက်ကျ ကျန်ရစ်ခဲ့သလို နာရီလက်တံတွေက သူ့ကို လှောင်ပြောင်ထုတ်ပြနေလေပြီ။

"တောက်. . ."

တဆတ်ဆတ် တုန်ရီနေရင်း အချမ်းဒဏ်က သူ့ကို စတင်နှိပ်စက် လို့နေသည်။ ရင်ထဲမှာ ခံပြင်းခြင်းက မီးတောက်တွေလို ပူလောင်လွန်းလှ သည်။

သူ တကယ်ချစ်မိတော့မှ သူ့အချစ်ကို ဥပေက္ခာပြုတာ လုံးလုံး အကြောင်းမကြား အကြောင်းမပြန်ဘဲ တမင်နှိပ်စက်ခဲ့တဲ့ သက်မွန်ကို သူ နာကျင်မိသည်။ ဘယ်လောက် ချမ်းပလေ့စေ သူခံနိုင်ပါသည်။

နောက်ဆုံးအချိန်မှာတော့ သူ့ကားဆီကို မနည်းသွားပြီး ကားပေါ် တက်ကာ ဖုန်းကို ခဲရာခဲဆစ် ဖွင့်လိုက်၏။





"ဟဲလို. . . လူပို. . . တိုလ့်ဆီတို့. . . အမြင်. . ."

သူ ဆက်မပြောနိုင်တော့။ ပြီးတော့ သူ့ အာရုံပျောက်သွားတော့။

၅ ၅ ၅ ၅

"အခြေအနေက ဘယ်လိုတဲ့လဲ"

ကိုဖုန်းရွှေရဲ့ အမေးကြောင့်. . .

"အခြေအနေတော့ ကောင်းသွားပါပြီ"

ပုံမှန်အခြေအနေနီးပါး ပြန်ဖြစ်သွားပြီဆိုတော့ ဖုန်းရွှေ စိတ်အေး သွားရသည်။ A မောင်ကြီးအမေ အန်တီတင်က သူ့သားဘေးမှာ စိုးရိမ်စိတ် နဲ့ အရိပ်တကြည့်ကြည့် ဖြစ်လို့နေသည်။

"တော်သေးတာပေါ့ကွာ"

"ဟုတ်တယ် အစ်ကို၊ အခုတော့ ဆေးအရှိန်နဲ့ မှိန်းနေတယ်"

"ဘယ်လိုတွေ ဖြစ်ကြတာလဲ"

ကိုဖုန်းရွှေအမေးကြောင့် သူ ကျွမ်းပစ်ကို ဖျတ်ခနဲ ကြည့်တော့ ကျွမ်းပစ်ကလဲ ကျွန်တော့်လိုပဲ ကျွန်တော့်ကို ပြန်ကြည့်နေသည်။ အမှန်က ကျွန်တော့်အိမ်မှာ ကျွန်တော်နဲ့ကျွမ်းပစ် အစ်ကိုကြီး ဖုန်းဆက်ပြောမယ့် သတင်းကို နားစွင့်နေခြင်းပါ။ အောင်ဒူကတော့ မရှိ။ သူ့အမေခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုလား။

ဒါပေမယ့် ဖုန်းဆက်တော့ အရေးပေါ် အခြေအနေနဲ့ တစ်ဝက်တစ်ပျက် ရပ်တန့်သွားတဲ့စကားကြောင့် သူနဲ့ကျွမ်းပစ် အပြေးရောက်လာပြီး ကြည့်မိချိန်မှာ သူ့ရဲ့ကားထဲ ဖုန်းတန်းလန်းနဲ့ မေ့မြောနေတဲ့ ကို A မောင်ကြီးကို တွေ့တာကြောင့် အနီးဆုံး အထူးကုဆေးရုံကြီးကို ခေါ်လာခဲ့ရသည်။

"ကံကောင်းလို့ အစ်ကိုရ၊ ပြီးတော့ ဒီဆေးရုံက ဆရာဝန်မ တစ်ယောက်က ကို A မောင်ကြီးမိတ်ဆွေတဲ့၊ အဲဒီဆရာဝန်မကပဲ လိုလေသေးမရှိ သူဖြစ်နေတဲ့ပုံစံကို ဂရုစိုက်တာ"

"နေပါဦး. . . ဒီကောင် မိုးရေထဲ ဘာသွားလုပ်တာလဲ"

အဲဒီမေးခွန်းက လူပို မဖြေချင်ဆုံးမေးခွန်းပါ။ ပြီးတော့ အခုလိုလုပ်ရပ်အတွက် အပြစ်ရှိဆုံးတရားခံက ပျိုမေ။

စိတ်ချရပြီဆိုတော့ လူပိုနဲ့ ကျွမ်းပစ် ကိုAမောင်ကြီးအမေကို ပြန်ဖို့နှုတ်ဆက်လိုက်သည်။

"ကြီးကြီး. . . သားတို့ကို ပြန်ခွင့်ပြုပါဦး"

"လူစောင့်မရှိရင် ဖုန်းဆက်ပါနော်"

ကို A မောင်ကြီးမေမေက ကျေးဇူးတင်တဲ့မျက်နှာနဲ့ သူတို့ကိုကြည့်ပြီး. . .

"ကျေးဇူးပါပဲ သားရယ်၊ ကြီးကြီးသားမှာ သားတို့ ကယ်တဲ့အသက်ပဲ ရှိတော့တယ်"

ကျွန်တော်တို့ကလည်း. . .

"ရပါတယ် ကြီးကြီးရယ်၊ ကျေးဇူးတင်စရာ မလိုပါဘူး၊ ကို A မောင်ကြီးက ကျွန်တော်တို့နဲ့ဆို ညီအစ်ကိုလို နေတာ"

ကျွန်တော်တို့ နှုတ်ဆက်ပြီး ပြန်ထွက်လာတော့ အခန်းဝမှာ ဒေါက်တာမမနဲ့ ဆုံသည်။

"ဆရာမ. . . ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"





"ဩော်. . အေးအေး. . မောင်လေး"

ဒေါက်တာမမက မျက်နှာလွှဲသည်။ ကျွန်တော်တို့လည်း လူမှုရေးအရ ဆက်မပြောသင့်မှန်း သိလို့ ထွက်လာခဲ့လိုက်သည်။

"ဟော့ကောင် လူပို၊ ဆရာဝန်မမ ငိုထားတဲ့ပုံပဲ၊ မျက်လုံးတွေ ရဲနေတယ်"

"နေမကောင်းလို့ ဖြစ်မှာပါကွာ"

ကျွမ်းပစ် ဆက်မပြောတော့။ ကျွန်တော့်အတွေးထဲမှာ ပျိုမေနင့်ကြောင့် လူတစ်ယောက် အသက်ဆုံးရှုံးသွားနိုင်တာ နင် သိလား ပျိုမေ။ ကျွန်တော်နဲ့ ကျွမ်းပစ် ဆေးရုံအောက်က ကားပါကင်မှာ ရပ်ထားတဲ့ ဆေဖော့ကားဆီ လျှောက်လာရင်း ကျွန်တော့်သော့ကို ကျွမ်းပစ်ဆီ လှမ်းပစ်ပေးတော့. . .

"မင်း မမောင်းဘူးလား"

"ငါ မောင်းလို့ရမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သိပ်မကြာခင် မင်းသိရမှာပေါ့"

ကျွမ်းပစ် ဘာမှပြန်မပြောတော့။

ကားပေါ် ရောက်တော့ ကျွမ်းပစ် ကားစက်နှိုးရင်း. . .

"အိမ်တန်းပြန်မှာလား"

"ခဏလေး"

ကျွန်တော် ဖုန်းကို ဖွင့်ပြီး နံပါတ်တစ်ခုကို ဆက်လိုက်သည်။

"ဟလို. . . ပျိုမေလား၊ နင်နဲ့ငါ အမြန်ဆုံး တွေ့ချင်တယ်"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ပျိုမေ ကားပေါ်က ဆင်းတော့ ကမ်းစပ်မှာ လူပိုတစ်ယောက်တည်း။ ကျွမ်းပစ်ကိုတော့ ခပ်လှမ်းလှမ်းက ကားပေါ်မှာ တွေ့သည်။

ပျိုမေ ဘာကြောင့် လူပို အခုလို သူမဆီကို အရေးတကြီး ဆက်မှန်းမသိ။ ဒါပေမယ့် တွေးမိတာက A မောင်ကြီးနဲ့ တွေ့ပြီး ဖြစ်ကြောင်း တုန်စင် သိသွားလို့ သူမကို တောင်းပန်မလို့ ထင်နေမိသည်။ ပြီးတော့ လူပို သူမကို. . .။

ပျိုမေ ပြုံးမိရင်း လျှောက်လာခဲ့လိုက်သည်။ သိပ်မကြာခင်ကပဲ ဒီနေရာကို သူမရောက်လာခဲ့သည်။ အခုလည်း ထပ်မံရောက်လာခဲ့ပြန်ပြီ။ ဒါပေမယ့် ရောက်လာရတဲ့ ရည်ရွယ်ချက်က မတူ။

"ဟဲ့. . . ဘာတွေ အရေးတကြီး ရှိလို့လဲဟ"

သူမက ပုံမှန်အတိုင်း မေးမိသည်။ လူပို သူမအသံကြောင့် ကန်ကို မျက်နှာမူထားရာကနေ တဖြည်းဖြည်း လှည့်လာသည်။

"ဟင်. . ."

လူပိုမျက်နှာပေါ်က ဒေါသအမှုန်အစတွေကြောင့် သူမ ပါးစပ်အဟောင်းသား။





"နင် ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ လူပို"

သူမ စိုးရိမ်တကြီး မေးမိတော့ လူပို အံကို တင်းတင်းကြိတ်ထား နာနာကျင်ကျင် ရယ်မိပါသည်။

"နင်ဟာ တော်တော်သရုပ်ဆောင်ကောင်းတဲ့ မိန်းမပဲ ပျိုမေအေး. . . သရုပ်ဆောင်ကောင်းသလို ရက်စက်ကြမ်းကြုတ်တတ်မှန်းလည်း ခုမှ ငါသိတယ် ပျိုမေ"

သူမ ပါးစပ်အဟောင်းသား။ ဘာတွေဖြစ်နေတာလဲ။ သူမ လူပိုနား တိုးမိပြီး လူပိုလက်မောင်းနှစ်ဖက်ကို ကိုင်ရင်း. . .

"နင် ဘာတွေပြောနေတာလဲ၊ ငါနားမလည်ဘူး"

"သွား . . ငါ့အသားကို မထိနဲ့၊ နင့်ရဲ့ရက်စက်မှုကြောင့် A မောင်ကြီးတစ်ယောက် ဆေးရုံမှာ၊ နင် အဲဒါသိလား"

"ဘာ. . ."

သူမ အလန့်တကြား အော်မိသည်။ လူပိုက သူမကို စက်ဆုပ်နာကျင်တဲ့အကြည့်နဲ့ ကြည့်တော့. . .

"နင် ငါ့ကို အဲဒီလို မကြည့်နဲ့ လူပို"

"နင့်ကို အဲဒီလို ကြည့်ရုံတင် မဟုတ်ဘူး၊ ဥပဒေ မရှိရင် သတ်ပစ်ချင်တာ ပျိုမေ၊ ပြောပါဦး. . . ကို A မောင်ကြီးမှာ ဘာအပြစ်တွေ ရှိလို့လဲဟာ၊ နင်မချစ်ရင် ငြင်းနိုင်ပါတယ်ဟာ၊ ဒီလို မိုးရေထဲမှာ ရပ်နေမိလောက်အောင် နင် ဘာတွေ သွားပြောတာလဲ"

ပျိုမေ နှုတ်ခမ်းကို တင်းတင်းကိုက်ထားမိသည်။ အစတုန်းကတော့ လူပိုကို ရှင်းပြမလို့ပါပဲ။ ဒါပေမယ့် တယူသန်လွန်းတဲ့ တစ်ဖက်သတ်အတွေးနဲ့ စကားလုံးတွေနဲ့ စော်ကားလွန်းတဲ့ လူတစ်ဖက်သားရဲ့ခံစားချက်ကို လျစ်လျူရှုတဲ့ လူပိုကို တဖြည်းဖြည်း နာကျင်လို့ လာရသည်။ စိမ့်ထွက်လာတဲ့ မျက်ရည်ကို မသုတ်ချင်တော့ပါ။

"ဘာအပြစ်ရှိလို့လဲ ဟုတ်လား၊ ရှိတာပေါ့ဟာ. . . အဲဒါက နင်တို့လူကို ငါမချစ်လို့ပဲ၊ အကြောင်းပြချက်က လုံလောက်ပါတယ်နော်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နင့်လို ငါမဟုတ်ဘူး လူပို၊ ချစ်နေရက်သားနဲ့ ကိုယ်ချစ်တဲ့သူကလည်း ကိုယ့်ကို ပြန်ချစ်ရက်သားနဲ့ အကြောင်းပြချက် မရှိဘဲ တခြားလူတစ်ယောက်ကို စစ်တုရင်ရုပ်လေးလို ထိုးမကျွေးဘူး၊ ကဲ. . . နင်ဘာပြောချင်သေးလဲ"

လူပို ဘာမှ ဆက်မပြောချင်တော့။ ကျွမ်းပစ်ကတော့ သူ့ရှေ့မှာ ဖြစ်ပျက်နေတဲ့ တိုက်ပွဲကို ငေးကြည့်လို့သာ နေလေသည်။

သွားဆွဲလို့လဲ ဘာမှထူးမှာမဟုတ်။ ဘာတွေဖြစ်ကြမှန်းလည်း သူ အခုထိ ရေရေရာရာ သဘောမပေါက်သေးပါ။

၅ ၅ ၅ ၅

"ဟော. . . လာပြီ"

ကျွန်တော့်ကို မြင်တော့ ကိုဖုန်းရွှေက ပြုံးပြပါသည်။ မနေ့က ဒေါက်တာမမကပါ ကျွန်တော့်ကို ပြုံးပြပါသည်။

"အတော်ပဲကွ မင်းရောက်လာတာနဲ့၊ ငါ အောက်ဆင်းပြီး ဗိုက်ထဲ တစ်ခုခု ဖြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုဖုန်း"

ကိုဖုန်း ထွက်သွားတော့ လူနာက ယဲ့ယဲ့ပြုံးရင်း. . .





"မင်းကို သိပ်ကျေးဇူးတင်တာပဲကွာ"

"အချင်းချင်းတွေပဲဗျာ. . . ရပါတယ်"

"ဟိုကောင်တွေ မပါဘူးလား"

"နောက်မှ လာမယ်ထင်တယ်၊ ကျွန်တော်လည်း ဖေဖေ ခိုင်းထားတာနဲ့ မြို့ထဲ လာရင်း တစ်ခါတည်း ဆေးရုံကို တန်းလာတာ"

"ထိုင်. . . မင်းကို မိတ်ဆက်ပေးရဦးမယ်"

ကျွန်တော် ခုတင်ဘေးက ခုံမှာ ဝင်ထိုင်တော့ ကို A မောင်ကြီးက မတ်တတ်ရပ်နေတဲ့ ဒေါက်တာမမနဲ့ မိတ်ဆက်ပေးသည်။

"သူက ဒေါက်တာ သက်မွန်မြတ်တဲ့၊ သက်မွန်. . . ဒီကောင်က တို့နဲ့ ညီအစ်ကိုလို ရင်းနှီးတဲ့ လူပိုတဲ့"

"လူပို"

သူ့နာမည်ကြောင့် မသက်မွန်က ရယ်ချင်သွားသည်။ အဲဒီအချိန်မှာ တံခါးဖွင့်ဝင်လာသူက အောင်ဒူ။

"ဟာ. . . လူနာက ပြောတုန်းကတော့ အတော်အခြေအနေမကောင်းဘူးဆို၊ ကျွန်တော်တောင် ဖဲထုပ်ဝယ်မလို့"

ပြေးပြီး ဝင်လာတဲ့အောင်ဒူက လူပိုကို မြင်တော့ . .

"ဟင်. . . မင်းရောက်နေတယ်"

အောင်ဒူက တစ်ခုခုကို စိုးရိမ်ပုံနဲ့ ခေါင်းကုတ်သည်။ ကို A မောင်ကြီးက အောင်ဒူပုံစံကြောင့် . .

"ဘာဖြစ်လို့လဲ အောင်ဒူ"

ခြေသံတွေနဲ့အတူ ရယ်ကာမောကာနဲ့ ဝင်လာသူတွေက ကျွမ်းပစ်၊ ပြီးတော့ အေးမိစံ၊ နောက်ဆုံးတစ်ယောက်က ပျိုမေ။ ပျိုမေ ပြောလက်စ စကားနဲ့ အရယ်အပြုံးတွေက အခန်းထဲ ဝင်လို့ အမှတ်မထင် လူပိုကို တွေ့တော့ ပျောက်ဆုံးသွားပါတယ်။

လူပိုကိုယ်တိုင်လည်း ပျိုမေကို မြင်တော့ ဒေါသကြောင့် အံကိုတင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . ."

လူပိုရဲ့တောက်ခေါက်သံကြောင့် ပျိုမေကိုယ်တိုင်လည်း ဒေါသတကြီးနဲ့ တောက်ပြန်ခေါက်ကာ လာရာလမ်းအတိုင်း လှည့်ပြန်ထွက်သွားတော့သည်။

"ဟ. . . ဘာတွေဖြစ်ကြတာလဲ"

"ထားလိုက်ပါဗျာ"

အေးမိစံကတော့ ပျိုမေ. . လို့ လှမ်းခေါ်ပြီး ပျိုမေနောက်ကို ပြန်လိုက်သွားပါသည်။ ကို A မောင်ကြီးက ခေါင်းတခါခါနဲ့. . .

"ထားလို့မရဘူး. . . ငါပြောစမ်းကြပါဦးဟ၊ သြော်. . . ဒါနဲ့ မင်းတို့ကို တစ်လက်စတည်း မိတ်ဆက်ပေးရမယ်"

"သူက ဒေါက်တာသက်မွန်မြတ်တဲ့၊ ဟဲ. . ဟဲ. . ငါရဲ့ပူပူနွေးနွေးရည်းစား။ ဟိ. . ဟိ. . ဆေးရုံဖူးစာပေါ့ကွ"

"ဟာ. . . ကိုမောင်ကလဲ"

"ဗုဒ္ဓေါ"

"ဘယ်လို"

ကျွန်တော်တို့သုံးယောက်စလုံး မျက်လုံးတွေပြူး ပါးစပ်တွေ အဟောင်းသား ဖြစ်သွားကြသည်။ ကို A မောင်ကြီးက မျက်နှာငယ်ငယ်နဲ့. .

"မင်းတို့ အပြစ်တင်လည်း ငါခံရမှာပေါ့ကွ"

ကို A မောင်ကြီးက သူ့ချစ်သူအသစ်စက်စက်လေးကို အနားမှာထိုင်ခိုင်းပြီး လက်လေး ဖွဖွကိုင်ရင်း သူတို့အကြောင်းကို ဆက်ပြောပြသည်။ ကို A မောင်ကြီး စကားဆုံးတော့ မသက်မွန်က. . .

"အဲဒီနေ့က သူနဲ့ ချိန်းထားတာက ဆယ်နာရီ၊ ဒါပေမယ့် ဆေးရုံမှာ ခွဲစိတ်ကုသမယ့် အရေးပေါ်ကေ့စ်က ရှိတယ်လေ၊ ခွဲစိတ်ပြီးစီးမှပဲ ထပ်တွေ့လိုက်မယ်လို့ စိတ်ကူးထားတာပေါ့"

ကို A မောင်ကြီးက သက်ပြင်းချရင်း. . .

"ငါလည်း မသက်မွန် ငါ့ကို လှည့်စားတယ်လို့ ထင်ပြီး မိုးရေထဲမှာ





ကြေကွဲတာပေါ့ကွာ၊ ရုပ်ရှင်တွေထဲမှာလည်း မင်းသားက မိုးရေထဲမှာ ကြေကွဲရင် အအေးမပတ်ပါဘူးကွာ"

ကို A မောင်ကြီးစကားကြောင့် မသက်မွန်က ဆွဲဆိတ်သည်။

"ကောင်းတော့ ကောင်းပါတယ်ကွာ၊ မသက်မွန်က သူ့ဆေးရုံကို ငါသတိလစ်ပြီး ရောက်လာတော့ သူ့အပြစ်မှန်း သူသိပြီး အပြေစောစော ပေးလိုက်တာ အမြတ်ပေါ့"

"မမြတ်ဘူး အစ်ကို၊ မှုံးတာက ကျွန်တော်"

အောင်ဒူတို့က သက်ပြင်းချသည်။

"ဒီကောင်က. . ."

ကျွမ်းပစ်က ပြောမယ်ကြံပြီးမှ မသက်မွန် ရှိနေတာကြောင့် စကားဆက်ဖို့ ခက်နေရသည်။ မသက်မွန်က ပြုံးပြီး. . .

"ရပါတယ်. . . ပြောပါ၊ ပျိုမေအကြောင်း ကိုမောင် ပြောပြထားပါတယ်"

ကျွမ်းပစ်က ဆက်ပြောပြသည်။

"ဒီကောင်ထင်တာက ပျိုမေ ပက်ပက်စက်စက် ပြောလိုက်လို့ အစ်ကိုကြီး ကြေကွဲပြီး မိုးရေထဲမှာ ရစ်နေတယ် ထင်တာ"

"ဟာ. . . ဒုက္ခပဲ"

အစ်ကိုကြီး အလန့်တကြား ပြောသည်။ ကျွမ်းပစ်က ဖြစ်ပျက်ခဲ့တာတွေ ဆက်ရှင်းပြသည်။

အားလုံးသိပြီးချိန်မှာတော့. . .

အရာရာဟာ ထုံးစံအတိုင်း လွဲချော်နေကျလား ပျိုမေရယ်၊ ငါ နင့်လောက် ပြတ်သားမှု မရှိခဲ့ဘူးနော်။

ဒါဟာ ငါ့ကံတရားလား။

ဒါဟာ ငါ့ကံကြမ္မာလား. . . ပြောပြပါဦး ပျိုမေ။

၅၂၅၅



www.burmeseclassic.com

www.burmeseclassic.com



"ငါတောင်းပန်ပါတယ် မိစံ၊ သူကျေနပ်တဲ့အထိ ဒူးထောက်တောင်းပန်ဆို တောင်းပန်ပါမယ်ဟာ"

ကျွန်တော်တို့ မိစံအိမ်ရောက်ရောက်ချင်း မိစံကို ခြံထဲ ခေါ်ကာ အကြောင်းစုံ ပြောပြတော့ မိစံက နှုတ်ခမ်းမဲ့ရင်း. . .

"လူတစ်ဖက်သားကို ပက်ပက်စက်စက် ပြောပြီးမှ တောင်းပန်လိုက်ရင် ကျေအေးရောလား လူပို၊ ဒါဆို နင့်ကို ငါ ပက်ပက်စက်စက် ပြောမယ်"

"ပြောချင်သလို ပြောပါတော့ဟာ"

"ဟုတ်ပါတယ်ဟာ. . . ကူညီပေးလိုက်ပါ မိစံရယ်"

အောင်ဒူကလည်း ဝိုင်းပြောပေမယ့် မိစံက လုံးလုံး လက်မခံနိုင်ပုံရှိသည်။

"တော်စမ်းပါဟာ. . . နင်တို့လည်း အလိုတူအလိုပါပဲ၊ ဘီယာသောက်ရဖို့အတွက် ကိုယ့်နှလုံးသားကိုတောင် ကိုယ်လဲရဲတဲ့ကောင်တွေ၊ နင်နဲ့ပျိုမေနဲ့လည်း မတန်ပါဘူး လူပို"

"ပြောချင်သလိုသာ ပြောတော့ဟာ"





သူ့ရဲ့စိတ်ပျက်ပျက်အသံကြောင့် မိစံက ခနိုးခနဲ့ ရယ်သည်။

"နင် ကိုယ်ချင်းစာပြီလား လူပို၊ အေး. . . နင့်လိုပဲ ပျိုမေလည်း အဲလိုခံစားခဲ့ရတယ်ဆိုတာ ကိုယ်ချင်းစာပြီလား"

ကျွန်တော် သက်ပြင်းချမိသည်။ ကျွန်တော့်ရင်ထဲက စွဲလမ်းခြင်းရတနာလေးက ကျွန်တော့်ကို အမုန်းကြီးမုန်းနေပြီတဲ့လား။

"တကယ်တော့ မိန်းမတစ်ယောက်က ချစ်တတ်လာပြီဆိုရင် ယောက်ျားတစ်ယောက်ထက်တောင် ပိုသတ္တိရှိတယ် လူပို"

ဆရာကြီးစတိုင်နဲ့ ပြောနေတဲ့ မိစံကို အောင်ဒူ ကြည့်ရင်း အမြင်ကတ်လို့လာရသည်။ စိတ်ထဲတလည်း "သောက်ပို" လို့ မဲ့ရွဲ့တာ ပြောမိသည်။

"အချစ်ဆိုတာ ရေတံခွန်လိုပဲဆိုတာ နင်တို့ ဘယ်လို သဘောပေါက်မလဲ"

ကျွမ်းပစ် နားကြားပြင်းကတ်တာတော့ အမှန်ပဲ။ လူပိုကိစ္စသာ မရှိဘူးဆိုရင် မိစံကို နပန်ကျင်းပြစ်မှာ အမှန်ပင်။

"ရေတံခွန်ဆိုတာ သူ့ရင်ထဲမှာ ရှိနေသလောက်တော့ အန်ပြမှာပဲလေ"

"တော်တော်နံတာပဲ" လို့ အောင်ဒူက ကပ်ပြောတော့ လူပို ကြားသွားမှာစိုးတာကြောင့် ဒီကောင်ကို မသိမသာ ကန်ထည့်လိုက်သည်။

မိစံကတော့ ဆရာကြီးစတိုင်နဲ့ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နဲ့ အာချောင်လို့ကောင်းတုန်းပါပဲ။

"အခု ပျိုမေဖြစ်တဲ့ ရင်ထဲက ကိစ္စက ဘာလဲ"

ရုတ်တရက်ကြီး လှည့်မေးတော့ အောင်ဒူနဲ့ကျွမ်းပစ်က ပြိုင်တူ သံယောင်လိုက်၏။

"ဘာလဲ"

"ဘာလဲ"

မိစံ တဟင်းဟင်းနဲ့ ရယ်နေပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မြတ်မယ်ထင်လို့ ကန်ထရိုက်ဆွဲပြီးမှ အရှုံးပေါ်တာလေ"

"မိစံ"

ကျွန်တော် မိစံကို လှမ်းခေါ်တော့ မိစံက လှည့်ကြည့်ရင်း. . .

"နင်က ဘာမေးချင်တာလဲ"

"နင် ပါးစပ်ပိတ်ပြီး ငါ့ကိစ္စကို ကူညီမှာလား မကူညီဘူးလား ပြော"

မိစံက မျက်လုံးပြူးပြီးကြည့်သည်။ ကျွန်တော် တကယ်စိတ်မရှည်တော့။

"ဟဲ့. . . ပြောလေ"

"ဟဲ့. . . နင်ပဲ ပါးစပ်ပိတ်ထားဆို"

"ဟာ. . . ခေါင်းညိတ် ခေါင်းခါလို့ရတယ်"

မိစံက ခေါင်းကို တဆတ်ဆတ် ညိတ်ပြပါသည်။

၅ ၅ ၅ ၅

"ငါတောင်းပန်ပါတယ်ဟာ. . . နော် ပျိုမေ"

သင်တန်းသွားရာလမ်းမှာ ပျိုမေက ကျွန်တော် ဘယ်လောက်တောင်းပန်တောင်းပန် စကားလည်း မပြော၊ လုံးဝကို လှည့်ကိုမကြည့်၊ မိစံတို့ကတော့ ရှေ့ကနေ သုတ်ခြေတင်ပါသည်။

"ငါ နင့်ကို တကယ်ချစ်တာဟ၊ ဒါပေမယ့် ကို A မောင်ကြီးက





အရင်ပြောပြီးသားဆိုတော့ ငါ ဘယ်လိုပြောလို့ရမလဲ"

ကျွန်တော့်စကားကြောင့် ပျိုမေ မျက်စောင်းထိုးကြည့်သည်။ မိစံက ပြောသည်။ နင့်ကို စိတ်နာဖို့ ပျိုမေ့နှလုံးသားမှာ နေရာမရှိဘူးတဲ့။ နင်စဉ်းစားကြည့်လေတဲ့၊ သူ့အချစ်ကို ဘီယာခွက်တွေနဲ့ လဲတာတောင် နင့်ပျိုမေက စိတ်နာတတ်လို့လားတဲ့၊ အချစ်ကို အားတိုးပြီး သူအရှုံးမိပါသည်။

"တောင်းပန်တာကို လက်ခံပါဟာ၊ မချစ်ဘူးဆိုရင် ပြီးပြီ ချစ်တယ်ဆိုရင် အခုလိုပဲ ရှုတည်တည်ကြီးနေ"

"နင်နော်. . ."

စိတ်ဆိုးသံလေး ထွက်လာတော့ အခြေအနေ စတောင်းပြီလို့ သူ ခံယူလိုက်သည်။

"နင် အခုလို ရှုတည်တည်ကြီး နေတာ ငါ့ကို ချစ်လို့ပေါ့"

"လူပို. . . ငါဒေါသထွက်နေတာနော်"

ဘောက်ဆတ်ဆတ် ဒေါသသံနဲ့ ပြောလာတာကြောင့် သူ ဖျာဖျာသလဲ သူမကို ဝေ့ဝဲကြည့်ရင်း. . .

"နင်ဒေါသထွက်နေတယ် ဟုတ်လား. . . ဘယ်နားမှာလဲ"

"တောက်"

သူမ တောက်ခေါက်တော့. . .

"ပျိုမေတို့များ ဒေါသထွက်တာတောင် လှအောင်ထွက်တတ်တယ်၊ ဒါပေမယ့် ခံစားမှုနဲ့ရသအရ ဒေါသဆိုတာ ရုပ်ဆိုးပြီးထွက်တဲ့ ဒေါသကမှ ပို့အနုပညာမြောက်တာ၊ ဒေါသကို အစိတ်စိတ်အမြွှာမြွှာ ခွဲခြားကြည့်ကြည့် (၁)လူဒေါသ (၂)မျောက်ဒေါသ"

"ကဲဟယ်"

ပြောမရတဲ့အဆုံး သူမ ထီးနဲ့ လူပိုခေါင်းကို ခေါက်ထည့်လိုက်သည်။

"အား. . . နာလိုက်တာဟာ. . . ဟော"

www.burmeseclassic.com



ပြောရင်းဆိုရင်း မိုးစက်တွေ ကျလာသည်။ သူမ ဒေါသမထွက်အားတော့။ ထီးရိုးကို အတင်းဆွဲထုတ်နေပါပြီ။ ထုံးစံအတိုင်း ထီးရိုးကလည်း ရေခဲတောင် အတွင်းအားနဲ့ တင်းခံလို့နေသည်။


"ကဲ. . . ဟိုဘက်ကဆွဲ"

ထုံးစံအတိုင်း တစ်ယောက်တစ်ဖက် ဆွဲသည်။ နှစ်ယောက်သားအားကုန်။ ထုံးစံအတိုင်း ထီးရိုးပြုတ်ထွက်ပြီး မိုးရေထဲမှာ ဖင်ထိုင်ရက်လဲကျပြန်ပါသည်။

သူမက သဘောကျစွာ ရယ်သည်။ ပတ်ဝန်းကျင်ကလည်း ရယ်သည်။ ကျွန်တော်လည်း ရယ်သည်။

ရင်ခုန်သံတွေကော. . .

သူတို့ကတော့ ပုံမှန်ထက် ပိုတိုးပြီး အလုပ်လုပ်နေရပြီ ထင်ပါသည်။



ပြီးပါပြီ
ရွှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR



www.burmeseclassic.com